LA PYI WUN Gold Mining Company Ltd.
No.(139/1), Thanthumar Road, Thuwunna, 11072, Yangon, Myanmar.
☎: (951) 570 890 Fax : (951) 572 588

Email - lpwgoldmining@gmail.com

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန် – နန်းကြိန်ဒေသ၊ လုပ်ကွက်အမှတ် (၃) တွင် ခဲနှင့်ရောစပ်သတ္တု ထုတ်လုပ်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း

(INITIAL ENVIRONMENTAL EXAMINATION - IEE) အစီရင်ခံစာ



အေးမောင်
(ဘူမိဗေဒပညာရှင်)
Kalaw Citizen Mineral Exploration and Mining Co., Ltd
Certificate For Transitional Consultant
Registration No. 0022 (1.7.2017)
Ph. 09 - 254758230, 09 - 428325418
E-mail ; ayemaung.geol.klw@gmail.com

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၂) ရက်

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်

LA PYI WUN GOLD MINING COMPANY LIMITED

No.(139/1), Thanthumar Road, Thuwunna, 11072, Yangon, Myanmar.

Phone : (951) 570 890 Fax : (951) 572 588

Email - lpwgoldmining@gmail.com

ကချင်ပြည်နယ်၊ ဓာတ်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန် – နန်းကြိန်ဒေသ၊ လုပ်ကွက်အမှတ် (၃) တွင် ခဲနှင့်ရောစပ်သတ္တု ထုတ်လုပ်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း

(INITIAL ENVIRONMENTAL EXAMINATION - IEE) အစီရင်ခံစာ

အေးမောင်

(ဘူမိဗေဒပညာရှင်)

Kalaw Citizen Mineral Exploration and Mining Co., Ltd

Certificate For Transitional Consultant

Registration No. 0022 (1.7.2017)

Ph. 09 - 254758230, 09 - 428325418

E-mail ; ayemaung.geol.klw@gmail.com

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၂) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အကျဉ်းချုပ်အစီရင်ခံစာ	၁-၁၈
၂။	**နိဒါန်း**	၁၉
၃။	**ကတိကဝတ်များ**	၂၂
	၃.၁။ စီမံကိန်းပိုင်ရှင်၏ ကတိကဝတ်	၂၂
	၃.၂။ စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့်ကတိကဝတ်များ	၂၃
	၃.၃။ တတိယအဖွဲ့အစည်း၏ ကတိကဝတ်	၂၅
၄။	**မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ**	၂၆
	၄.၁။ ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာ မူဝါဒများ	၂၆
	၄.၂။ လိုက်နာသွားမည့်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ	၂၇
	၄.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ	၂၉
၅။	**စီမံကိန်းအကြောင်းအရာဖော်ပြချက်များ**	၃၅
	၅.၁။ စီမံကိန်းတည်နေရာ	၃၅
	၅.၂။ စီမံကိန်းအရွယ်အစား	၃၅
	၅.၃။ လမ်းပန်းဆက်သွယ်ရေး	၃၅
	၅.၄။ စီမံကိန်းကာလ	၃၆
	၅.၅။ စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းအဆင့်များ	၃၆
	၅.၆။ ခဲသတ္တုတူးဖော်ထုတ်လုပ်သန့်စင်ပုံအဆင့်ဆင့်ပြဇယား	၃၈
	၅.၇။ သတ္တုသိုက်ဆိုင်ရာအချက်အလက်များ	၃၉
	၅.၈။ စီမံကိန်းတွင်ဆောက်လုပ်မည့်အဆောက်အဦးများ	၃၉
	၅.၉။ ဝန်ထမ်းအင်အား	၄၀
	ဝန်ထမ်းဖွဲ့စည်းပုံဇယား	၄၀
	၅.၁၀။ စက်ယန္တယားအင်အား	၄၁
	၅.၁၁။ တစ်ရက်အလုပ်လုပ်ချိန်	၄၁
	၅.၁၂။ တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်	၄၂
	၅.၁၃။ လောင်စာဆီလိုအပ်ချက်	၄၂
	၅.၁၄။ ကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှု	၄၄
	၅.၁၅။ သတ္တုသိုက်၏ ခန့်မှန်းပမာဏ	၄၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၅.၁၆။ တစ်နှစ်လျှင်မျော်မှန်းထွက်ရှိမှု	၄၄
	၅.၁၇။ မြေအောက်ရေအခြေအနေ	၄၄
	၅.၁၈။ ယမ်းအသုံးပြုမှု	၄၄
	၅.၁၉။ စွန့်ပစ်မြေစာ၊ ကျောက်စာများအား စုပုံထားရှိမည့်အခြေအနေ	၄၅
	၅.၂၀။ စွန့်ပစ်ပစ္စည်းထွက်ရှိမှု	၄၅
	၅.၂၁။ မြေပုံနှင့်ကားချပ်များ	၄၇
	ပုံ (၁) လုပ်ကွက်ဒေသကြီး၏ ကောင်းကင်ခါတ်ပုံ	၄၈
	ပုံ (၂) လုပ်ကွက်၏ တည်နေရာပြကောင်းကင်ခါတ်ပုံ	၄၉
	ပုံ (၃) လုပ်ကွက်၏ တည်နေရာပြမြေပုံ	၅၀
	ပုံ (၃-က) သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုတည်နေရာပြမြေပုံ	၅၁
	ပုံ (၃-ခ) သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုတည်နေရာပြမြေပုံ	၅၂
	ပုံ (၄) လုပ်ကွက်၏ ကောင်းကင်ခါတ်ပုံ Layout Plan Map	၅၃
	ပုံ (၅) လုပ်ကွက်၏ Layout Plan Map (One Inch Map)	၅၄
	ပုံ (၆) လုပ်ကွက်၏ Layout Plan Map (Skeleton Map)	၅၅
	ပုံ (၇) ထိခိုက်မှုများအား ဆန်းစစ်လေ့လာမည့်နယ်နိမိတ်ပြမြေပုံ	၅၆
	ပုံ (၈) စီမံကိန်းကြောင့် ထိခိုက်မှုရှိလာနိုင်သည့်ဧရိယာပြမြေပုံ	၅၇
	ပုံ (၉) Underground Mine Design	၅၈
	ပုံ (၁၀) Adit, Drift and Crosscut	၅၉
	ပုံ (၁၁) Forepoling (Spiling)	၆၀
	ပုံ (၁၂) Use of Stulls	၆၀
	ပုံ (၁၃) Methods of Timbering	၆၂
	ပုံ (၁၄) Shaft Set for Vertical Shaft	၆၃
	ပုံ (၁၅) Dumping Site Design	၆၄
	ပုံ (၁၆) Retaining Wall Design	၆၅
	ပုံ (၁၇) လုပ်ငန်းခွင်မှထွက်ရှိသည့် စွန့်ပစ်ရေအား စွန့်ထုတ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယား	၆၆
၆။	**လက်ရှိပတ်ဝန်းကျင်အခြေအနေများ**	၆၇
	၆.၁။ Primary Data နှင့် Secondary Data များ	၆၇
	၆.၂။ နည်းစနစ်	၆၇

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၆.၃။ ဒေသ၏အုပ်ချုပ်ရေးယန္တယား	၆၇
	၆.၄။ ရွာပဆိုင်ရာဒေသန္တရအခြေအနေ	၆၇
	၆.၅။ ဒေသတွင်းရာသီဥတု	၆၉
	၆.၆။ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်	၆၉
	၆.၇။ လက်ရှိပတ်ဝန်းကျင်အခြေအနေများအားဆန်းစစ်လေ့လာခြင်း	၇၀
	၆.၇.၁။ ဆူညံသံနှင့်တုန်ခါမှု	၇၀
	၆.၇.၂။ ရေအရည်အသွေး	၇၂
	၆.၇.၃။ လေအရည်အသွေး	၇၄
	၆.၇.၄။ မြေထုအခြေအနေ	၇၅
	၆.၈။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာဖော်ပြချက်	၇၈
	၆.၈.၁။ စီမံကိန်းနှင့်အနီးဆုံးရှိလူမှုပတ်ဝန်းကျင်အခြေအနေ	၇၈
	၆.၈.၂။ ဒေသတွင်းလူနေထိုင်မှုအခြေအနေ	၇၉
	၆.၈.၃။ ဝင်ငွေနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ	၇၉
	၆.၈.၄။ သဘာဝရေအရင်းအမြစ်ရရှိမှု	၈၀
	၆.၈.၅။ ဒေသတွင်းပညာရေး	၈၀
	၆.၈.၆။ ဒေသတွင်းကျန်းမာရေး	၈၀
	၆.၈.၇။ လူဦးရေတိုးပွားနှုန်း	၈၁
	၆.၈.၈။ ဂေဟစနစ်	၈၁
	၆.၈.၉။ ဇီဝမျိုးစိတ်များအခြေအနေနှင့် ပျက်သုဉ်းမှု	၈၁
	၆.၉။ အထွေထွေအချက်အလက်များ	၈၃
၇။	**ထိခိုက်မှုကိုဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများ**	၈၄
	၇.၁။ အကြိုတည်ဆောက်ရေးကာလထိခိုက်မှုများအားဆန်းစစ်ခြင်း	၈၄
	၇.၁.၁။ ဆူညံသံ	၈၄
	၇.၁.၂။ ရေအရည်အသွေး	၈၄
	၇.၁.၃။ လေအရည်အသွေး	၈၅
	၇.၁.၄။ မြေထုအခြေအနေ	၈၅
	၇.၁.၅။ စွန့်ပစ်ပစ္စည်း	၈၅
	၇.၁.၆။ လူမှုဝန်းကျင်ထိခိုက်မှု	၈၅
	၇.၁.၇။ ဂေဟစနစ်	၈၅

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၇.၁.၈။ လူမှုဝန်းကျင်ထိခိုက်မှု	၈၅
	၇.၁.၉။ ကျန်းမာရေးထိခိုက်မှု	၈၆
	၇.၁.၁၀။ ဇီဝမျိုးစုံမျိုးကွဲထိခိုက်မှု	၈၆
	၇.၁.၁၁။ အကြိုတည်ဆောက်ရေးကာလတွင် ဖြစ်ပေါ်လာနိုင်သည့် Impact များအား အဆင့်အတန်းပမာဏသတ်မှတ်ခြင်း	၈၆
	၇.၂။ တည်ဆောက်ရေးကာလတွင်ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုများအား ဆန်းစစ်ခြင်း	၈၇
	၇.၃။ လုပ်ငန်းလည်ပတ်တူးဖော်ထုတ်လုပ်ခြင်းကာလ ထိခိုက်မှုများကို ဆန်းစစ်ခြင်း	၈၈
	၇.၄။ ခဲသတ္တုတူးဖော်မှုကြောင့် ထိခိုက်မှုများသက်ရောက်နိုင်မှု	၈၉
	၇.၅။ စီမံကိန်းဆောင်ရွက်မှုကြောင့် ဒေသအပေါ်သက်ရောက်မှုများနှင့် ထိခိုက်မှုများကို လျှော့ချမည့်နည်းလမ်းများ	၈၉
	၇.၆။ ထိခိုက်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ	၉၁
	၇.၆.၁။ ဆူညံသံနှင့်တုန်ခါမှု	၉၁
	၇.၆.၂။ ရေအရည်အသွေး	၉၃
	၇.၆.၃။ လေအရည်အသွေး	၉၅
	၇.၆.၄။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	၉၇
	၇.၆.၅။ မြေထုညစ်ညမ်းမှု	၁၀၀
	၇.၆.၆။ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်း	၁၀၂
	၇.၆.၇။ ဓါတုပစ္စည်း	၁၀၄
	၇.၆.၈။ ဂေဟစနစ်	၁၀၆
	၇.၆.၉။ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေနှင့်ထိခိုက်မှု	၁၀၇
	၇.၆.၁၀။ လူမှုဝန်းကျင်အပေါ်ထိခိုက်မှု	၁၀၈
	၇.၆.၁၁။ ခဲသတ္တုသန့်စင်ခြင်းလုပ်ငန်းမှ သက်ရောက်မှုများကို ဆန်းစစ်ခြင်း	၁၁၁
၈။	**အများပြည်သူနှင့်တွေ့ဆုံဆွေးနွေးခြင်း**	၁၁၃
	၈.၁။ ဒါဘန်/ဒါလန်ကျေးရွာ ဒေသခံများ၏ ဆွေးနွေးမှုရလဒ်များ	၁၁၅
	ဒေသခံ (၂၀) ဦး၏ လက်မှတ်များ	၁၁၈
	၈.၂။ အများပြည်သူသို့ သတင်းအချက်အလက်များ ဖော်ပြမှု အစီအစဉ်များ	၁၁၉

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၈.၃။ လူမှုပတ်ဝန်းကျင်လူသားအကျိုးပြုမူဆောင်ရွက်ချက်	၁၁၉
	လူမှုကူညီရေး (CSR) လုပ်ငန်းများနှင့် ရန်ပုံငွေလျာထားချက်	၁၂၂
၉။	**မိုင်းပိတ်သိမ်းခြင်းအစီအစဉ်**	၁၂၃
	၉.၁။ မိုင်းပိတ်သိမ်းချိန်ဆောင်ရွက်မည့်အစီအစဉ်များ	၁၂၃
	၉.၂။ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်	၁၂၅
	မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မည့်စီမံချက်ဇယား	၁၂၆
	Mine Closure Plan လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေခွဲဝေလျာထားချက်	၁၂၈
၁၀။	**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်**	၁၂၉
	၁၀.၁။ အကြိုတည်ဆောက်ခြင်းနှင့်တည်ဆောက်ခြင်းကာလ	၁၂၉
	၁၀.၂။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း	၁၃၀
	၁၀.၃။ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့်ပိတ်သိမ်းခြင်း	၁၃၁
	၁၀.၃.၁။ အပေါ်ယံမြေဆီလွှာများစုပုံထားရှိမည့်အခြေအနေ	၁၃၃
	၁၀.၃.၂။ စွန့်ပစ်မြေစာများ စုပုံထားရှိမည့်အခြေအနေ	၁၃၃
	၁၀.၃.၃။ သတ္တုတွင်းစိမ့်ထွက်ရေများ	၁၃၃
	၁၀.၃.၄။ လိုဏ်ဂူများ မြေပြန်လည်ဖို့မည့်အစီအစဉ်	၁၃၄
	၁၀.၃.၅။ အနည်ထိုင်ကန်များ မြေပြန်ဖို့မည့်အစီအစဉ်	၁၃၄
	၁၀.၃.၆။ ရေနှင့်မြေဆီလွှာအရည်အသွေးစစ်ဆေးခြင်း	၁၃၄
	၁၀.၃.၇။ မြေပေါ်ရေ (ချောင်းရေ) အား ထိခိုက်မှုမရှိစေရန် ဆောင်ရွက်မည့်အစီအစဉ်များ	၁၃၄
	၁၀.၃.၈။ အက်ဆစ်ရေများဖြစ်သွားပါက ကာကွယ်တားဆီးမည့် အစီအစဉ်	၁၃၅
	၁၀.၃.၉။ အဆောက်အဦးများနှင့်စက်ပစ္စည်းများဖယ်ရှားမည့် အစီအစဉ်	၁၃၅
	၁၀.၃.၁၀။ ဒေသခံအလုပ်သမားများ ပြောင်းရွှေ့ခန့်ထားရေး	၁၃၆
	၁၀.၃.၁၁။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း	၁၃၆
	၁၀.၄။ စီမံခန့်ခွဲမှုအစီအစဉ်ခွဲများတင်ပြခြင်း	၁၃၇
	၁။ လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၃၇
	၂။ ဆူညံသံတုန်ခါမှုစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၄၁

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၃။ ရေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၄၅
	၄။ မြေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ	၁၅၀
	၁၀.၅။ လုပ်ငန်းဆိုင်ရာ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး	၁၅၃
	၁၀.၆။ အလုပ်အကိုင်လေ့ကျင့်သင်ကြားပေးမှုနှင့် အရေးပေါ်တုန့်ပြန်မှုများ	၁၅၃
	၁၀.၇။ မြေအောက်မိုင်းလုပ်သားများ အလုပ်လုပ်ကိုင်စဉ် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရမည့်စည်းကမ်းများ	၁၅၄
	၁၀.၈။ မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်	၁၅၅
	၁၀.၉။ မြေအောက်လေပြတ်တောက်ခြင်း	၁၅၇
	၁၀.၁၀။ အရေးပေါ်ထိခိုက်မှုများ ဆောင်ရွက်ပေးရေးအစီအစဉ်	၁၅၇
	၁၀.၁၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေလျာထားချက်	၁၆၀
	ပတ်ဝန်းကျင်ထိန်းသိမ်းမှုလျှော့ချမည့် လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေလျာထားချက်	၁၆၁
၁၁။	**စောင့်ကြပ်ကြည့်ရှုမည့်အသေးစိပ်အစီအစဉ်များ**	၁၆၂
	၁၁.၁။ စောင့်ကြပ်ကြည့်ရှုခြင်းအဖွဲ့ဖွဲ့စည်းခြင်း	၁၆၂
	၁၁.၂။ စောင့်ကြပ်ကြည့်ရှုမည့် ရန်ပုံငွေလျာထားချက်	၁၆၂
	၁၁.၃။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်	၁၆၂
	၁၁.၃.၁။ ရေအရင်းအမြစ်သုံးစွဲမှု	၁၆၃
	၁၁.၃.၂။ ဆူညံသံ	၁၆၄
	၁၁.၃.၃။ စွန့်ပစ်ရေစောင့်ကြည့်မည့်အစီအစဉ်	၁၆၅
	၁၁.၃.၄။ လေထုအရည်အသွေး	၁၆၆
	၁၁.၃.၅။ မြေထုအရည်အသွေး	၁၆၇
	၁၁.၃.၆။ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများစွန့်ပစ်မှု	၁၆၈
	၁၁.၃.၇။ ဂေဟစနစ်	၁၆၉
	၁၁.၃.၈။ လူမှုပတ်ဝန်းကျင်အခြေအနေ	၁၇၀
	Monitoring ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေလျာထားချက်	၁၇၂

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	**နိဂုံးနှင့် အကြံပြုချက်များ**	၁၇၃
	အထွေထွေ	၁၇၅
၁၃။	**ကျမ်းကိုးစာရင်း**	
၁၄။	**နောက်ဆက်တွဲများ**	
	နောက်ဆက်တွဲ (က)	
	- ခွင့်ပြုမိန့်များ	
	- စာချုပ်များ	
	နောက်ဆက်တွဲ (ခ)	
	- ကုမ္ပဏီအထောက်အထားများ	
	- ထောက်ခံချက်များ	
	နောက်ဆက်တွဲ (ဂ)	
	- ဆူညံသံတိုင်းတာမှုမှတ်တမ်း	
	- လေအရည်အသွေးဓါတ်ခွဲအဖြေများ	
	- ရေဓါတ်ခွဲအဖြေများ	
	- မြေထုဓါတ်ခွဲအဖြေ	
	နောက်ဆက်တွဲ (ဃ)	
	- IEE ရေးသားသည့် Third Party ၏ ကုမ္ပဏီဆိုင်ရာအထောက်အထားများ	
	နောက်ဆက်တွဲ (င)	
	- မှတ်တမ်းဓါတ်ပုံများ	

List of Abbereviation & Unit Expression

EMP = Environmental Management Plan

IEE = Initial Environmental Examination

EIA = Environmental Impact Assessment

SIA = Social Impact Assessment

HIA = Health Impact Assessment

CSR = Cooperate Social Responsible

dBA = (Equivalent continuous sound Level in decibles)
Decible Unit

CO = Carbon Monoxide

CO_2 = Carbon Dioxide

NO = Nitrogen Oxide

NO_2 = Nitrogen Dioxide

SO_2 = Sulphur Dioxide

PM_{10} = Particulate matter 10 micrometers or less in diameter

$PM_{2.5}$ = Particulate matter 2.5 micrometers or less in diameter

RH% = Relative Humidity Percent

SiO_2 = Silicon Dioxide

Fe_2O_3 = Iron Oxide

Al_2O_3 = Alluminium Oxide

Pb = Lead

Zn = Zinc

Cu = Copper

pH = (Chemistry) အရည်နှင့် ဖြပ်ဝတ္ထုများရှိ အက်ဆစ် (သို့) အယ်လ်ကာလီပါဝင်မှု
ကို ဖော်ပြသည့် အတိုင်းအတာအမှတ်။ အရည်၏ ချဉ်ဖန်ခါတ်။

As = Arsenic

Hg = Mercury

CN = Cyanide

MnO_2 = Manganese Dioxide

CaF_2 = Fluoride

mg/l = Miligram Per Liter

ug/m^3 = Microgram Per Meter Cube

ppm = Parts Per Million

ppb = Parts Per Billion

အကျဉ်းချုပ်အစီရင်ခံစာ

နိဒါန်း

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် (၄၉.၅) ဧကကျယ်ဝန်းသော ခဲနှင့်ရောရာသတ္တု လုပ်ကွက်အမှတ် (၃) အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနထံသို့ စမ်းသပ်တိုင်းတာရန် တင်ပြလျှောက်ထားခဲ့ရာ ဝန်ကြီးဌာနမှ (၇.၁၁.၂၀၁၅) နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် ၂၀၀၃/၂၀၁၅ ဖြင့် ခွင့်ပြုမိန့် ချပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ဘူမိဗေဒ ပညာရှင် ဦးကျော်လွင်ဦး အဖွဲ့မှ ကွင်းဆင်းစမ်းသပ်တိုင်းတာခဲ့ပါသည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ဘူမိဗေဒပညာရှင် ဦးစန်းရွှင်မှ အသေးစိပ်စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းအစီရင်ခံစာ ရေးသားခဲ့ပြီး အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် သတ္တုတွင်းအင်ဂျင်နီယာ ဦးဇော်ဦးမှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) အား ရေး ဆွဲခဲ့ပါသည်။ ၂၀၂၀ ခုနှစ် ဇွန်လတွင် ဒါဘန်-နန်းကြိန် ခဲလုပ်ကွက် (၃) အတွက် ကနဦးပတ်ဝန်းကျင်လေ့လာခြင်းအစီရင်ခံစာ (Initial Environmental Examination – IEE) အား Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining Company ဖြင့် ရေးဆွဲခွင့်တောင်းခံခဲ့ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ခွင့်ပြုကြောင်း၊ ကန့်ကွက်ရန် မရှိကြောင်းကို အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ တဆင့် (၂၈.၁၀.၂၀၂၀) နေ့စွဲပါ စာအမှတ် ၁၀၃၀၅/၁၄၂/လပြည့်ဝန်း/စီမံကိန်း(၁၆)/၂၀၂၀ ဖြင့် အကြောင်း ပြန်ကြားခဲ့ပါသည်။

စီမံကိန်းအား အကောင်အထည်ဖော်မည့်ပုဂ္ဂိုလ်မှာ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ဖြစ်ပြီး အမှတ် (၁၃၉/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ (၁၁၀၇၂)၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားရှိပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ ၉၅၁ -၅၇၀၈၉၀၊ ၀၉ - ၄၅၀၀၆၀၁၃၈ နှင့် Fax (၉၅၁) - ၅၇၂၅၈၈ တို့ဖြစ်ပါသည်။ အုပ်ချုပ်မှုဒါရိုက်တာမှာ RAY DAM TANG (1/MAKANA (N) 036870) ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များမှာ MANG JA TANG DEE (1/KHABADA(N) 006991), KHIN THU MAUNG (1/MAKANA(N) 064820), SOE KYI (5/TAHSANA(N) 079889), LWIN LWIN KYAW (12/MAYAKA(N) 070606), RAKWI PUNG (1/MAKANA(N) 014878) တို့ဖြစ်ကြပါသည်။ စီမံကိန်းတာဝန်ခံမှာ ဦးဆန်ဒေါင်းဂျူ ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉ - ၄၅၀၀၆၀၁၃၈ နှင့် E-mail မှာ lpwgoldmining@gmail.com ဖြစ်ပါသည်။

အစီရင်ခံစာအား ရေးသားပြုစုသည့် Third Party မှာ Kalaw Citizen Mineral Exploration and Mining Company Limited ဖြစ်ပြီး မန်နေးဂျင်းဒါရိုက်တာမှာ အကြီးတန်းဘူမိဗေဒပညာရှင် ဦးအေးမောင် ဖြစ်ပါသည်။ Third Party ၏ ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်အမှတ်မှာ ၀၀၂၂/၂၀၁၇ ဖြစ်ပြီး ပုံမှန်သက်တမ်းတိုးထားပြီး ယခုအခါ ဆဋ္ဌမသက်တမ်းတိုးကို တင်ပြထားပါသည်။

ကတိကဝတ်များ

စီမံကိန်းအဆိုပြုသူမှ အောက်ပါကတိကဝတ်များကို ဝန်ခံကတိပြု၍ လက်မှတ်ရေးထိုးထားပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၃၅) အရ -

- ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည် တိကျခိုင်မာမှုရှိကြောင်းနှင့် ပြည့်စုံမှုရှိကြောင်း၊
- လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာလိုက်နာဆောင်ရွက်ထားပါကြောင်း၊
- အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝ အစဉ်အမြဲ လိုက်နာမည်ဖြစ်ကြောင်း

စီမံကိန်းအဆိုပြုသူမှ လက်မှတ်ရေးထိုး ဝန်ခံကတိပြုထားပါသည်။ ထို့အပြင် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များကိုလည်း ဖော်ပြပြီး လက်မှတ်ရေးထိုးထားပါသည်။

IEE အစီရင်ခံစာအား တာဝန်ခံရေးသားပြုစုသူ Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining Company မှ မန်နေးဂျင်းဒါရိုက်တာ ဦးအေးမောင်မှလည်း ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာတွင် ဖော်ပြထားသည့် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်များနှင့် ရန်ပုံငွေလျာထား ဆောင်ရွက်နေသည့် အချက်အလက်များသည် ပြည့်စုံမှန်ကန်မှု ရှိပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတွင်း ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း လက်မှတ်ရေးထိုး ဝန်ခံကတိပြုထားပါသည်။

မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

ကုမ္ပဏီမှ လိုက်နာဆောင်ရွက်သွားမည့် မူဝါဒ၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်၊ ကတိကဝတ်များနှင့် စံချိန်စံညွှန်းများကို ဖော်ပြထားပါသည်။ ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုင်ရာ မူဝါဒများ၊ လူမှုရေးဆိုင်ရာမူဝါဒများ၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများ၊ EMP ဆိုင်ရာ မူဝါဒများ၊ IEE ဆိုင်ရာ မူဝါဒများနှင့် ဥပဒေဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များကို ဖော်ပြထားပြီး လိုက်နာသွားမည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ (၃၃) ခုအား ဖော်ပြထားပါသည်။ ထို့အပြင် ခဲသတ္တု တူးဖော်ရာတွင် လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံ ပတ်ဝန်းကျင်အရည်အသွေး (ထုတ်လွှတ်မှု) ဆိုင်ရာ စံချိန်စံညွှန်းများကိုလည်း ဖော်ပြထားပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ အပိုဒ် (၁.၁) ထုတ်လွှတ်အခိုးအငွေ့ (Air Emmisions) ၊ National Drinking Water Quality Standards.2014 MOH Myanmar၊ အပိုဒ် (၁.၂) စွန့်ပစ်ရေ၊ အပိုဒ် (၁.၃) ဆူညံသံ (Noise)၊ အပိုဒ် (၂.၇.၂) သတ္တုရိုင်းနှင့်တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Ore and Mineral Extraction) စသည်တို့ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတကာကွန်ဗန်းရှင်းများနှင့် သဘောတူစာချုပ်များ၊ နိုင်ငံတကာမူဝါဒများ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများကိုလည်း လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

စီမံကိန်းအကြောင်းအရာဖော်ပြချက်

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခဲနှင့်ရောရာသတ္တုတူးဖော်ထုတ်လုပ်မည့် စီမံကိန်း ဆောင်ရွက်မည့် လုပ်ကွက်(၃)သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် တည်ရှိပြီး တစ်လက်မတစ်မိုင် စကေး မြန်မာပြည်မြေပုံညွှန်းအမှတ် 92-I/7 အတွင်းတွင် တည်ရှိပါသည်။ လုပ်ကွက် (၃)၏ ထောင့်စွန်းမြေပုံညွှန်းများမှာ -

A. 92-I/11 (301934) (Latitude 27° 20' 40.74" N, Longitude 98° 36' 38.373" E)

B. 92-I/11 (306934) (Latitude 27° 20' 39.712" N, Longitude 98° 36' 54.666" E)

C. 92-I/11 (306939) (Latitude 27° 20' 54.309" N, Longitude 98° 36' 55.488" E)

D. 92-I/11 (301939) (Latitude 27° 20' 55.285" N, Longitude 98° 36' 39.196" E) တို့ဖြစ်ကြပါသည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှ ပူတာအိုမြို့သို့ လေယာဉ်ဖြင့် လည်းကောင်း၊ မော်တော်ကားဖြင့်လည်းကောင်း သွားရောက်နိုင်ပါသည်။ ပူတာအိုမှ မငွေဇ သို့ (၆၅) မိုင်၊ မငွေဇမှ ခေါင်လန်ဖူးသို့ (၆၅)မိုင် (၄) ဖာလုံ၊ စုစုပေါင်း (၁၃၅) မိုင် (၄) ဖာလုံ ခရီးစဉ်အား ယခုအခါ 4 Wheel ကားများဖြင့် သွားရောက်နိုင်ပြီ ဖြစ်ပါသည်။ ခေါင်လန်ဖူးမှ လုပ်ကွက်ရှိရာသို့ ခေါင်လန်ဖူး-ရှိန်းခေါင်

လမ်းအတိုင်း (၃၅) မိုင်ခန့်အား မော်တော်ဆိုင်ကယ် ဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း ဝင်ရောက်နိုင်ပါသည်။

ဒုတိယတစ်နည်းမှာ မြစ်ကြီးနားမှ ကန်ပိုက်တည်ကိုဖြတ်၍ ဖီမော်အထိ မိုင် (၂၀၀) ခန့်၊ ထိုမှ ဖီမော်-လုခူး-ဟိုကုန်း လမ်းအတိုင်း မိုင် (၁၈၀) ခန့်၊ ဟိုကုန်း နယ်ခြားအမှတ် (၁) ရှိန်းခေါင်လမ်း (၄၅) မိုင်ခန့်၊ ရှိန်းခေါင် - မလိဝန် မြေသားလမ်း (၂၁) မိုင်ခန့်၊ မလိဝန် - အရိလိန် - ဒါဘန် မြေသားလမ်း (၅) မိုင်ခန့်အား ပွင့်လင်းရာသီတွင် ကားဖြင့် ဝင်ရောက်နိုင် ပါသည်။

စီမံကိန်းအရွယ်အစားမှာ (၄၉.၅) ဧက၊ (၀.၂၀၀၃) စတုရန်းကီလိုမီတာ ဖြစ်ပါသည်။ စီမံကိန်း ကာလမှာ (၁၅) နှစ်ခန့် ဖြစ်ပါသည်။ စီမံကိန်းတွင် အသုံးပြုမည့် စက်ပစ္စည်းများမှာ ၂၅ ကောင် အင်ဂျင် ၁ လုံး၊ ၁၅ ကောင် အင်ဂျင် ၁ လုံး၊ အဲယား ကွန်ပရက်ဆာ (Air Compressor) ၁ လုံး၊ မြေသယ်ယာဉ် ထရပ်ကား ၂ စီး၊ ရေဖြန်းယာဉ် ၁ စီး၊ အုပ်ချုပ်မှုယာဉ် ၁ စီး၊ ဆိုင်ကယ် ၃ စီးတို့ ဖြစ်ပါသည်။

တောင်စောင်းတွင် လိုဏ်ဂူတူး၍ ခဲသတ္တုတူးပါမည်။ ယမ်းဖောက်ခွဲ၍ ပေါက်ပြား၊ ဂေါ်ပြား၊ တူးရွင်းတို့ကိုသုံး၍ မြေအောက်တူးဖော်ပါမည်။ ထွက်လာသော ခဲသတ္တုရိုင်းများအား တွန်းလှည်း ဖြင့် အပြင်သို့ သယ်ထုတ်ပြီး စနစ်တကျစုပုံပါမည်။ သတ္တုမပါသည့် စွန့်ပစ်မြေစာများကို စွန့်ပစ်မြေ စာပုံများတွင် စနစ်တကျ စွန့်ပစ်ပါမည်။ စွန့်ပစ်မြေစာစုပုံကွင်းအား Latitude 27° 20' 49.584" N, Longitude 98° 36' 48.381" E တွင် ထားရှိပါမည်။ သတ္တုပါသော ဖြုံးများကို စနစ်တကျ စုပုံစေပါ မည်။ ထုတ်လုပ်ရေးလိုဏ်ဂူများအား ကျွမ်းကျင်သော သတ္တုတွင်းအင်ဂျင်နီယာ ဦးဆောင်စေပြီး ထောက်တိုင်များ၊ ဘေးကာများ၊ အမိုးများ စနစ်တကျပြုလုပ်၍ တူးဖော်ပါမည်။ သတ္တုပါဖြုံးများကို စုပုံကွင်းမှ ကြိတ်ခွဲစက်သို့ ပို့ဆောင်ရပါသည်။ စုပုံကွင်းများကို ရှုံ့စေးမြေ စနစ်တကျခင်းပြီး စုပုံကွင်း များကို ပြင်ဆင်ပါမည်။ လိုအပ်ပါက စုပုံကွင်းများကို မြေထိန်းနံရံများ တည်ဆောက်ပါမည်။

သတ္တုပါဖြုံးများအား သန့်စင်ခြင်းဆောင်ရွက်သွားပါမည်။ ဖြုံးကြိတ်စက်သို့ ရောက်လာသော သတ္တုပါဖြုံးများအား ကြိတ်ခွဲစက် (Crushing and Grinding) ဖြင့် ကြိတ်ခွဲပါမည်။ ထို့နောက် ကြိတ် ခွဲစာများအား မျောလောင်းပါမည်။ မျောလောင်းပြီး ဖြုံးသဲစာများအား လှုပ်ခါစက် (Shaking Table) ပေါ် ဖြတ်သန်းစေပြီး လှုပ်ခါခြင်းဖြင့် သန့်စင်ရပါသည်။ ရရှိလာသော ခဲသတ္တုများကို စနစ်တကျ ထုတ်ပိုးပြီး ဈေးကွက်ရှိရာသို့ တင်ပို့ပါမည်။

စီမံကိန်းရုံးနှင့် ဝန်ထမ်းနေအဆောင်များမှာ အလုပ်သမားဆောင် ၂ လုံး၊ ကြီးကြပ်ရေးအ ဆောင် ၁ လုံး၊ ရုံးအဆောက်အဦနှင့် ရှင်းလင်းဆောင်အပါအဝင် အဆောက်အဦပေါင်း ၉ လုံးရှိပါ

မည်။ ဒါရိုက်တာအဖွဲ့ဝင်နှင့် မန်နေဂျာ၊ အလုပ်သမားများ အပါအဝင် ဝန်ထမ်းအင်အား (၃၆) ဦး ရှိပါသည်။ တစ်ရက်အလုပ်လုပ်ချိန် (၈) နာရီဖြစ်ပါသည်။ ရေအရင်းအမြစ်မှာ လုပ်ကွက်အတွင်း ချောင်းမှ ရယူသုံးစွဲပြီး တစ်နှစ်လျှင် ရေဂါလံ (၅) သိန်းခန့် အသုံးပြုပါမည်။ တစ်နှစ်လျှင် လောင်စာဆီ ဒီဇယ်ဆီ ၂၆၀၀၀ ဂါလံခန့်နှင့် ဟိုက်ဒြောလစ်နှင့် အင်ဂျင်ဝိုင် ၁၀၀ ဂါလံခန့် လိုအပ်ပါသည်။ စွန့်ပစ်မြေစာများအား သင့်တော်သော နေရာတွင် စုပုံကွင်းလုပ်၍ အမြင့် ၂၅ ပေထက် မပိုစေဘဲ အစောင်း ၄၅°ခန့် ကုန်းစောင်းပြုလုပ်၍ စုပုံသွားပါမည်။ ရေဆင်းချောင်းများ၊ ခဲသတ္တုကြောများနှင့် ဝေးသော နေရာတွင် စုပုံပါမည်။ မြေထိန်းနံရံပါ ပြုလုပ်ထားပါမည်။ မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုရန် ရည်ရွယ်ပါသည်။ တူးဖော်ရာမှ ထွက်လာသော မြေစာများကို တွင်းဟောင်းများ ပြန်လည်ဖြည့်တင်းရာတွင် လည်းကောင်း၊ တွင်းများတူးရာတွင် ရှေ့စားနောက်ပစ်နစ်ဖြင့် လည်းကောင်း တူးဖော်ပါမည်။ ခဲသတ္တုတူးဖော်ရာတွင် ထွက်ရှိသော စွန့်ပစ်ပစ္စည်းများမှာ မီးသင့်ကျောက်ဖြစ်သော နှမ်းဖတ်ကျောက် (Granite) နှင့် ထုံးကျောက် (Limestone) ကျောက်စကျောက်နများနှင့် မြေကြီးများ ထွက်ရှိပြီး ၎င်းတို့ကို စွန့်ပစ်မြေစာပုံတွင် စနစ်တကျ စွန့်ပစ်ပါမည်။ လိုဏ်ဂူများတူးရာတွင် ရေ အနည်းငယ် ထွက်နိုင်ပါသည်။ မြောင်းများတူး၍ ရေကို အပြင်ထွက်စေပြီး ရေစစ်ကန်အဆင့်ဆင့် ပြုလုပ်ကာ ရေသန့်စင်ပါမည်။ ထို့နောက် မီးသွေးကို ဖြတ်စီးဆင်းစေပြီး ထပ်မံသန့်စင်ပါမည်။ အသုံးပြုပြီးသော ရေများကို ရေစစ်ကန်အဆင့်ဆင့်ပြုလုပ်၍ ရေစစ်ပြီးမှသာ ပြန်လည်အသုံးပြုခြင်း၊ သစ်ပင်များ ရေလောင်းခြင်း၊ လမ်းများရေဖြန်းခြင်းနှင့် ပိုလျှံပါက ချောင်းများအတွင်း စီးဝင်စေမည် ဖြစ်ပါသည်။

လက်ရှိပတ်ဝန်းကျင်အခြေအနေများ

စီမံကိန်းဖော်ဆောင်ရာတွင် အောင်မြင်ရေးအတွက် အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ ဖြစ်နိုင်သော အကန့်အသတ်များ မရှိသေးသည်ကို တင်ပြထားပါသည်။ စီမံကိန်းသည် လူနေဒေသနှင့် (၆) မိုင်ခန့် ဝေးကွာသည့် အခြားမြေတွင် ကျရောက်နေသည့်အတွက် ဖယ်ရှားခံရနိုင်သည့် လူ့အဖွဲ့အစည်း မရှိသေးပါ။ ရှိလာပါက ဖယ်ရှားခံရသည့် အဖွဲ့အစည်းများ၏ နေရေး၊ စားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် ကူညီပေးသွားပြီး ဝန်ကြီးဌာနမှ ချမှတ်ထားသော အမိန့်များ၊ ကြေငြာချက်များအတိုင်း လိုက်နာသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

စီမံကိန်းအနီးပတ်ဝန်းကျင် အကြောင်းအရာဖော်ပြချက်များ တင်ပြထားပါသည်။ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများအဖြစ် ခေါင်လန်ဖူးမြို့နယ်တွင် ရာသီဥတုမှာ တစ်နှစ်လျှင် မိုးရေချိန်ပျမ်းမျှ (၈၅) လက်မကျော်ခန့် ရွာသွန်းပါသည်။ အပူဆုံးအချိန်မှာ ၃၀° စင်တီဂရိတ်ခန့်ရှိပြီး အအေးဆုံးအ

ချိန်မှာ ၁.၅° စင်တီဂရိတ်ခန့် ဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင်မှာ ဒေသရှိတောင်တန်းများသည် မြောက် အနောက်မြောက်မှ တောင် အရှေ့တောင် (NNW-SSE) တူရူတန်းနေကြပါသည်။ တောင်တန်းများသည် ပေ (၁၂၀၀၀) ခန့်မြင့်၍ လုပ်ကွက်ရှိရာအရပ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၇၄၀၀) ခန့်ထိ မြင့်မားပါသည်။

စီမံကိန်းဒေသသည် မိုးကုတ်ကျောက်ယူနစ်မှ နှမ်းဖတ်ကျောက်များ၊ စကျင်ကျောက်များ၊ လိပ်သည်းကျောက်များနှင့် သက်လယ်ကပ်မှ ထုံးကျောက်၊ သဲကျောက်၊ ယွေလကျောက်နှင့် နှမ်းဖတ်ကျောက်များ ဖြစ်တည်နေကြပါသည်။

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ နန်းကြိန်ဒေသ သည် ခေါင်လန်ဖူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူး၊ ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိပါသည်။ ခေါင်လန်ဖူးမြို့သည် ပင်လယ်ရေမျက်နှာပြင် အထက် (၄၆၈၀) ပေ မြင့်ပါသည်။ မေခမြစ်သည် ခေါင်လန်ဖူးမြို့၏ အနောက်ဘက်ဘေး မြောက်မှ တောင်သို့ စီးဆင်းသွားပါသည်။ အချန်ခချောင်းသည် မြောက်မှတောင်သို့ စီးဆင်းနေပြီး ခေါင်လန်ဖူး မြို့၏ တောင်ဘက် (၃) မိုင်ခန့်အကွာတွင် မေခမြစ်အတွင်းသို့ စီးဝင်သွားပါသည်။ ခေါင်လန်ဖူးမြို့နယ်တွင် ကျောက်ထင်းရူး၊ ထင်းရူး၊ ယမနေ၊ ကံ့ကော်၊ သစ်ယားပင်များ၊ ဝါးပင်များနှင့် ခြံပုတ်ပင်များ ပေါက်ရောက်ကြပါသည်။ ဤဒေသတွင် ဝက်ဝံ၊ တောင်ဆိတ်၊ ချေ၊ တောဝက်၊ မျောက် စသော တိရိစ္ဆာန်များ၊ တောကြက်၊ ဇီးကွက်၊ လင်းယုန်၊ သိမ်းငှက်၊ ဂျိုးသိန်း၊ ငှက်ခါး၊ ချိုးငှက်၊ ယူနန်ရစ်ငှက်၊ ငှက်မြီးရှည်၊ စွန် စသော ငှက်မျိုးစိတ်များ တွေ့ရပါသည်။ ဒါဘန်ကျေးရွာတွင် ရဝမ်တိုင်းရင်းသားများ အများဆုံးနေထိုင်ကြပြီး လီဆူ၊ လော်ဝေါ်နှင့် လချိတ် တိုင်းရင်းသားများလည်း အနည်းငယ် နေထိုင်ကြပါသည်။ အိမ်ထောင်စု (၃၅) စုခန့်ရှိပြီး လူဦးရေ (၂၀၀) ခန့် ရှိပါသည်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပါသည်။ ပတ်ဝန်းကျင်တွင် ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ အမွေအနှစ်များ မရှိပါ။ တောင်ယာစိုက်ပျိုးခြင်းနှင့် အမဲလိုက်ခြင်း စသည်ဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။

ဒေသခံတိုင်းရင်းသားများသည် လူနေမှု အဆင့်အတန်း နိမ့်ပါးကြပြီး ဆင်းရဲကြပါသည်။ အမဲလိုက်ခြင်းနှင့် တောင်ယာစိုက်ပျိုးခြင်း လုပ်ကိုင်ကြပါသည်။ ယာစပါး၊ ပြောင်း၊ ဟင်းသီးဟင်းရွက် တို့ကို စိုက်ပျိုးကြပါသည်။ ရွာတွင် မူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ ဆရာမ (၃) ဦးရှိပြီး ကျောင်းသားဦးရေ (၃၀) ခန့် ရှိပါသည်။ ကျေးလက်ဆေးပေးခန်း မရှိသေးပါ။ နန်းကြိန်ကျေးရွာသည် စီမံကိန်းနှင့် (၆) မိုင်ခန့်ဝေးကွာပြီး ကြားတွင် တောင်တန်းကြီးများ ခြားနေပါသည်။

စီမံကိန်းဆောင်ရွက်မှုကြောင့် ရပ်ရွာလူထု၏ လူမှုပတ်ဝန်းကျင် ထိခိုက်မှုများ ဖြစ်နိုင်မှုနည်းပါးသည်ကို တင်ပြထားပါသည်။

လက်ရှိပတ်ဝန်းကျင်အခြေအနေများကို သိရှိနိုင်ရန်အတွက် Kalaw Citizen Mineral Exploration and Mining Company (Third Party) မှ လက်ရှိပတ်ဝန်းကျင်၏ ဆူညံသံ၊ တုန်ခါမှု၊ ရေအရည်အသွေး၊ လေအရည်အသွေး၊ မြေထုအခြေအနေများ သိရှိနိုင်ရန် Parameter များ၏ Base line Data များအား တိုင်းတာခဲ့ပါသည်။

ရေအရည်အသွေးတွင် ချောင်းရေအား မြေပုံညွှန်း Latitude 27° 20' 51.812" N, Longitude 98° 36' 48.093" E တွင် နမူနာရယူထားရာ pH = 7.1, Iron = 0.28 mg/l, Chloride = 4 mg/l, Sodium Chloride = 6 mg/l နှင့် Sulphate = Nil ပါရှိပြီး အာဆင်းနစ်ဓါတ် မပါသည်ကို တင်ပြထားပါသည်။

လေထုအား မြေပုံညွှန်း Latitude 27° 20' 43.942" N, Longitude 98° 36' 47.482" E တွင် တိုင်းတာခဲ့ပြီး CO = 14.50 µg/m^3, NO_2 = 36.92 µg/m^3 (1 Hour) နှင့် SO_2 = 2.75 µg/m^3 ရှိပါသည်။

မြေထုအား အခြေအနေသိရန် မြေပုံညွှန်း Latitude 27° 20' 47.859" N, Longitude 98° 36' 44.212" E မှ နမူနာရယူပြီး ဓါတ်ခွဲခဲ့ရာ As = 5.55 mg/kg, Pb = 10.10 mg/kg, Cr = 22.3 mg/kg, Zn = 9.56 mg/kg, Hg = Nil, Cd = Nil, Mo = Nil, Cu = Nil နှင့် pH = 6.7 ပါဝင်သည်ကို တွေ့ရပါသည်။

ထိခိုက်မှုများကို ဆန်းစစ်ခြင်းနှင့် လျော့ပါးစေရေးနည်းလမ်းများ

ထိခိုက်မှုများကို ဆန်းစစ်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် သက်ရောက်မှုများကို Third Party မှ ပညာရှင်များသည် လေထုအရည်အသွေး၊ ဆူညံသံ၊ ရေအရည်အသွေးနှင့် မြေထုအရည်အသွေးများကို လက်တွေ့စမ်းသပ်တိုင်းတာသော နည်းစနစ်ကို အသုံးပြု၍လည်းကောင်း၊ ရူပအခြေအနေ၊ သစ်တောသစ်ပင် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော Secondary Data များနှင့် တိုက်ဆိုင်စစ်ဆေးသော နည်းစနစ်ဖြင့်လည်းကောင်း ဆန်းစစ်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

တည်ဆောက်ရေးကာလတွင် ဆူညံသံ၊ လေအရည်အသွေးနှင့် ရေအရည်အသွေး အနည်းငယ် ထိခိုက်နိုင်ပါသည်။ လူနှင့်စက်သံများကြောင့် ဂေဟစနစ်ထိခိုက်မှု အသင့်အတင့်ရှိနိုင်ပါသည်။ လူမှုပတ်ဝန်းကျင်ထိခိုက်မှု မရှိနိုင်ကြောင်း တင်ပြထားပါသည်။

လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်သောကာလ (Production) ကာလ ထိခိုက်မှုများကို ဖော်ပြထားပါသည်။ မီးစက်နှင့် စက်ယန္တယားအသံများ၊ လူသံများကြောင့် ဆူညံသံများ အသင့်အတင့် ရှိနိုင်ပါသည်။ ချောင်းရေထိခိုက်မှု အသင့်အတင့် ရှိနိုင်ပါသည်။ လေအရည်အသွေး အသင့်အတင့် ထိခိုက်နိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ကောင်းမွန်၍ ထိခိုက်မှုအနည်းငယ်သာ ရှိနိုင်ပါသည်။ မြေထုညစ်ညမ်းမှုမှာ မြေထုပြောင်းလဲမှုရှိ၍ ထိခိုက်နိုင်ပါသည်။ အသစ်ပြန်လည် တည်ဆောက်ရပါမည်။ လူနေဒေသနှင့် ဝေးကွာ၍ လူမှုဝန်းကျင်ထိခိုက်မှု မရှိနိုင်ဘဲ စီမံကိန်းဝန်ထမ်း လုပ်သား လူမှုဝန်းကျင်သာ ထိခိုက်မှုအနည်းငယ် ရှိနိုင်ပါသည်။ ဝန်ထမ်းနှင့်လုပ်သားများ ကျန်းမာရေး ထိခိုက်မှု တခါတရံဖြစ်နိုင်ပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှု ရှိနိုင်ပြီး အသစ်ပြန်လည် တည်ဆောက်ရမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

လုပ်ငန်းများဆောင်ရွက်မှုကြောင့် ထိခိုက်မှုများ ရှိလာပါက ပြန်လည်ကုစားနိုင်ရန်အတွက် အခြေခံတန်ဘိုး (Background Value) များ ရယူခဲ့ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများ အတိုင်း ပြန်လည်ကုစားသွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

ထိခိုက်မှုလျှော့ချစေရေးအစီအစဉ်များမှာ မြေပေါ်ရေ (ချောင်းရေ) အား ထိခိုက်မှု မရှိစေရန် ဆောင်ရွက်မည့် အစီအစဉ်များမှာ စီမံကိန်းမှ ထွက်ပေါ်လာမည့် အပေါ်ယံမြေနှင့် စွန့်ပစ်မြေစာများအား စုပုံကွင်း (Dumping Site) တွင် စနစ်တကျစုပုံထားရှိပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး အတွက် ပြန်လည်အသုံးပြုသွားပါမည်။ တူးဖော်ထားသည့် သတ္တုပါဖြုံးများကိုလည်း စုပုံကွင်းစနစ်တကျ ပြုလုပ်၍ စုပုံမည်ဖြစ်ပါသည်။ စုပုံကွင်းများ ပြုလုပ်ရာတွင် အလျား ၃၀၀ ပေ၊ အနံ ၁၅၀ ပေရှိသော ကွင်းများဖော်ပြီး အပေါ်ယံမျက်နှာပြင်အား ရှုံစေးဖြင့်မံပြီး ပြုလုပ်ပါမည်။ စုပုံကွင်းများကို လိုအပ်ပါက မြေထိန်းနံရံများ ပြုလုပ်ထားရှိပါမည်။ စုပုံကွင်းတွင် မိုးရေကြောင့်သော်လည်းကောင်း၊ မိုင်းတွင်းမြေစာများမှသော် လည်းကောင်း၊ စွန့်ပစ်ရေ (Waste Water) များ ထွက်ရှိနိုင်ပါသည်။ ထွက်လာသော စွန့်ပစ်ရေများကို ရေစစ်ကန်အဆင့်ဆင့်ပြုလုပ် စီးဆင်းစေပြီး စုဆောင်ပြီးပြန်လည် အသုံးပြုမည် ဖြစ်ပါသည်။ ကျန်ရှိသည့်ရေကို လိုအပ်ပါက ဓါတ်တိုးဓါတ်လျှော့ပြုလုပ်ပြီး ရေတွင်ပျော်ဝင်စေကာ ဓါတ်ပြယ်စေမည် ဖြစ်ပါသည်။ စုပုံကွင်းများကို ပိုမိုခိုင်ခန့်စေရန် မြေထိန်းနံရံများကို အုတ်၊ ကျောက်၊ သစ်သားတို့ဖြင့် ခိုင်ခန့်အောင်ပြုလုပ်ပြီး စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေများ ချောင်းအတွင်းသို့ တိုက်ရိုက်မကျရောက်စေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

ထိခိုက်မှုများကို လျှော့ချမည့်နည်းလမ်းများ

ဆူညံသံလျှော့ချရေး ဆောင်ရွက်မည့်နည်းလမ်းများမှာ တူးဖော်မှုလုပ်ငန်းများအား နေ့ဆိုင်းတစ်ဆိုင်းဖြင့်သာ ဆောင်ရွက်ပါမည်။ ယာဉ်ယန္တယား၊ အင်ဂျင်စက်များအား ညပိုင်းတွင်အသုံးမပြုဘဲ မီးစက်များကိုလည်း ည (၉ : ၀၀) နာရီတွင် ရပ်နားပါမည်။ ဆူညံသံသက်သာသည့် ယာဉ်၊ ယန္တယားများ ဝယ်ယူသုံးစွဲပါမည်။ ယမ်းခွဲခြင်းများကို လိုဏ်ဂူအတွင်း၌သာ ပြုလုပ်ပါမည်။ အင်ဂျင်စက်နှင့် ပေါက်ကွဲအင်ဂျင်များအား အသံထိန်းကိရိယာ တပ်ဆင်အသုံးပြုပါမည်။ လုပ်ကွက်ဝန်းကျင်တွင် ဆူညံသံအကာအရံ (Sound Barrier) အဖြစ် သစ်ပင်ကြီးများ စိုက်ပျိုးပါမည်။ စီမံကိန်းဧရိယာဝန်းကျင်တွင် ဆူညံသံ၏ Baseline Data များ ရယူထားပြီး ဆူညံသံများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေအောင် ပြုပြင်လျှော့ချရေး ဆောင်ရွက်သွားပါမည်။

မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်မှာ မြေပေါ်ရေ၊ မြေအောက်စိမ့်ထွက်ရေများအား နမူနာများရယူထားပြီး အပတ်စဉ် ချဉ်ဖန်ဓါတ် (pH) တိုင်းတာစစ်ဆေးပါမည်။ (၆) လတစ်ကြိမ် ရေနမူနာရယူပြီး ရေ၏ Parameter များဖြစ်သော pH, Chloride, Turbidity, Total Hardness, Sodium Chloride, Sulphate, Manganese, Iron, Arsenic, Cu, Pb နှင့် Zn များအား ဓါတ်ခွဲစစ်ဆေးပါမည်။ မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက ၎င်းရေများကို အနည်ထိုင်ကန် (12'x12'x5') အရွယ်ရှိ ကန်များအတွင်း ဖြတ်သန်းစီးဆင်းစေပြီး စိုက်ခင်းများ ရေလောင်းရန်နှင့် သယ်ယူရေးလမ်းကြောင်းများ ရေဖြန်းရာတွင် အသုံးပြုပါမည်။ မိုးရာသီတွင် ချောင်းရေ အရည်အသွေးအား ပုံမှန်စစ်ဆေးသွားပါမည်။ တောင်ကျချောင်းရေများအတွင်း စွန့်ပစ်မြေစာများ မကျရောက်စေရေးအတွက် စွန့်ပစ်မြေစာပုံ (Waste Dumping Site) များအောက်ခြေတွင် အကျယ် ၃ ပေ၊ အနက် ၄ ပေရှိ မြောင်းများ တူးဖော်ထားပါမည်။ Ore Dumping Site အောက်ခြေတွင် ရေမစိမ့်စေရန် (Clay Layer) များပြုလုပ်ပြီး ပလတ်စတစ်အထူခင်း၍ သတ္တုရိုင်းစုပုံစေပါမည်။ Waste Water များ စိမ့်ထွက်ပါက Tailing Pond ရေစစ်ကန် ပြုလုပ်၍ စုဆောင်းထားပြီး ပြန်လည်အသုံးပြုသွားပါမည်။ ရေစစ်ကန်အဆင့်ဆင့်အား ရေစစ်ယူ၍ နောက်ဆုံးကန်ရှိရေအား Recycle ပြန်လည်အသုံးပြုပါမည်။ ပိုလျှံပါက သစ်ပင်များရေဖြန်းခြင်း၊ လမ်းများ ရေဖြန်းခြင်းများ ပြုလုပ်သွားပါမည်။

လေအရည်အသွေးတွင် လေထုညစ်ညမ်းမှု မရှိစေရေး လျှော့ချမည့်အစီအစဉ်များမှာ တူးဖော်ရရှိသည် သတ္တုရိုင်းများ၊ ဖြိုးကျောက်စာများအား စုပုံကွင်းတွင် စနစ်တကျစုပုံပါမည်။ ကုန်ပစ္စည်း၊ သတ္တုရိုင်းများ သယ်ယူရာတွင် လေတိုက်နှုန်းနည်းသော အချိန်များ၌သာ သယ်ယူပါမည်။

သတ္တုရိုင်းသယ်ဆောင်သည့် လမ်းများတွင် ဖုန်မှုန့်များ ပြန့်လွင့်မှုမရှိစေရေးအတွက် လမ်းများကို ရေဖြန်းခြင်းနှင့် လမ်းများတွင် အမှုန်အမွှားများ ပျံ့လွင့်မှုနည်းပါးစေရေးအတွက် ကျောက်ခင်းလမ်းများ ပြုလုပ်ပါမည်။ သတ္တုရိုင်းသယ်ယူသည့် လမ်းကြောင်းများနှင့် စီမံကိန်းရှိ စုပုံကွင်းတို့တွင် လေအရည်အသွေးအား (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးပါမည်။ လေအရည်အသွေး ထိခိုက်မှုများ ရှိလာပါက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေအောင် လျှော့ချပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်မြေစာများ ထိခိုက်မှုလျှော့ချရေး အစီအစဉ်များမှာ လုပ်ငန်းခွင်မှ ထွက်ရှိသော စွန့်ပစ်မြေစာများအား လိုဏ်ဂူနှင့် မလှမ်းမကမ်းရှိ Latitude 27° 20' 49.584" N, Longitude 98° 36' 48.381" E နေရာတွင် စွန့်ပစ်မြေစာပုံအား အလျား ၃၀၀ ပေ၊ အနံ ၁၅၀ ပေ ဧရိယာသတ်မှတ် စုပုံပါမည်။ စွန့်ပစ်မြေစာပုံ၏ အမြင့်အား ၁၀ ပေသတ်မှတ်ထားရှိပြီး စွန့်ပစ်မြေစာပုံ ဘေးနံရံများအား (၃၅°) လျှောစောက်များ ပြုလုပ်ထားမည် ဖြစ်ပါသည်။ မိုးရာသီကာလတွင် မိုးရေကြောင့် မြေစာများကိုတိုက်စားပြီး နုန်းအနည်အနှစ်များ စွန့်ပစ်မြေစာပုံအတွင်း မကျရောက်စေရန်အတွက် စွန့်ပစ်မြေစာပုံပတ်လည်တွင် အကျယ် ၃ ပေ အနက် ၄ ပေရှိ ရေနုတ်မြောင်းများ တူးဖော်ထားပါမည်။ စွန့်ပစ်မြေစာများအား မိုင်းပိတ်သိမ်းချိန်တွင် တွင်းဟောင်းများအတွင်း ပြန်လည်ဖို့မည် ဖြစ်ပါသည်။ လိုဏ်ဂူတူးဖော်စဉ် လိုဏ်ဂူအတွင်း စွန့်ပစ်မြေစာများအား ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့မည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာများ အသုံးပြု၍ ဒေသတွင်းဖြစ်ထွန်းသော သစ်ပင်များအား စိုက်ပျိုးပါမည်။ စွန့်ပစ်မြေစာပုံ ဖယ်ရှားထားသည့် နေရာတွင်လည်း မြေဆွေးများ ဖုံးအုပ်ပြီး အစားထိုးသစ်ပင်များ စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

မြေထုညစ်ညမ်းမှု လျှော့ချရမည့်နည်းလမ်းများမှာ မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရန် မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြုပါမည်။ တူးဖော်ရာမှ ထွက်ရှိသည့် စွန့်ပစ်မြေစာများအား သတ်မှတ်စုပုံကွင်းတွင် စနစ်တကျစုပုံပါမည်။ လိုဏ်ဂူအတွင်း တူးဖော်နေစဉ် စွန့်ပစ်မြေစာအချို့အား လိုဏ်ဂူအတွင်း တူးဖော်ပြီးခေါင်းသားများအတွင်း ပြန်လည်ဖို့ပါမည်။ မိုင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာများအား ပင်မဆင်းတွင်းအတွင်း ပြန်လည်ဖြည့်ပါမည်။ မြေစာစုပုံထားသော နေရာများအား မြေဆွေးများဖုံးအုပ်ပြီး ဒေသပေါက်ပင်များ စိုက်ပျိုးပါမည်။ မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရန် ဝန်ထမ်းအိမ်ယာ အဆောက်အဦများ၊ စွန့်ပစ်မြေစာပုံ၊ စွန့်ပစ်ရေအနည်ထိုင်ကန်၊ သန့်စင်စက်ရုံနှင့် လမ်းများအား အနည်းဆုံးလိုအပ်သလောက်သာ အသုံးပြုမည်ဖြစ်ပါသည်။ မြေ (၂) ဧကခန့်သာ အသုံးပြုသွားမည် ဖြစ်ပါသည်။ မြေယာအသုံးပြုခြင်းမရှိသော နေရာများမှ သဘာဝပေါက်ပင်များအား ကာကွယ်ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်း ဆောင်ရွက်သွားပါမည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကြောင့် ထိခိုက်မှုများ လျော့ချရမည့် နည်းလမ်းများမှာ စက်ဆီ၊ ချောဆီ၊ အမဲဆီများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူနိုင်သောပစ္စည်းများဖြစ်သည့် လွှစာမှုန့်၊ သဲ အစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းပါမည်။ စက်ဆီ၊ ချောဆီများကို သီးသန့်ပေပါများတွင် ထည့်ပြီး မြေကတုတ်များတွင် သစ်တုံးအခင်းများခံ၍ သိမ်းဆည်းပါမည်။ စက်ဆီ၊ ချောဆီ အမည်စာရင်းများကို ပေပါများတွင် မြင်သာအောင် ကပ်ထားပါမည်။ စက်ဆီ၊ ချောဆီများ ပြန်သုံးရန် မသင့်တော်ပါက မီးရှို့၍ဖျက်ဆီးပစ်ပါမည်။ ယိုဖိတ်မှုရှင်းလင်းသည့် ကိရိယာများနှင့် မီးသတ်ကိရိယာများကို အလွယ်တကူ ရယူနိုင်အောင် စီစဉ်ထားရှိပါမည်။ စက်ဆီ၊ ချောဆီ၊ စွန့်ပစ်အမှိုက်များအား စီမံကိန်းဒေသအတွင်းရှိ မြေဆီလွှာများနှင့် ရေတွင်းရေကန်များအတွင်း လုံးဝမစွန့်ပစ်ရန် သတ်မှတ်ဆောင်ရွက်ပါမည်။

ဂေဟစနစ်ထိခိုက်မှုများအတွက် လျော့ချမည့်နည်းလမ်းများမှာ သစ်တောပြုန်းတီးမှု နည်းပါးစေရန်အတွက် ဝန်ထမ်းအဆောက်အဦ၊ စက်ရုံမြေနေရာများအား (၂) ဧကခန့်သာ အသုံးပြုသွားပါမည်။ မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြုသွားပါမည်။ မြေယာအသုံးချမှုများအတွက် အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများအား သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်သွားပါမည်။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားပါမည်။ လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရေးအတွက် မြေထုညစ်ညမ်းမှု မရှိစေရေး၊ မြေပေါ်မြေအောက် ရေညစ်ညမ်းမှု မရှိစေရေးနှင့် အမှုန်အမွှားတို့ကြောင့် လေထုညစ်ညမ်းမှု မရှိစေရေးတို့အတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုမရှိစေရေးအတွက် လျော့ချရမည့်နည်းလမ်းများမှာ စီမံကိန်းဧရိယာအတွင်း သဘာဝပေါက်ပင်များ ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။ ဂေဟစနစ်ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်သွားပါမည်။ ဆူညံသံနှင့် တုန်ခါမှုများ အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက် သွားပါမည်။ စီမံကိန်းဧရိယာအတွင်း အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းအား တားမြစ်ပိတ်ပင်သွားပါမည်။ အသုံးပြုမြေနေရာများတွင် အစားထိုးဝင်ရောက် ပေါက်ရောက်နေသော အခြားမျိုးရင်းမျိုးစိတ်များအား ရှင်းလင်းဖယ်ရှား၍ ဒေသသဘာဝပေါက်ပင်များ ပြန်လည်စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ လျော့ချမည့်နည်းလမ်းများမှာ ဆူညံသံနှင့်တုန်ခါမှု လျော့နည်းစေရန် ဆောင်ရွက်သွားပါမည်။ လေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်သွားပါမည်။ ဒေသတွင်း ချောင်းရေများအား ညစ်ညမ်းမှု မရှိစေရန် ဆောင်ရွက်သွားပါမည်။ သဘာဝဘေးဒဏ်

များ ကာကွယ်ရေးအတွက် လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်သွားပါမည်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်သွားပါမည်။

ခဲသတ္တုသန့်စင်စက်ရုံကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများ လျှော့ချရေးဆောင်ရွက်မည့်အစီအစဉ်များမှာ ခဲသတ္တုပါကျောက်များ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း၊ စုပုံခြင်းတို့မှ ဖုန်မှုန့်အနည်းငယ် ထွက်ရှိမှုကြောင့် လေထုညစ်ညမ်းမှုများကို သိရှိနိုင်ရန် လေအရည်အသွေးများကို HAZ Scanner Model – EPAS စက် အသုံးပြု၍ (၆) လတစ်ကြိမ် တိုင်းတာစစ်ဆေးသွားပါမည်။ စက်ရုံလည်ပတ်မှုကြောင့် ထွက်ပေါ်လာသော ဆူညံသံနှင့်တုန်ခါမှုများကို Sound Level Meter စက်ဖြင့် (၃) လလျှင် တစ်ကြိမ် စစ်ဆေးတိုင်းတာသွားပါမည်။ စက်ရုံမှထွက်လာသော စွန့်ပစ်ရေများအား (၆) လလျှင်တစ်ကြိမ် နမူနာရယူပြီး Arsenic, Cadmium, Chemical Oxygen demand, Chromium, Hexavalent, Copper, Cyanide, Iron, Mercury, Nickel, pH, Temperature, Total Suspended Solid, Zinc များ စစ်ဆေးတိုင်းတာသွားပြီး ညစ်ညမ်းမှုများ ရှိနေပါက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိနေစေရန် ပြုပြင်လျှော့ချရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခြင်း

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီနှင့် Kalaw Citizen Mineral Exploration and Mining Company (Third Party) မှ ပညာရှင်များပါဝင်သော အဖွဲ့သည် (၁၉.၁၂.၂၀၂၁) နေ့တွင် ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဒေသခံရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဒေသခံ ရွာသား (၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် (IEE) ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တို့အား ချပြရှင်းလင်းခြင်း၊ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဒေသခံများ ခန့်ထားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်မည့် အခြေအနေ၊ ဒေသတွင်း ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးနှင့် လူမှုလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ စသော CSR လုပ်ငန်းများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ရပ်ရွာလူကြီး ဦးဆန်ခေါင်းဖုန် မှ ဒေသ၏ ပညာရေးကိစ္စ ဝင်ရောက်ဆွေးနွေးပါသည်။ ထို့အပြင် သတ္တုတူးသည့်အခါ အန္တရာယ်မဖြစ်စေရေးအတွက် စနစ်တကျတူးဖော်ကြပါရန် အကြံပေးပြောကြားပါသည်။ ဦးနန်တီးဖုန် မှ လည်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများ မထိခိုက်စေရန်နှင့် ချောင်းရေများကို ညစ်ညမ်းမှုမရှိစေရေး ဆွေးနွေးခဲ့ပါသည်။ ကုမ္ပဏီဘက်မှလည်း ဒေသခံအလုပ်သမားများ ခန့်ထားပေးမည့်ကိစ္စ၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းနှင့် ဆရာမရရှိရေးကိစ္စ၊ မူလတန်းကျောင်း ပြုပြင်မွမ်းမံရေးကိစ္စ ရပ်များကိုလည်း လုပ်ငန်းအကောင်အထည်ဖော်သည့်အခါတွင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်

အကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ကုမ္ပဏီမှ လုပ်ငန်းအသားတင်အမြတ်၏ ၃% အား လူမှု အကျိုးပြု CSR လုပ်ငန်းများအတွက် ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဒေသခံရွာသားများ၏ ခဲသတ္တုထုတ်လုပ်ရေးစီမံကိန်းအတွက် ဆန္ဒသဘောထားကောက်ယူခဲ့ရာတွင် ထောက်ခံမှု (၈၁.၄၃%) ရရှိခဲ့ပြီး ကန့်ကွက်မဲ (၁၈.၅၇%) ရရှိခဲ့ပါသည်။

ကနဦးပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း အစီအစဉ်အား အများပြည်သူ လေ့လာနိုင်ရန်၊ ဆွေးနွေးဝေဖန် အကြံပြုနိုင်ရန်အတွက် ဒါလန်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ရုံးတွင်လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်တွင် လည်းကောင်း၊ လုပ်ငန်းစီမံကိန်းရုံးတွင်လည်းကောင်း ထားရှိသွားမည်ဖြစ်ပြီး ကုမ္ပဏီဖုန်း ၀၉-၅၇၀၈၉၀၊ ၀၉-၅၇၂၅၈၈ နှင့် E-mail မှာ lpwgoldmining@gmail.com သို့ အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း တင်ပြထားပါသည်။

မိုင်းပိတ်သိမ်းခြင်း

မိုင်းပိတ်သိမ်းခြင်း အကြောင်းအရာဖော်ပြချက်များမှာ မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု တူးဖော်သွားမည် ဖြစ်သောကြောင့် မြေအောက်တူးဖော်မှုကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှု၊ ထိခိုက်မှုများကို ထိန်းချုပ်ပြုပြင်ပေးသွားမည် ဖြစ်ပါသည်။ အပေါ်ယံမြေဆီလွှာနှင့် စွန့်ပစ်မြေစာများအား စွန့်ပစ်မြေစာပုံများတွင် စနစ်တကျ စွန့်ပစ်ပါမည်။ မြေအောက်တူးဖော်မှုဖြစ်၍ ပြုပြင်ထိန်းသိမ်းမည့် နည်းလမ်းများအား တင်ပြထားပါသည်။ လိုဏ်ဂူများမှ ထွက်ရှိလာမည့် စိမ့်ထွက်ရေ Perched Water နှင့် မိုးရေများအား ခါတ်ခွဲစမ်းသပ်ရန်၊ လိုအပ်ပါက ပြုပြင်ပြီး ပြန်လည်အသုံးပြုသွားပါမည်။ စွန့်ပစ်မြေစာများအား စနစ်တကျဖြန့်ခင်းခြင်း၊ စုပုံခြင်းပြုလုပ်၍ နောင်တွင် သစ်တောသစ်ပင် စိုက်ပျိုးရာတွင်လည်းကောင်း၊ ချိုင့်ကျင်း၊ ချိုင့်ခွက်များ မြေဖို့ရာတွင်လည်းကောင်း အသုံးပြုသွားမည် ဖြစ်ပါသည်။ ကျွမ်းကျင်သော သစ်တောပညာရှင်များ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးသွားပါမည်။ မြေမပြိုကျစေရန် တောင်စောင်းများ၊ နံရံများအား သစ်ပင်များ၊ မြက်များ စိုက်ပျိုး၍ မြေထိန်းခြင်းပြုလုပ်မည်ဖြစ်ပြီး လိုအပ်ပါက Retaining Wall မြေထိန်းနံရံများ ပြုလုပ်သွားပါမည်။ မြေပေါ်ရေ၊ မြေအောက်ရေများအား နမူနာများရယူပြီး မူရင်းတန်ဘိုး (Background Value) နှင့် နှိုင်းယှဉ်ပြီး ကျွမ်းကျင်သော ပညာရှင်များဖြင့် စစ်ဆေးပြုပြင်ပေးသွားပါမည်။ ပိတ်သိမ်းချိန်တွင် အဆောက်အဦများအား စနစ်တကျ ဖြုတ်သိမ်းပါမည်။ လူ့အသုံးအဆောင်ပစ္စည်းအဟောင်းအချို့အား တွင်းတူးမြေမြှုပ်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်သွားပါမည်။ အသုံးပြုခဲ့သော လမ်းများအား ပြန်လည်ပြုပြင်ခြင်းနှင့် မြေပြန်ဖို့ခြင်းများ လုပ်ဆောင်မည် ဖြစ်ပါသည်။ ခန့်ထားသော ဝန်ထမ်းလုပ်သားများ အလုပ်အကိုင်ရရှိစေရေး ကူညီဖြေရှင်းပေးသွားမည် ဖြစ်ပါသည်။

သတ္တုတွင်းပိတ်သိမ်းပြီး (၅) နှစ်ကြာသည်အထိ ပြုပြင်ထိန်းသိမ်းသည့် အခြေအနေများအား စောင့်ကြည့်သွားမည် ဖြစ်ပါသည်။ စောင့်ကြပ်ကြည့်ရှုခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြန်လည်ကုစားခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြအစီရင်ခံသွားမည် ဖြစ်ပါသည်။ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်ကိုလည်း တင်ပြထားပါသည်။ မိုင်းပိတ်သိမ်းခြင်း အစီအစဉ်များကို မြန်မာ့သတ္တုတွင်း ဥပဒေများ၊ နည်းဥပဒေ ၁၈၆၊ နည်းဥပဒေခွဲ (ဃ) အရ ဓါတ်သတ္တုလုပ်ငန်း မပြီးဆုံးမီ (၁) နှစ် ထက်နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်း အစီအစဉ်ကို ဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနသို့ တင်ပြပြီး အတည်ပြုချက် ရယူပြီးမှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပါသည်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် အကြိုတည်ဆောက်ခြင်းကာလ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းကာလ၊ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းကာလဟူ၍ ခွဲခြားပြီး အစီအစဉ်များ ရေးဆွဲထားပါသည်။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၆၃)၊ အပိုဒ်ခွဲ (၈) အပိုဒ်ခွဲငယ် (၆) အရ ပါဝင်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်ခွဲ (Management Sub-plan) များကို တင်ပြထားပါသည်။

(က) လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီမံကိန်းဧရိယာ၏ လေအရည်အသွေးအပေါ် ထိခိုက်မှု၊ သက်ရောက်မှုများ ရှိ/မရှိ စစ်ဆေးနိုင်ရန်နှင့် လုပ်ကွက်၏ လေအရည်အသွေး Baseline Data များ နှိုင်းယှဉ်စစ်ဆေးပြီး ထိခိုက်မှုများ လျှော့ချနိုင်ရန်အတွက် လေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်အား ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လေအရည်အသွေးအား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ၊ လုပ်ငန်ပိတ်သိမ်းခြင်းကာလတို့တွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အသုံးပြုသော မြေသားလမ်းများအား နံနက် (၁) ကြိမ်၊ ညနေ (၁) ကြိမ် ရေကာဖြင့် တစ်ရက်လျှင် (၂) ကြိမ် ရေဖြန်းပါမည်။ ယာဉ်များ၊ ကားများကို တစ်နာရီလျှင် မိုင် (၂၀) နှုန်းအောက်သာ မောင်းနှင်စေပါမည်။ ထွက်ရှိသည့် မြေစာပုံများအား ဝင်း/ခြံ အကာအရံ (Fencing and Green Belts) များ ခတ်ခြင်း ဆောင်ရွက်ပါမည်။ လေထုအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုမည့်နေရာမှာ Latitude 27° 20' 43.942" N, Longitude 98° 36' 47.482" E တွင် ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ CO_2, NO, NO_2, SO_2, PM_{10}, $PM_{2.5}$ နှင့် O_2 တို့ ဖြစ်ပါသည်။ (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်

ဆေးပါမည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံပါမည်။ ခန့်မှန်းကုန်ကျစရိတ်မှာ တစ်နှစ်လျှင် ကျပ် (၁၀) သိန်းခန့် ဖြစ်ပါသည်။ ကုမ္ပဏီ၏ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျူ ဦးဆောင်သော လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ လေအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

(ခ) ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

ဆူညံသံနှင့်တုန်ခါမှု စီမံခန့်ခွဲမှုအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ပေါ်လာသည့် ဆူညံသံနှင့် တုန်ခါမှုများသည် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ထိခိုက်မှုမား ရှိလာပါက သိရှိနိုင်ရန်နှင့် Baseline Data များ ရယူထားပြီး ဆူညံသံအဆင့် (Noise Level) လမ်းညွှန်ချက်ထက် ကျော်လွန်နေပါက ဆူညံသံတားဆီးကာကွယ်ခြင်းနှင့် လျှော့ချခြင်းပြုလုပ်နိုင်ရန် ရည်ရွယ်ပြီး ဤဆူညံသံနှင့် တုန်ခါမှု စီမံခန့်ခွဲခြင်းအစီအစဉ်အား ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဆူညံသံများနှင့် ပတ်သက်ပြီး အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ စံချိန်စံညွှန်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ၊ လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့တွင် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဆူညံသံအား စောင့်ကြပ်ကြည့်ရှု တိုင်းတာမည့်နေရာမှာ Latitude 27° 20' 43.942" N, Longitude 98° 36' 47.482" E တွင် ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ dBA (Equivalent continuous sound level in Decibels) ဖြစ်ပါသည်။ တိုင်းတာမည့်အကြိမ်ရေမှာ (၃) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးပါမည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံပါမည်။ ရန်ပုံငွေလျာထားချက်မှာ တစ်နှစ်လျှင် ကျပ် (၅) သိန်းခန့် ဖြစ်ပါသည်။ ကုမ္ပဏီ၏ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျူ ဦးဆောင်သော အဖွဲ့ဝင် (၅) ဦးဖြင့် လေ့လာစောင့်ကြည့်စစ်ဆေးသွားမည် ဖြစ်ပါသည်။

(၈) ရေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

မြေပေါ်မြေအောက် ရေအရည်အသွေးများကို သိရှိထားရန်နှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ရေအရည်အသွေးအပေါ် ထိခိုက်မှုများ ရှိလာပါက Baseline Data များနှင့် တိုက်ဆိုင်စစ်ဆေးပြီး ထိခိုက်မှုများ လျော့ချနိုင်ရန် ရေအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် (၂.၇.၂) ပါ သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။ အကြိုတည်ဆောက်ခြင်းကာလ၊ တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းလည်ပတ်ခြင်းကာလ၊ လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာမည့် အစိုင်အခဲ၊ စွန့်ပစ်ပစ္စည်းနှင့် သတ္တုဓါတ်ပြုခြင်းများကြောင့် မူလရေလမ်းကြောင်းမှ တဆင့် လူတို့အသုံးပြုသော ချောင်း၊ ကန်၊ ရေတွင်းများသို့ ရောက်ရှိပြီး ရေအရည်အသွေးနိမ့်ကျမှု၊ လူနှင့်ရေနေသတ္တဝါများအား ထိခိုက်မှု၊ pH Level နိမ့်ကျလာနိုင်မှုကြောင့် လူ/လူနေအိမ်နှင့် သီးနှံစိုက်ခင်းများအပေါ် ထိခိုက်မှုများ ရှိလာနိုင်ပြီး လျော့ချရေးနည်းလမ်းအဖြစ် လုပ်ကွက်နှင့် ရေသွားလမ်း၊ ချောင်း/မြောင်းတို့အကြား ကြားခံနယ်မြေ (Buffer Zone) များ ဆောင်ရွက်ခြင်း၊ ရေလွှဲမြောင်း၊ ရေနုတ်မြောင်းစနစ် (Drainage System) များ ထားရှိခြင်း၊ ရေပြုပြင်သန့်စင်ခြင်းလုပ်ငန်းများမှ (Dense Plantation and Wet Land Area) များ တည်ဆောက်ခြင်း၊ Acid Drianage များကို လျော့ချရန် ဓါတ်ပြယ်မှုစနစ်များမှ (Lime Neutralization) များ ဆောင်ရွက်ခြင်း၊ လုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို ရေသွားလမ်းကြောင်းများသို့ တိုက်ရိုက်စွန့်ပစ်မှုအား ရှောင်ကြဉ်ခြင်းနှင့် တိုက်စားမှု/အနည်နှစ်ကျမှု (Erosion and Sedimentation) မဖြစ်စေရန် လုပ်ငန်းအသုံးပြု ဆက်သွယ်ရေးလမ်းများမှအစ ချောင်းနှင့်ရေသွားလမ်းအား ရှောင်ကြဉ်စေပါမည်။ စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်များမှာ တည်နေရာ Latitude 27° 20' 51.812" N, Longitude 98° 36' 48.093" E တွင် စောင့်ကြပ်ကြည့်ရှု စစ်ဆေးသွားမည် ဖြစ်ပါသည်။ တိုင်းတာမည့် Parameter များမှာ Arsenic, Cadmium, Chemical Oxygen demand, Chromium, Hexavalent, Copper, Cyanide, Iron, Mercury, Nickel, pH, Temperature, Total Suspended Solid, Zinc တို့ ဖြစ်ပါသည်။ (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားပါမည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံပါမည်။ တစ်နှစ်လျှင် ကုန်ကျစရိတ်မှာ (၁၀) သိန်းကျပ်ခန့်ဖြစ်ပါသည်။ တာဝန်ခံမန်နေဂျာ ဦးဆန်ဒေါင်းဂျုံနှင့် အဖွဲ့ဝင် (၅) ဦးပါသောအဖွဲ့မှ စောင့်ကြပ်စစ်ဆေးသွားမည် ဖြစ်ပါသည်။

(ဃ) မြေထုအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်ခွဲ

လုပ်ငန်းများ ဆောင်ရွက်နေစဉ် မြေထုထိခိုက်မှုများ ရှိလာပါက ထိခိုက်မှုများ လျော့ချနိုင်ရန် နှင့် Baseline Data များအတိုင်း ပြန်လည်ပြုပြင်သွားနိုင်ရန် မြေထုအရည်အသွေး စီမံခန့်ခွဲမှုအစီအစဉ်ကို ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားပါမည်။ လုပ်ငန်းလည်ပတ်ခြင်းကာလ နှင့် လုပ်ငန်းပိတ်သိမ်းခြင်းကာလတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာပုံများ တိုက်စားပြိုကျမှု မရှိစေရန် မြေစာပုံဘေးနံရံများတွင် စိမ်းလန်းစိုပြေရေးနှင့် ဘေးနံရံများ တည်တံ့ခိုင်မြဲမှု ရှိစေရေးအတွက် သစ်ပင်များ စိုက်ပျိုးထားမှုများ၊ မြေစာများ၏ ဘူမိဆိုင်ရာအချက်အလက်များ၊ အသုံးပြုပြီးသော မြေနေရာများအား အစားထိုးစိုက်ပျိုးမှု အခြေအနေများအား စစ်ဆေးသွားမည် ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးမည့် တည်နေရာမှာ Latitude 27° 20' 47.859" N, Longitude 98° 36' 44.212" E တွင် ဖြစ်ပါသည်။ တိုင်းတာစစ်ဆေးမည့် Parameter များမှာ As, Pb, Cr, Zn, Hg, Cd, Mo, Cu, pH တို့ဖြစ်ပါသည်။ (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးပါမည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့ (၆) လလျှင် (၁) ကြိမ် တင်ပြအစီရင်ခံသွားပါမည်။ တစ်နှစ်လျှင် ခန့်မှန်းကုန်ကျစရိတ်မှာ (၅) သိန်းကျပ်ခန့် ဖြစ်ပါသည်။ ဒါရိုက်တာ MANG JA TANG DEE ဦးဆောင်သော အဖွဲ့ဝင် (၅) ဦးပါအဖွဲ့မှ မြေထုအရည်အသွေးအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေလျာထားချက်

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ပါဝင်နေသော လုပ်ငန်းများအတွက် ရန်ပုံငွေလျာထားချက်မှာ ကျပ်သိန်း (၂၄၀) ခန့် လျာထားပါသည်။ လိုအပ်ပါက ထပ်မံစိုက်ထုတ်သုံးစွဲသွားမည် ဖြစ်ပါသည်။

- ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချမည့်လုပ်ငန်းအစီအစဉ် - (၁၀၀) သိန်း
- Mine Closure Plan အတွက် လျာထားချက်ရန်ပုံငွေ - (၄၀) သိန်း
- Monitoring လုပ်ငန်းဆောင်ရွက်ရန် လျာထားချက်ရန်ပုံငွေ - (၅၀) သိန်း
- လူမှုကူညီရေး (CSR) လုပ်ငန်းများအတွက် လျာထားရန်ပုံငွေ - (၅၀) သိန်း

စုစုပေါင်း ကျပ်သိန်း (၂၄၀) ခန့်ဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်သည့်အချိန်တွင် လိုအပ်ပါက ထပ်မံစိုက်ထုတ် ထည့်ဝင်သွားမည် ဖြစ်ပါသည်။

နိဂုံးနှင့် သုံးသပ်ချက်

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ ခဲသတ္တုလုပ်ကွက် အမှတ် (၃) သည် (၄၉.၅) ဧက ကျယ်ဝန်းပြီး (20.52% Pb) ပါဝင်သော ခဲသတ္တုရိုင်း သ-၂ အဆင့် (၂၆၀၁၀) မက်ထရစ်တန်ခန့် ရှိပါသည်။ တတိယပါတီဖြစ်သော Kalaw Citizen Mineral Exploration and Mining Company မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ (IEE) အား ရေးသားပြုစုခဲ့ပါသည်။ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ခဲသတ္တုရိုင်း ထုတ်လုပ်ရန် ကျပ်သိန်းပေါင်း (၃၀၀၀) ခန့် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကျပ်သိန်းပေါင်း (၂၄၀) ခန့် သုံးစွဲသွားမည်ဟု တင်ပြထားပါသည်။ စီမံကိန်းဆောင်ရွက်ချိန်တွင် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နိုင်မှုများကို အဖွဲ့များဖြင့် စနစ်တကျစောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ လုပ်ဆောင်သွားမည်ဟု တင်ပြထားပါသည်။ မိုင်းပိတ်သိမ်းချိန်တွင်လည်း စနစ်တကျဖြုတ်သိမ်းစောင့်ကြည့် စစ်ဆေးပြီး (၅) နှစ်တိတိ စောင့်ကြည့်သွားကာ ပြုပြင်ပေးသွားပါမည်။ စီမံကိန်းသည် လူနေဒေသနှင့် (၆) မိုင်ခန့် ကွာဝေးပြီး လူမှုပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်ပါ။ စီမံကိန်းကာလဖြစ်သော အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ မိုင်းပိတ်သိမ်းခြင်းနှင့် စောင့်ကြည့်ကာလများတွင် သက်ရောက်နိုင်သော ထိခိုက်မှုများကို အနည်းဆုံးဖြစ်စေရန် လျှော့ချရေးနည်းလမ်းများအတိုင်း စနစ်တကျကုစားခြင်း၊ အစားထိုးစိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးပေးသွားမည်ဆိုပါက ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသ ခဲနှင့် ရောရာသတ္တု တူးဖော်ရေးစီမံကိန်းသည် နိုင်ငံတော်အကျိုး၊ ဒေသအကျိုး၊ ကုမ္ပဏီအကျိုးရှိစေမည်ဖြစ်၍ ဆောင်ရွက်သင့်သော လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြထားပါသည်။

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လုပ်ကွက်အမှတ် (၃) တွင် လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခွန့်ရောရာသတ္တု ထုတ်လုပ်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း (INITIAL ENVIRONMENTAL EXAMINATION) အစီရင်ခံစာ

အခန်း(၂)

၂။ စီမံကိန်းအကြောင်းအရာဖော်ပြချက်(Project Description)

နိဒါန်း(Introduction)

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လုပ်ကွက် (၃) အား ခွန့်ရောရာသတ္တု ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းအစီရင်ခံစာ (Initial Environmental Examination) အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၃၆) ပါ ဥပဒေနှင့်အညီ ရေးဆွဲပြုစုခြင်း ဖြစ်ပါသည်။ ခွန့် ရောရာသတ္တုလုပ်ကွက် (၃) သည် (၄၉.၅) ဧက (0.2003 sqm) ကျယ်ဝန်းပါသည်။ လုပ်ကွက် (၃) အား ဘူမိဗေဒပညာရှင် ဦးစန်းရွှင် ခေါင်းဆောင်သောအဖွဲ့မှ အသေးစိပ်စမ်းသပ် တိုင်းတာခြင်းများ ပြုလုပ်ခဲ့ရာ ခဲသတ္တုပါဝင်နှုန်း (Pb 20.52%) ရှိသည့် သ-၂ အဆင့် (Probable Ore Reserve P-2) (၂၆၀၁၀) မက်ထရစ်တန် တွက်ချက်ရရှိခဲ့ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၏ (၂၈.၁၀.၂၀၂၀) နေ့စွဲပါ စာအမှတ် အီးအိုင်အေ ၁၀၃၀၅/၁၄၂ လပြည့်ဝန်း/စီမံကိန်း(၁၆)၂၀၂၀ ဖြင့် Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining Company Limited ဖြင့် (IEE) အစီရင်ခံစာ ရေးဆွဲရန် တင်ပြခဲ့ခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြား လာခဲ့ပါသည်။ Kalaw Citizen Mineral Exploration and Mining Company Limited ၏ ကြားဖြတ်ရေးဆွဲခွင့်လိုင်စင်အမှတ်မှာ 0022 (1.7.2017) ဖြစ်ပါသည်။ အကြီးတန်းဘူမိဗေဒပညာရှင် ဦးအေးမောင် ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် 17.12.2021 နေ့မှ 22.12.2021 နေ့အထိ ကွင်းဆင်းဒေသသို့ ဝင်ရောက်လေ့လာဆန်းစစ်၍ စစ်တမ်းများ ကောက်ယူခဲ့ပါသည်။

စီမံကိန်းအား အကောင်အထည်ဖော်မည့်ပုဂ္ဂိုလ်မှာ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ဖြစ်ပြီး အမှတ် (၁၃၉/၁)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ (၁၁၀၇၂)၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားရှိပါသည်။ ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ ၉၅၁ -၅၇၀၈၉၀၊ ၀၉ -

၄၅၀၆၀၁၃၃၈ နှင့် Fax (၉၅၁) - ၅၇၂၅၈၈ တို့ဖြစ်ပါသည်။ အုပ်ချုပ်မှုဒါရိုက်တာမှာ RAY DAM TANG (1/MAKANA (N) 036870) ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များမှာ MANG JA TANG DEE (1/KHABADA(N) 006991), KHIN THU MAUNG (1/MAKANA(N) 064820), SOE KYI (5/TAHSANA(N) 079889), LWIN LWIN KYAW (12/MAYAKA(N) 070606), RAKWI PUNG (1/MAKANA(N) 014878) တို့ဖြစ်ကြပါသည်။ စီမံကိန်းတာဝန်ခံမှာ ဦးဆန်ဒေါင်းဂျူ ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉ - ၄၅၀၆၀၁၃၃၈ နှင့် E-mail မှာ lpwgoldmining@gmail.com ဖြစ်ပါသည်။

ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်းအစီရင်ခံစာ ရေးသားပြုစုသည့် တတိယအဖွဲ့အစည်း (Third Party) မှာ ကလောစီတီဇင်ဓါတ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (Kalaw Citizen Mineral Exploration and Mining Company Limited) ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ ၅၆၃၆/ ၂၀၁၃-၂၀၁၄ (၂၇.၂.၂၀၁၄) ဖြစ်ပါသည်။ ကုမ္ပဏီသည် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်အမှတ် ၀၀၂၂ (၁.၇.၂၀၁၇) ရရှိထားပြီး ဓါတုဗေဒပညာရှင် ဦးမောင်ဝင်းသည် ၀၂၃၁ (၂၄.၅.၂၀၁၉) နှင့် ဘူမိဗေဒပညာရှင် ဦးနေဖြိုးဦးသည် ၀၂၃၂ (၂၄.၅.၂၀၁၉) ဖြင့် ကြားကာလအကြံပေးလုပ်ကိုင်သူမှတ်ပုံတင်အား ရရှိထားပြီးဖြစ်ပါသည်။ ကုမ္ပဏီ၏လိပ်စာမှာ အမှတ် (၈/၁၇၄)၊ နှင်းဆီလမ်း၊ (၈) ရပ်ကွက်၊ ကလောမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖြစ်ပြီး ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ ၀၉ - ၂၅၄၇၅၈၂၃၀၊ ၀၉ - ၄၂၈၃၂၅၄၁၈ နှင့် E-mail မှာ ayemaung.geol.klw@gmail.com ဖြစ်ပါသည်။ Third Party အဖွဲ့၏ အထောက်အထားများ အား နောက်ဆက်တွဲ (ဃ) တွင် ဖော်ပြထားပါသည်။

Third Party ၏ တာဝန်ခွဲဝေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ

ဦးအေးမောင်သည် အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းများနှင့် IEE အစီရင်ခံစာ ရေးသားပြုစုခြင်းလုပ်ငန်းတို့အား ဦးဆောင်၍ ပြုလုပ်ရပါသည်။ ဦးနေလင်းမောင်သည် ဆူညံသံနှင့်တုန်ခါမှု၊ လေအရည်အသွေး၊ ရေအရည်အသွေး နမူနာများ ရယူခြင်းနှင့် တိုင်းတာခြင်းလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ပါသည်။ ဒေါ်သီတာအေးမောင်သည် Socio Economy နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုဆန်းစစ်ခြင်းနှင့် အများပြည်သူနှင့်တွေ့ဆုံခြင်းများကို တာဝန်ယူဆောင်ရွက်ပါသည်။ ဦးမောင်ဝင်းသည် မြေအရည်အသွေး၊ ရေအရည်အသွေး ဓါတ်ခွဲစမ်းသပ်ခြင်းများနှင့် အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်းများကို တာဝန်ယူဆောင်ရွက်ပါသည်။ ဒေါက်တာရန်မျိုးနိုင်သည် ဂေဟစနစ်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိခိုက်မှု

ဆန်းစစ်ခြင်းများကို တာဝန်ယူဆောင်ရွက်ရပါသည်။ ဦးနေဖြိုးဦးသည် မြေနမူနာရယူခြင်း၊ သတ္တုနမူနာရယူခြင်း၊ မြေဆီလွှာနှင့် ဘူမိဗေဒဆိုင်ရာများအား ဦးအေးမောင်နှင့် တွဲဘက် တာဝန်ယူဆောင်ရွက်ပါသည်။ ဦးကျင်တိတ်သည် သတ္တုတွင်းဒီဇိုင်းများနှင့် Dumping Site, Waste Dumping Site, Waste Water Pond, Retaining Wall ဒီဇိုင်းများနှင့် Waste Management များကို တာဝန်ယူဆောင်ရွက်ပါသည်။

Third Party အဖွဲ့၏ အထောက်အထားများအား နောက်ဆက်တွဲ (ဃ) တွင် ဖော်ပြ ထားပါသည်။

အခန်း (၃)
ကတိကဝတ်များ (Commitments)

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသ၊ လုပ်ကွက် အမှတ် (၃) တွင် ခဲနှင့်ရောရာသတ္တု ထုတ်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း (Initial Environmental Examination – IEE) အစီရင်ခံစာအား ရေးသားတင်ပြရာတွင် စီမံကိန်းအဆိုပြုသူ နှင့် IEE အစီရင်ခံစာ ရေးသားပြုစုသူတို့၏ ဝန်ခံကတိပြုချက်များအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

၃.၁။ စီမံကိန်းပိုင်ရှင်၏ ကတိကဝတ် (Project Proponent Commitment)

ရက်စွဲ: ၂၂ - ၂ - ၂၀၂၂

Project Proponent's Commitment

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် - (၃၅) အရ စီမံကိန်းအဆိုပြုသူမှ အောက်ဖော်ပြပါအချက်များကို ကတိကဝတ်ပြု လက်မှတ်ရေးထိုးအပ်ပါသည်။

- ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းသည် တိကျခိုင်မာမှုရှိကြောင်းနှင့် ပြည့်စုံမှု ရှိပါသည်။
- လုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ထားပါသည်။
- အစီရင်ခံစာပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာမည်ဖြစ်ကြောင်း စီမံကိန်းအဆိုပြုသူ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာမှ လက်မှတ်ရေးထိုး ဝန်ခံကတိပြုပါသည်။

စီမံကိန်းဖော်ဆောင်သူ

RAY DAM TANG (မန်နေးဂျင်းဒါရိုက်တာ)
လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
Ph: +95 1 570890, 09 450060138
Email: lpwgoldmining@gmail.com

၃.၂။ စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များ

ခဲသတ္တုအလတ်စား ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုလျော့နည်း သက်သာစေရေးအတွက် စီမံကိန်းအဆိုပြုသူမှ လိုက်နာဆောင်ရွက်မည့် ကတိကဝတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ခဲသတ္တုတူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် မိုင်းပိတ်သိမ်းချိန်တွင် အသုံးပြုရန်အတွက် သတ်မှတ်ထားသော နေရာများတွင် စနစ်တကျ စုပုံထားပါမည်။
- လုပ်ငန်းဆောင်ရွက်နေစဉ် ထွက်ရှိသော စွန့်ပစ်မြေစာများအား ခဲသတ္တုတူးဖော်ပြီး လိုဏ်ခေါင်းများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖြည့်ပါမည်။
- လိုဏ်ဂူများ၊ ကျင်းများ တူးဖော်ရာမှ ထွက်ရှိသော မြေအောက်စိမ့်ထွက်ရေများအား အနည်ထိုင်ကန်မှတဆင့် ရေကြည်စု၍ အစားထိုးစိုက်ခင်းများ ရေလောင်းရန်နှင့် သတ္တုသယ်ယူသည့်လမ်းများ ရေဖြန်းရာတွင် အသုံးပြုပါမည်။ ဓါတ်ခွဲစမ်းသပ်မှုများအရ ညစ်ညမ်းမှု မရှိသော်လည်း မြေအောက်စိမ့်ထွက်ရေများ အရည်အသွေးများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်ပါအတိုင်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စွန့်ထုတ်ရည်အရည်အသွေးများနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပါမည်။
- လုပ်ကွက်အနီးရှိ ချောင်းနှင့် လုပ်ကွက်အတွင်း မိုးရာသီဖြတ်သန်းစီးဆင်းသော ရေများအား ညစ်ညမ်းမှု ရှိ/မရှိ ရေနမူနာ ကောက်ယူစစ်ဆေးပါမည်။
- ခဲသတ္တုများကို သယ်ယူပို့ဆောင်ရာတွင် ဖုန်မှုန့်များ ပျံ့လွင့်မှုတို့ကြောင့် လူမှုဝန်းကျင် ထိခိုက်မှု မရှိစေရေးနှင့် လေထုညစ်ညမ်းမှု မရှိစေရေးတို့အတွက် လုပ်ကွက် အတွင်း သတ္တုသယ်ယူသည့်လမ်းနှင့် သတ္တုရိုင်းစုပုံကွင်းများတွင် ဖုန်မှုန့်ပျံ့လွင့်မှုတိုင်းတာသည့် ကိရိယာများ တပ်ဆင်၍ တိုင်းတာစစ်ဆေးခြင်းကို မိုးရာသီမှအပ ကျန်ကာလများတွင် တိုင်းတာစစ်ဆေးရန်နှင့် သတ်မှတ်စံနှုန်းများထက် ကျော်လွန်ပါက ဖုန်မှုန့်ပျံ့လွင့်မှု လျော့ချရေးအတွက် စီမံဆောင်ရွက်ပါမည်။
- လုပ်ငန်းဆောင်ရွက်မှုများကြောင့် ဝန်ထမ်းအိပ်ဆောင်များနှင့် ဆက်စပ်ဒေသအတွင်း ဆူညံသံအား နေ့ (55 dBA)၊ ည (45 dBA) အတွင်းရှိစေရေးအတွက် အသုံးပြုသည့် စက်များအား ဆူညံသံလျော့နည်းသက်သာသည့် စက်များဝယ်ယူအသုံးပြခြင်း၊ ပုံမှန်ကြိုခိုင်မှုရှိစေရေးအတွက် ဆောင်ရွက်ပါမည်။ ခဲသတ္တုတူးဖော်မည့် လုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ကွက်ဧရိယာနှင့် ဆက်စပ်နယ်မြေများအတွင်း စိမ်းလန်းစိုပြေစေရေး၊ ဂေဟစနစ်ဖွံ့ဖြိုးရေးနှင့် မြင်ကွင်းရှုခင်းများ မျက်စိပသာဒ ဖြစ်စေရေးအတွက် သစ်ပင်များအား စိုက်ပျိုးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပါမည်။
- လုပ်ကွက်ဧရိယာနှင့် ဒေသဝန်းကျင်ကျေးရွာများ၏ ဘာသာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နှစ်စဉ်သုံးစွဲမည့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ သတ်မှတ်ဆောင်ရွက်ပါမည်။
- ဒါလန်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် (၆) လတစ်ကြိမ် တွေ့ဆုံဆွေးနွေးမည် ဖြစ်ပြီး ကုမ္ပဏီမှဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှုများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် လုပ်ငန်းများတွင် ချိတ်ဆက်ပါဝင် ကူညီဆောင်ရွက်ရေးအတွက် စီစဉ် ဆောင်ရွက်ထားပါသည်။
- ခဲသတ္တုရိုင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ကျန်းမာရေးထိခိုက်မှု မရှိစေရန်အတွက် စီမံချက်များရေးဆွဲ ဆောင်ရွက်ပါမည်။ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်း၍ တာဝန်များ သတ်မှတ်ဆောင်ရွက်ပါမည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ သတ်မှတ်ထုတ်ပြန်ထားမည် ဖြစ်ပါသည်။
- ခဲသတ္တုရိုင်းတူးဖော်ခြင်းလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များအား ဆောင်ရွက်ပေးပါမည်။
- ခဲသတ္တုရိုင်းတူးဖော်ခြင်းတွင် အသုံးပြုထားသော မြေနေရာများအား သင့်လျော်သော မြေယာအသုံးချမှုလုပ်ငန်းတစ်ရပ် ထူထောင်နိုင်သည်အထိ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။
- လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် လုပ်ငန်းများကိုလည်း ပုံမှန်ဆောင်ရွက်သွားပါမည်။ မိုင်းပိတ်သိမ်းသည့်ကာလတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား စီမံဆောင်ရွက်သွားပါမည်။

၃.၃။ တတိယအဖွဲ့အစည်း၏ကတိကဝတ် (**Third party's Commitment**)

ရက်စွဲ: ၂၂ - ၂ -၂၀၂၂

Third Party's Commitment

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ မြေဧရိယာ (၄၉.၅) ဧက ကျယ်ဝန်းသော လုပ်ကွက် (၃) တွင် ခဲနှင့်ရောရာသတ္တု ထုတ်လုပ်ရေး လုပ်ငန်းအတွက် (Initial Environmental Examination - IEE) အစီရင်ခံစာအား Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining ကုမ္ပဏီ၏ ကိုယ်စား မိမိမှတာဝန်ယူ ရေးသားထားခြင်းဖြစ်ပါသည်။

ကနဦးပတ်ဝန်းကျင်လေ့လာခြင်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ခဲသတ္တုလုပ်ကွက်၏ လက်ရှိပတ်ဝန်းကျင်အခြေအနေ၊ ခဲသတ္တုတူးဖော်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်များပါ အချက်များ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအစဉ်များအတွက် ရန်ပုံငွေထားရှိဆောင်ရွက်နေသည့် အချက်အလက်များမှာ ပြည့်စုံမှန်ကန်မှု ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ ပြဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤအစီရင်ခံစာပါ အချက်အလက် ဖော်ပြမှုများနှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ချမည့်အစီအစဉ်နှင့် သက်ဆိုင်သော ဖော်ပြမှုများသည် တိကျခိုင်မာမှုရှိကြောင်းနှင့် မှန်ကန်မှုရှိပါကြောင်း တတိယပုဂ္ဂိုလ်တစ်ဦး အနေဖြင့် ဝန်ခံကတိပြုပါသည်။

အစီရင်ခံစာရေးသားသူ

ဦးအေးမောင်
(အကြီးတန်းဘူမိဗေဒပညာရှင်)
Ph: +95 9 254758230
Email: ayemaung.geol.klw@gmail.com

အခန်း (၄)

မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ (Policies & Legislation)

၄.၁။ ကုမ္ပဏီ၏စီမံကိန်းဆိုင်ရာမူဝါဒများ

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု ထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ EMP စီမံချက်ဆိုင်ရာမူဝါဒ၊ IEE ဆိုင်ရာမူဝါဒ၊ ဥပဒေဆိုင်ရာစီမံခန့်ခွဲမှု အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က) EMP စီမံချက်ဆိုင်ရာမူဝါဒ

- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၅)၊ အပိုဒ် (၆၃) (ဇ) အား လိုက်နာဆောင်ရွက်သွားရန်၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ပုဒ်မ ၅၅ (က) နှင့်အညီ EMP အစီရင်ခံစာများ ရေးသားပြုစုရန်၊
- EMP အစီရင်ခံစာပါ အစီအစဉ်များအား အခန်း (၇)၊ အပိုဒ် (၇၇) (က) (ခ) (ဂ) နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊

(ခ) IEE **ဆိုင်ရာမူဝါဒများ**

- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း (၄)၊ အပိုဒ် (၃၅) (က) (ခ) (ဂ) နှင့်အညီ ဆောင်ရွက်ရန်၊
- IEE အစီရင်ခံစာတင်သွင်းခြင်းအား အချိန်နှင့်တပြေးညီ ဆောင်ရွက်ရန်၊

(ဂ) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာမူဝါဒများ

ကုမ္ပဏီအနေဖြင့် အောက်ပါပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာမူဝါဒများ (ESMP) ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ အခြေအနေများအကြောင်းကို သိရှိနိုင်ရန် စနစ်တကျ လေ့လာမှုပြုလုပ်ခြင်း၊
- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာထိခိုက်မှုများကို လေ့လာဆန်းစစ်ခြင်း၊
- အန္တရာယ်ဖြစ်နိုင်ခြေရှိသည်များကို လေ့လာဆန်းစစ်ခြင်း (Risk Assess) ၊
- ပေါင်းစပ်သက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်း၊
- ဒေသခံပြည်သူများ ချိတ်ဆက်ပါဝင်စေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

- ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲခြင်း စသည့်မူဝါဒများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

(ဂ) ဥပဒေဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် သတ္တုတူးဖော်နေစဉ် ဥပဒေပညာရှင်တစ်ဦးအား အကြံပေးအဖြစ် ခန့်ထား၍ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ မြန်မာနိုင်ငံသတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော ဥပဒေများအား ကုမ္ပဏီ၏ တာဝန်ရှိသူများ၊ ဝန်ထမ်းများ သိရှိစေရန် ရှင်းလင်းခြင်း၊ ပညာပေးခြင်း၊ သင်တန်းပို့ချခြင်းများအား စီစဉ်ဆောင်ရွက်သွားပါမည်။

၄.၂။ လိုက်နာသွားမည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုတွင် စီမံကိန်းလုပ်ငန်းနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာလျှက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ(၂၀၁၄)

(၃) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း(၂၀၁၅)

(၄) သစ်တောဥပဒေ (၂၀၁၈)

(၅) သစ်တောနည်းဥပဒေ(၁၉၉၅)

(၆) မြန်မာ့သတ္တုတွင်းဥပဒေ (၁၉၉၄)

(၇) မြန်မာ့သတ္တုတွင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၅)

(၈) မြန်မာ့သတ္တုတွင်းနည်းဥပဒေ(၂၀၁၈)

(၉) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၀၆)

(၁၀) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃)

(၁၁) လူမှုဖူလုံရေးဥပဒေ(၂၀၁၂)

(၁၂) အလုပ်သမားအဖွဲ့အစည်းဥပဒေ(၂၀၁၁)

(၁၃) အနည်းဆုံးအခကြေးငွေဥပဒေ(၂၀၁၃)

(၁၄) အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ(၁၉၅၁)

(၁၅) ပြည်သူ့ကျန်းမာရေးဥပဒေ(၁၉၇၂)

(၁၆) မြေအောက်ရေအက်ဥပဒေ(၁၉၃၀)

(၁၇) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ (၂၀၁၃)

(၁၈) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ(၂၀၁၅)

(၁၉) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ(၂၀၁၅)

(၂၀) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)

(၂၁) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈)

(၂၂) အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၉)

(၂၃) သတ္တုတွင်းနည်းဥပဒေများကိုပြင်ဆင်သည့်နည်းဥပဒေများ (အမိန့်ကြော်ညာစာ အမှတ်၊ ၅၂/၂၀၁၉)

(၂၄) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂)

(၂၅) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (၂၀၁၃)

(၂၆) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာဥပဒေ (၂၀၁၉)

(၂၇) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (၂၀၁၄)

(၂၈) တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝနယ်မြေများ ကာကွယ်ရေးနှင့် သဘာဝတောများ ထိန်းသိမ်းရေးဥပဒေ (၁၉၉၄)

(၂၉) တောရိုင်းတိရိစ္ဆာန်၊ သဘာဝအပင်များ ထိန်းသိမ်းရေးနည်းဥပေဒ (၂၀၀၂)

(၃၀) အခကြေးငွေ ပေးချေရေးဥပဒေ (၂၀၁၆)

(၃၁) လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ (၂၀၁၈)

(၃၂) အမျိုးသားမြေအသုံးချမှုဆိုင်ရာမူဝါဒဥပဒေ (၂၀၁၆)

(၃၃) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၃)

၄.၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာစံချိန်စံညွှန်းများ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ စံချိန်စံညွှန်းများမှာ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များမှ အပိုဒ် (၁.၁) ထုတ်လွှတ်အခိုးအငွေ့ (Air Emmisions) ၊ National Drinking Water Quality Standards.2014 MOH Myanmar၊ အပိုဒ် (၁.၂) စွန့်ပစ်ရေ၊ အပိုဒ် (၁.၃) ဆူညံသံ (Noise)၊ အပိုဒ် (၂.၇.၂) သတ္တုရိုင်းနှင့်တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း (Ore and Mineral Extraction) စသည်တို့ဖြစ်ပါသည်။

(က) ထုတ်လွှတ်အခိုးငွေ့ (Air Emissions) နှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်သွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် (၁.၁) မှ အောက်ပါစံချိန်စံညွှန်းများအား လိုက်နာပါမည်။

Parameter	Averaging Period	Guideline Value µg/m^3
Nitrogen dioxide	1-year 1-hour	40 200
Ozone	8-hour daily Maximum	100
Particulate matter PM_{10}[a]	1-year 24-hour	20 50
Particulate matter $PM_{2.5}$[b]	1-year 24-hour	10 25
Sulphur dioxide	24-hour 10-minute	20 500

[a] Particulate matter 10 micrometers or less in diameter

[b] Particulate matter 2.5 micrometers or less in diameter

(ခ) National Drinking Water Quality Standards.2014 MOH Myanmar

Parameter	Unit	Concentration	Reference
Alluminium	mg/l	0.2	National drinking water quality standards. 2014. Ministry of Health, Myanmar
Ammonia Nitrogen	mg/l	1.5	As above
Antinomy	mg/l	0.02	As above
Arsenic	mg/l	0.05	As above
Barium	mg/l	0.07	As above
Boron	mg/l	2.4	As above
Cadminum	mg/l	0.003	As above
Calcium	mg/l	200	As above
Chloride	mg/l	250	As above
Chromium	mg/l	0.05	As above
Color	TCU	15	As above
Copper	mg/l	02	As above
Cyanide	mg/l	0.07	As above
Fluoride	mg/l	1.5	As above
Iron	mg/l	1	As above
Lead	mg/l	0.01	As above
Magnesium	mg/l	150	As above
Manganese	mg/l	0.4	As above
Mercury(total)	mg/l	0.001	As above
Nickel	mg/l	0.07	As above
Total dissolved solids	mg/l	1000	As above
pH	–	6.5 – 8.5	As above
Turbidity	NTU	5	As above

(ဂ) စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်နှင့် မိလ္လာရေစွန့်ထုတ်မှု (Waste Water, Storm Water Runoff, Effluent and Sanitary Discharges (General Application) နှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် (၁.၂) မှ အောက်ပါစံချိန်စံညွှန်းများအား လိုက်နာပါမည်။

Parameter	Unit	Guideline Value
5-day Biochemical oxygen damand	mg/l	50
Ammonia	mg/l	10
Arsenic	mg/l	0.1
Cadmium	mg/l	0.1

Chemical oxygen demand	mg/l	250
Chlorine (total residual)	mg/l	0.2
Chromium (hexavalent)	mg/l	0.1
Chromium (total)	mg/l	0.5
Copper	mg/l	0.5
Cyanide (free)	mg/l	0.1
Cyanide (total)	mg/l	1
Fluoride	mg/l	20
Heavy metals (total)	mg/l	10
Iron	mg/l	3.5
Lead	mg/l	0.1
Mercury	mg/l	0.01
Nickel	mg/l	0.5
Oil and grease	mg/l	10
pH	S.U	6-9
Phonols	mg/l	0.5
Selenium	mg/l	0.1
Silver	mg/l	0.5
Sulphide	mg/l	1
Temperature increase	°C	<3
Total coliform bacteria	100 ml	400
Total phosphorus	mg/l	2
Total suspended solids	mg/l	50
Zinc	mg/l	2

(ဃ) ဆူညံသံ (Noise) နှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် (၁.၃) မှ အောက်ပါစံချိန်စံညွှန်းများအား လိုက်နာပါမည်။

Receptor	One Hour LA eq (dBA)[a]	
	Day Time 07 : 00 – 22 : 00 (10 : 00 – 22 : 00 For Public Holidays)	Night Time 22 : 00 – 07 : 00 (22 : 00 – 10 : 00 For Public Holidays)
Residential In Educational	55	45
Industrial Commercial	70	70

[a] Equivalent Continious Sound Level in decibles.

(c) သတ္တုရိုင်းနှင့် တွင်းထွက်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း (Ore and Mineral Extraction)[a] အတွက် စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များ (Effluent Levels) နှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက် အပိုဒ် (၂.၇.၂) မှ အောက်ပါ စံချိန်စံညွှန်းများအား လိုက်နာပါမည်။

Parameter	Unit	Guideline Value
Arsenic	mg/l	0.1
Cadmium	mg/l	0.05
Chemical Oxygen demand	mg/l	150
Chromium (hexavalent)	mg/l	0.1
Copper	mg/l	0.3
Cyanide	mg/l	1
Cyanide (free)	mg/l	0.1
Cyanide (weak acid dissociable)	mg/l	0.5
Iron (total)	mg/l	2
Lead	mg/l	0.2
Mercury	mg/l	0.002

Nickel	mg/l	0.5
pH	S.U[b]	6-9
Temperature	°C	<3 degree differential
Total suspended solids	mg/l	50
Zinc	mg/l	0.5

[a] = Environmental, health and safety guidelines for mining. 2007. International Finance Corporation, World Bank Group.

[b] = Standard Unit

(စ) လူမှုရေးဆိုင်ရာလိုက်နာဆောင်ရွက်မည့်အချက်များ

အထက်ဖော်ပြပါ စံချိန်စံညွှန်းများအပြင် ကုမ္ပဏီဝန်ထမ်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်သာချောင်ချိရေးကိစ္စများ ဆောင်ရွက်ပေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများအား စဉ်ဆက်မပြတ်စီမံဆောင်ရွက်ခြင်း စသည့်အချက်များကို စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

(ဆ) နိုင်ငံတကာကွန်ဗင်းရှင်းများနှင့် သဘောတူစာချုပ်များ၊ နိုင်ငံတကာမူဝါဒများ

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ နိုင်ငံတကာကွန်ဗင်းရှင်းများ နှင့် သဘောတူစာချုပ်များ၊ နိုင်ငံတကာမူဝါဒများ၊ လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများအား လိုက်နာဆောင်ရွက်မည် ဖြစ်ပါသည်။

International Frameworks

- Extractive Industries Transparency Initiative (EITI)
- International Council on Minerals and Metals (ICMM) Sustainable Development Framework
- Voluntary Principles on Security and Human Rights (VPSHR)
- China Chamber of Commerce of Metals, Minerals & Chemical Importers and Exporters (CCCMC) Guidelines
- OECD Due Diligence Guideline for Responsible Supply Chains of Minerals from Comflict-Affected and High Risk Areas
- European Union Regulation on Conflict Minerals
- National Ambient Air Quality Standards (EPA)

အခန်း (၅)

စီမံကိန်းအကြောင်းအရာဖော်ပြချက်များ

၅.၁။ စီမံကိန်းတည်နေရာ

ခဲနှင့်ရောရာသတ္တု လုပ်ကွက် (၃) သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် တည်ရှိပြီး တစ်လက်မ တစ်မိုင်စကေး မြန်မာပြည် မြေပုံညွှန်းအမှတ် 92-I/11 အတွင်းတွင် တည်ရှိပါသည်။ လုပ်ကွက်(၃)၏ ထောင့်စွန်းမြေပုံညွှန်းများမှာ -

A. 92-I/11 (301934) (Latitude 27° 20' 40.74" N, Longitude 98° 36' 38.373" E)

B. 92-I/11 (306934) (Latitude 27° 20' 39.712" N, Longitude 98° 36' 54.666" E)

C. 92-I/11 (306939) (Latitude 27° 20' 54.309" N, Longitude 98° 36' 55.488" E)

D. 92-I/11 (301939) (Latitude 27° 20' 55.285" N, Longitude 98° 36' 39.196" E)

စုစုပေါင်းဧရိယာ (၄၉.၅) ဧက (၀.၂၀၀၃ စတုရန်းကီလိုမီတာ) ဖြစ်ပါသည်။

၅.၂။ စီမံကိန်းအရွယ်အစား

ခဲနှင့်ရောရာသတ္တု အလတ်စား ထုတ်လုပ်ရေးစီမံကိန်းဖြစ်ပြီး စုစုပေါင်း (၄၉.၅ ဧက) (၀.၂၀၀၃ စတုရန်းကီလိုမီတာ) ကျယ်ဝန်းပါသည်။

၅.၃။ လမ်းပန်းဆက်သွယ်ရေး

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှ ပူတာအိုမြို့သို့ လေယာဉ်ဖြင့်လည်းကောင်း၊ မော်တော်ကားဖြင့်လည်းကောင်း သွားရောက်နိုင်ပါသည်။ ပူတာအိုမှ မငွေဇသို့ (၆၅) မိုင်၊ မငွေဇမှ ခေါင်လန်ဖူးသို့ (၆၅)မိုင် (၄) ဖာလုံ၊ စုစုပေါင်း (၁၃၅) မိုင် (၄) ဖာလုံခရီးစဉ်အား ယခုအခါ 4 Wheel ကားများဖြင့် သွားရောက်နိုင်ပြီ ဖြစ်ပါသည်။ ခေါင်လန်ဖူးမှ လုပ်ကွက်ရှိရာသို့ ခေါင်လန်ဖူး-ရှိန်းခေါင်လမ်းအတိုင်း (၃၅) မိုင်ခန့်အား မော်တော်ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း ဝင်ရောက်နိုင်ပါသည်။

ဒုတိယတစ်နည်းမှာ မြစ်ကြီးနားမှ ကန်ပိုက်တည်ကိုဖြတ်၍ ဖီမော်အထိ မိုင် (၂၀၀) ခန့်၊ ထိုမှ ဖီမော်-လုခူး-ဟိုကုန်း လမ်းအတိုင်း မိုင် (၁၈၀) ခန့်၊ ဟိုကုန်း နယ်ခြားအမှတ် (၁) ရှိန်းခေါင်လမ်း (၄၅) မိုင်ခန့်၊ ရှိန်းခေါင် - မလိဝန် မြေသားလမ်း (၂၁) မိုင်ခန့်၊ မလိဝန် - အရိလိန် - ဒါဘန် မြေသားလမ်း (၅) မိုင်ခန့်အား ပွင့်လင်းရာသီတွင် ကားဖြင့် ဝင်ရောက်နိုင်ပါသည်။

၅.၄။ စီမံကိန်းကာလ

စီမံကိန်းကာလမှာ (၁၅) နှစ်ခန့် ဖြစ်ပါသည်။

၅.၅။ စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းအဆင့်များ

အကြိုတည်ဆောက်ရေးကာလတွင် လုပ်ကွက်နယ်နိမိတ်တိုင်းတာခြင်း၊ နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်း၊ လုပ်ကွက်သို့ ဝင်ရောက်သည့်လမ်းများ ဖောက်လုပ်ခြင်း ဆောင်ရွက်ပါမည်။

တည်ဆောက်ရေးကာလတွင် မြေနေရာရှင်းလင်းခြင်း၊ ဝန်ထမ်းတဲများ တည်ဆောက်ခြင်း၊ အလုပ်သမားအဆောင် (24'x12') တဲ (၂) လုံး၊ ကြီးကြပ်ရေးအဆောင် (18'x12') (၁) လုံး၊ ပညာရှင်များအဆောင် (18'x12') (၁) လုံး၊ ရှင်းလင်းဆောင် (12'x12') (၁) လုံး၊ စားဖိုဆောင် (24'x10') (၁) ဆောင်၊ ပစ္စည်းဂိုဒေါင် (12'x12') (၁) လုံး၊ စက်ပြင်အလုပ်ရုံ (18'x18') (၁) လုံး၊ ကင်းတဲ (6'x6') (၁) လုံးတို့အား သွပ်မိုး ထရံကာဖြင့် တည်ဆောက်ပါမည်။

လုပ်ငန်းအကောင်အထည်ဖော်သည့်ကာလတွင် မြေနေရာရှင်းလင်းခြင်း၊ သတ္တုတူးဖော်ဆောင်ခြင်း ဆောင်ရွက်ပါမည်။ တူးဖော်ထုတ်လုပ်မည့် နည်းစနစ်မှာ မြေအောက်တူးဖော်မှု နည်းစနစ် (Underground Mining Method) ဖြင့် ခဲသတ္တုပါဝင်သည့် ဖြုံးမြေစာများကို တူးဖော်ပါမည်။ တူးဖော်ရရှိသည့် ခဲသတ္တု၏ တွင်းထွက်ဗေဒ (Lead Ore Mineralogy) တို့ကို အခြေခံပြီး မျောတိုက်ခြင်းနည်းစနစ် (Floatation Method) ဖြင့် အသုံးပြုသန့်စင်သွားပါမည်။ လုပ်ကွက်ရှင်းလင်းခြင်းနှင့် ခဲသတ္တုစွဲဝင်ဇုံကို သတ်မှတ်ခြင်း ဆောင်ရွက်ရပါသည်။ ခဲသတ္တုစွဲဝင်သော ဇုံရှိသည့်တောင်စောင်းအား လိုဏ်ဂူ (Adit) တူးဖော်၍ ထုတ်ရပါသည်။ ခဲသတ္တုတွေ့ရှိမှုအပေါ် မူတည်ပြီး (Cross Cut) လိုဏ်ဖြတ်များ၊ စိုက်ကျင်း (Test Pit) များ တူးဖော်သွားပါမည်။ ခဲသတ္တုပါဝင်သည့် ဖြုံးကြောများအား လိုဏ်ဂူအတွင်း မိုင်းခွဲ၍ တူးဖော်ပါမည်။ သတ္တုမပါသည့် ဖြုံးကျောက်များအား တွန်းလှည်းများဖြင့် သယ်ယူပြီး လိုဏ်မ၊ လိုဏ်ဖြတ်များတွင် ဒေါက်အဖြစ်ဖို့ခြင်းနှင့် လိုဏ်ဂူအပြင်သို့သယ်ပြီး စုပုံကျင်း (Waste Dumping Site) တွင် စနစ်တကျစွန့်ပစ်ပါမည်။ သတ္တုပါသည့် ဖြုံးကျောက်များအား လိုဏ်ဂူအပြင်သို့ သယ်ထုတ်ပြီး ဖြုံးကြိတ်ခွဲစက် (Crushing and Grinding) ဖြင့် ကြိတ်ခွဲပါမည်။

ကြိတ်ခွဲပြီးသည့် ခဲသတ္တုပါသော ကြိတ်ခွဲစာများအား မျောလောင်းခြင်းနည်းစနစ် (Floatation Method) ဖြင့် မျောလောင်းရပါသည်။ ထို့နောက် မျောစင်တွင်တင်ပြီး လှုပ်ခါစက် (Shaking Table) ဖြင့် သန့်စင်ပါသည်။ ရရှိသော ခဲသတ္တုပါ Concentrate များကို စနစ်တကျ ထုတ်ပိုးပြီး စျေးကွက်သို့ ပို့ဆောင်ရောင်းချပါသည်။

ခဲသတ္တုများအား ရေဖြင့်မျောလောင်းသန့်စင်ရာတွင် ထွက်လာသော ရေနှင့် စွန့်ပစ်မြေစာများအား ရေစစ်ကန် (Water Pond) သုံးဆင့်ဖြင့် ရေစစ်သန့်စင်ပါမည်။ ထွက်လာသော ရေများအား မီးသွေးကိုဖြတ်စီးစေပြီး ထပ်မံသန့်စင်ပါမည်။ သန့်စင်ပြီးရေများအား ပြန်လည်အသုံးပြုခြင်း (Recycle)၊ သစ်ပင်များ ရေလောင်းခြင်း၊ ပိုလျှံပါက လမ်းများအား ရေဖြန်းခြင်းများ ဆောင်ရွက်ပါမည်။

ရေစစ်ကန်များတွင် ကျန်ရစ်နေသော နုန်းမြေစာများအား စွန့်ပစ်မြေစာပုံ (Waste Dumping Site) တွင် သိမ်းဆည်းထားပါမည်။ လုပ်ငန်းပိတ်သိမ်းသည့်အခါ ရေကန်ဟောင်းများ၊ ချိုင့်များ၊ ကျင်းများနှင့် လိုအပ်သောနေရာများတွင် ဖြည့်ဖို့လျှက် ဒေသနှင့်ကိုက်ညီသော သစ်ပင်များ စိုက်ပျိုးပါမည်။

၅.၆။ ခဲသတ္တု တူးဖော်ထုတ်လုပ် သန့်စင်ပုံအဆင့်ဆင့်ပြဇယား



၅.၇။ သတ္တုသိုက်ဆိုင်ရာ အချက်အလက်များ

(က) ဒါဘန်-နန်းကြိန်ဒေသ၊လုပ်ကွက်(၃)ခဲသတ္တုသိုက်၏တန်ချိန်ပမာဏ = ၂၆၀၁၀ မက်ထရစ်တန်

(ခ) တစ်နှစ်လျှင် တူးဖော်ထုတ်လုပ်မည့် ခဲသတ္တုရိုင်းတန်ချိန် = ၁၇၃၄ မက်ထရစ်တန်

(ဂ) တစ်နှစ်လျှင်ထွက်ရှိမည့် ခဲသတ္တုသားတန်ချိန် **(Final Product)** = ၃၅၅.၈၂ မက်ထရစ်တန်

(ဃ) ခဲသတ္တုသား ပါဝင်နှုန်း = ၂၀.၅၂%

(င) သတ္တုသိုက်၏ တန်ချိန်ပမာဏ = ၂၆၀၁၀ မက်ထရစ်တန်

ဖယ်ထုတ်ရမည့် တန်ချိန်ပမာဏ = ၄၇၅၁၀ မက်ထရစ်တန်

Stripping Ratio = ၀.၅၅ : ၁ ဖြစ်ပါသည်။

၅.၈။ စီမံကိန်းတွင်ဆောက်လုပ်မည့် အဆောက်အဦများ

စဉ်	အဆောက်အဦအမည်	အရေအတွက်
၁။	အလုပ်သမားများနေရန်အဆောင် (24' × 12')	၂ လုံး
၂။	ကြီးကြပ်ရေးအဆောင် (18' × 12')	၁ လုံး
၃။	အင်ဂျင်နီယာနှင့်ဘူမိဗေဒပညာရှင်များနေရန် (18' × 12')	၁ လုံး
၄။	ရုံးအဆောက်အဦနှင့် ရှင်းလင်းဆောင် (12' × 12')	၁ လုံး
၅။	စားဖိုဆောင် (24' × 12')	၁ လုံး
၆။	ပစ္စည်းဂိုဒေါင် (12' × 12')	၁ လုံး
၇။	စက်ပြင်အလုပ်ရုံ (18' × 12')	၁ လုံး
၈။	ကင်းတဲ (6' × 6')	၁ လုံး

ခဲသတ္တုသန့်စင်ခြင်းလုပ်ငန်း၌ လိုအပ်မည့်အချက်များမှာ အောက်ပါ ခဲသတ္တုသန့်စင်သုံး ပစ္စည်းများ ဖြစ်ပါသည်။

- ဖိအားသုံးရေပိုက် (Pressure Pump)

- ဇကာ (Grizzly)

- ယမ်းပုံး (Sluice Box)

- ရေစစ်ကန် (Tailing Pond) တို့ ဖြစ်ပါသည်။

၅.၉။ ဝန်ထမ်းအင်အား

တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အောက်ပါဝန်ထမ်းအင်အားများကို အသုံးပြုပါမည်။

စဉ်	ရာထူး	ဦးရေ
၁။	ဒါရိုက်တာ	၁ ဦး
၂။	စီမံကိန်းမန်နေဂျာ	၁ ဦး
၃။	သတ္တုတွင်းအင်ဂျင်နီယာ	၁ ဦး
၄။	ဘူမိဗေဒပညာရှင်	၁ ဦး
၅။	ဥပဒေပညာရှင်	၁ ဦး
၆။	အလုပ်သမားကြီးကြပ်ခေါင်းဆောင်	၂ ဦး
၇။	မြေအောက်တူးဖော်ရေးလုပ်သား	၁၀ ဦး
၈။	မြေပေါ်တူးဖော်ရေးလုပ်သား	၁၀ ဦး
၉။	ကျန်းမာရေးဝန်ထမ်း	၁ ဦး
၁၀။	စက်ပြင်	၂ ဦး
၁၁။	ယာဉ်မောင်း	၄ ဦး
၁၂။	လုံခြုံရေးဝန်ထမ်း	၂ ဦး

စုစုပေါင်း ဝန်ထမ်း (၃၆) ဦး ဖြစ်ပါသည်။

ဝန်ထမ်းဖွဲ့စည်းပုံဇယား



၅.၁၀။ စက်ယန္တယားအင်အား

လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန်အတွက် အောက်ပါ စက်ယန္တယားများကို အသုံးပြုတပ်ဆင်သွားမည် ဖြစ်ပါသည်။

စဉ်	ယန္တယားအမျိုးအမည်	အရေအတွက်
၁။	၂၅ ကောင်အင်ဂျင်	၁ လုံး
၂။	(၁၅) ကောင်အင်ဂျင် (မီးစက်)	၁ လုံး
၃။	Air Compressor	၂ လုံး
၄။	ကျောက်ဖောက်စက်	၃ လုံး
၅။	ကြိတ်ခွဲစက် (Jaw Crusher)	၁ လုံး
၆။	ကျောက်အမှုန့်ကြိတ်စက် (Pulverizer)	၁ လုံး
၇။	မျောလောင်းခုံနှင့် Shaking Table	၁ စုံ
၈။	ရေစုပ်စက် + ပိုက်	၁ စုံ
၉။	ရေဖြန်းယာဉ်	၁ စီး
၁၀။	Dump Truck ယာဉ်	၂ စီး
၁၁။	ဆိုင်ကယ်	၃ စီး
၁၂။	အုပ်ချုပ်မှုယာဉ်	၁ စီး

၅.၁၁။ တစ်ရက်အလုပ်လုပ်ချိန်

ဝန်ထမ်းများ၏ တစ်ရက်လျှင် အလုပ်လုပ်ချိန်မှာ သတ္တုတွင်း နည်းဥပဒေ (၂၀၁၈)၊ အခန်း (၂၇)၊ ပုဒ်မ(၁၇၄) နှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- နံနက်(၈)နာရီမှနေ့လည်(၁၂)နာရီ (အလုပ်လုပ်ချိန်)
- နေ့လည်(၁)နာရီမှညနေ(၅)နာရီထိ (အလုပ်လုပ်ချိန်)
- တစ်နေ့လျှင် (၈) နာရီ
- တစ်ပတ်လျှင် (၅)ရက်

နေ့စဉ်(၈)နာရီထက်ကျော်လွန်ပါကအချိန်ပိုကြေးပေးချေဆောင်ရွက်သွားမည် ဖြစ်ပြီး၊ အလုပ်သမားဥပဒေပါ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅.၁၂။ တစ်နှစ်အတွက်ရေလိုအပ်ချက်နှင့်ရယူသုံးစွဲမည့်ရေအရင်းအမြစ်

စီမံကိန်းအတွက် လိုအပ်မည့် ရေအရင်းအမြစ်မှာ လုပ်ကွက်အနီးရှိ ချောင်းရေမှ မြေပေါ်ရေကို ရယူသုံးစွဲမည်ဖြစ်ပါသည်။ တစ်နှစ်လျှင် ရေဂါလံ (၅) သိန်းခန့် ရယူသုံးစွဲမည် ဖြစ်ပါသည်။ ၎င်းချောင်းငယ်လေး၏ (၄) စတုရန်းမိုင်ပတ်လည်အတွင်း လူနေထိုင်မှု မရှိပါ။ ၎င်းချောင်းငယ်၏ရေအား ဒေသခံများမှ ရယူသုံးစွဲမှုလည်း မရှိပါ။ ထို့ကြောင့် ဒေသခံပြည်သူများအပေါ် သက်ရောက်မှုလုံးဝမရှိနိုင်ကြောင်း တွေ့ရပါသည်။

လိုအပ်မည့်ရေအား ချောင်းငယ်၏ Latitude 27° 20' 51.812" N, Longitude 98° 36' 48.093" E နေရာမှ ရယူမည်ဖြစ်ပါသည်။ ချောင်းငယ်အတွင်းမှ ရေပန့်ဖြင့်စုပ်ယူပြီး (၄) လက်မ ပလတ်စတစ်ပိုက် အရှည်ပေ (၂၀၀) ခန့်ဖြင့်ပို့ပြီး စခန်းအတွင်း (၁၀၀၀) ဂါလံဆန့် Portable Ultilities Tank (၂) ခုဖြင့် စနစ်တကျသိုလှောင်ထားရှိပါမည်။ သောက်သုံးရေအတွက် ရေသန့်စက်တပ်ဆင် အသုံးပြုသွားမည် ဖြစ်ပါသည်။

ခန့်မှန်းရေလိုအပ်ချက်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

စဉ်	ဆောင်ရွက်မည့်လုပ်ငန်းစဉ်	တစ်ရက်(ပျမ်းမျှ)	တစ်နှစ်(ပျမ်းမျှ)
၁။	အထွေထွေ (၁၀၂၉ ဂါလံခန့်)	၁၃၈၉ ဂါလံခန့်	ဂါလံ ၅ သိန်းခန့်
၂။	ဝန်ထမ်း ၃၆ ဦး (၃၆၀) ဂါလံခန့်		

၅.၁၃။ လောင်စာဆီလိုအပ်ချက်

ခဲသတ္တုတူးဖော်ရေး လုပ်ကွက် (၃) အတွက် လောင်စာဆီလိုအပ်ချက်မှာ တစ်နှစ်လျှင် ဒီဇယ်ဆီ ဂါလံ (၂၆၀၀၀) ခန့် ဖြစ်ပါသည်။ လောင်စာဆီတိုင်ကီများထားရန် မြေပုံညွှန်း Latitude 27° 20' 47.608"N, Longitude 98° 36' 52.765"E တွင်ဖြစ်ပြီး မြေနေရာအကျယ်မှာ အလျား ၁၀၀ ပေ၊ အနံ ၅၀ ပေ အကျယ်ရှိပါသည်။ ဆီခြံအား သံဆူးကြိုးများ ကာရံထားပြီး မီးဘေးကာကွယ်ရေးအတွက် မီးသတ်ပေးဆိုင်းဘုတ်များ ချိတ်ဆွဲခြင်း၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်များ ချိတ်ဆွဲထားခြင်း စသော မီးဘေးအန္တရာယ်ကာကွယ်ရေးများ စနစ်တကျ စီမံဆောင်ရွက်ထားပါမည်။

တစ်နှစ်လျှင် ဒီဇယ်ဆီ ၂၆၀၀၀ ဂါလံနှင့်

စက်ဆီ၊ ချောဆီ ၁၀၀ ဂါလံ တို့ သုံးစွဲသွားမည် ဖြစ်ပါသည်။

စီမံကိန်းအနေဖြင့် တူးဖော်ခြင်းလုပ်ငန်းများနှင့် သန့်စင်ခြင်းလုပ်ငန်းများအပါအဝင် လောင်စာဆီအား အောက်ပါအတိုင်း တွက်ချက်သုံးစွဲသွားမည် ဖြစ်ပါသည်။

စီမံကိန်းတစ်ခုလုံးရှိ တူးဖော်ရေး၊ မီးလင်းရေး၊ စက်ယန္တယားများနှင့် သန့်စင်ရေးစက်များတွင် သုံးစွဲမည့်လောင်စာဆီ ခန့်မှန်းတွက်ချက်ခြင်းဇယား

စဉ်	စက်အမျိုးအစား	အရေအတွက်	အသုံးပြုလုပ်ခြင်း	တစ်နေ့သုံး	တစ်နှစ်သုံး
၁	၂၅ ကောင်အင်ဂျင်	၁	မီးပေးရန်	၅ ဂါလံ	၁၅၀၀ ဂါလံ
၂	၁၅ ကောင်အင်ဂျင်	၁	မီးပေးရန်	၅ ဂါလံ	၁၅၀၀ ဂါလံ
၃	Air Compressor	၂	လေပေးရန်	၁၄ ဂါလံ	၄၂၀၀ ဂါလံ
၄	ကျောက်ဖောက်စက်	၃	ကျောက်ဖောက်ရန်	၉ ဂါလံ	၂၇၀၀ ဂါလံ
၅	ရေစုပ်စက်+ပိုက်	၁ စုံ	ရေတင်ရန်	၇ ဂါလံ	၂၁၀၀ ဂါလံ
၆	ရေဖြန်းယာဉ်	၁ စီး	ရေဖြန်းရန်	၅ ဂါလံ	၁၅၀၀ ဂါလံ
၇	Dump Truck ယာဉ်	၂ စီး	ဖြုံးသယ်ရန်	၁၂ ဂါလံ	၃၆၀၀ ဂါလံ
၈	ဆိုင်ကယ်	၃	လုပ်ငန်းသုံး	-	၁၀၇၅ ဂါလံ
၉	အုပ်ချုပ်မှုယာဉ်	၁	လုပ်ငန်းသုံး	-	၁၈၂၅ ဂါလံ
၁၀	ကြိတ်ခွဲစက်	၁	သန့်စင်စက်	၇ ဂါလံ	၂၁၀၀ ဂါလံ
၁၁	ကျောက်အမှုန့်ကြိတ်စက်	၁	သန့်စင်စက်	၇ ဂါလံ	၂၁၀၀ ဂါလံ
၁၂	မျောလောင်းခုံနှင့် ခါစက်	၁	သန့်စင်စက်	၆ ဂါလံ	၁၈၀၀ ဂါလံ
	စုစုပေါင်း				၂၆၀၀၀ ဂါလံ
	စက်ဆီ/ချောဆီ				၁၀၀ ဂါလံ

ထို့ကြောင့် စီမံကိန်းတွင် ထုတ်လုပ်မှုနှင့် သန့်စင်လုပ်ငန်းများအတွက် တစ်နှစ်လျှင် လောင်စာဆီ ဒီဇယ်ဆီ (၂၆၀၀၀) ဂါလံခန့်နှင့် စက်ဆီချောဆီ (၁၀၀) ဂါလံခန့် အသုံးပြုသွားမည် ဖြစ်ပါသည်။

ဆီသိုလှောင်ကန်ထားရှိသည့် နေရာမှာ Latitude 27° 20' 47.608"N, Longitude 98° 36' 52.765"E တွင်ဖြစ်ပြီး Layout Plan Map မြေပုံတွင်လည်း ထည့်သွင်းဖော်ပြထားပါသည်။

၅.၁၄။ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှု

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ဒါဘန်-နန်းကြိန်ဒေသ ခဲနှင့် ရောရာ သတ္တု ထုတ်လုပ်ရေးလုပ်ငန်းအတွက် ငွေကျပ် (၃၀၀၀) သိန်းခန့် ရင်းနှီးမြှုပ်နှံပါမည်။

၅.၁၅။ သတ္တုသိုက်၏ ခန့်မှန်းပမာဏ

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသ ခဲလုပ်ကွက် (၃)တွင် ခဲပါဝင်နှုန်း 20.52% Pb ရှိ ခဲသတ္တု (၂၆၀၁၀) မက်ထရစ်တန် ရှိနိုင်မည်ဟု တွက်ချက်ထားပါသည်။

၅.၁၆။ တစ်နှစ်လျှင် မျှော်မှန်းထွက်ရှိမှု

တစ်နှစ်လျှင် ခဲပါဝင်နှုန်း 20.52% Pb ရှိ ခဲသတ္တုရိုင်းတန်ချိန် (၁၇၃၄) မက်ထရစ်တန် ခန့် ထုတ်လုပ်သွားမည်ဟု မျှော်မှန်းထားပါသည်။

၅.၁၇။ မြေအောက်ရေအခြေအနေ

စီမံကိန်းဧရိယာရှိ အောက်ခံကျောက်အမျိုးအစားသည် ထုံးကျောက် (Limestone) ဖြစ်ပြီး မြင့်မားမတ်စောက်သော တောင်ပေါ်တွင် ရှိသဖြင့် မြေအောက်ရေ ရရှိနိုင်ရန် အခွင့်အရေး နည်းပါးပါသည်။ အပေါ်ယံရေ (Perch Water) သာ ထွက်ရှိမှု ရှိနိုင်ပါသည်။ Perch Water သည် မြေအောက်အနက် ပေ (၃၀) ခန့်တွင် တွေ့ရှိနိုင်ပါသည်။

၅.၁၈။ ယမ်းအသုံးပြုမှု

ခဲသတ္တုပါ ဗြုံးကျောက်များအား ယမ်းအသုံးပြု၍ ဖောက်ခွဲပါမည်။ ယမ်းတိုက်ထားရှိမည့်နေရာမှာ Latitude 27° 20' 43.691"N, Longitude 98° 36' 42.595"E တွင် ဖြစ်ပါသည်။

ယမ်းအသုံးပြုမှုမှာ တစ်ရက်လျှင် ယမ်း (၂) ပိသာခန့် အသုံးပြုသွားမည်ဖြစ်ပြီး ယမ်းဖောက်ခွဲ အကြိမ်ရေမှာ တစ်ရက်လျှင် နေ့လည် (၁၂း၀၀) နာရီ တစ်ကြိမ် (၁၀) လုံးခန့်နှင့် ညနေ (၁၆း၀၀) တစ်ကြိမ် ယမ်း (၁၀) လုံးခန့်ဖြင့် တစ်နေ့ (၂) ကြိမ် ဖောက်ခွဲသွားမည် ဖြစ်ပါသည်။

၅.၁၉။ စွန့်ပစ်မြေစာ၊ ကျောက်စာများအား စုပုံထားရှိမည့် အခြေအနေ

မြေနေရာရှင်းလင်းခြင်းကြောင့် ထွက်လာမည့် အပေါ်ယံ မြေဆီလွှာများကို သင့်တော်သည့်နေရာတွင် အမြင့် ၂၀ ပေထက် မပိုစေဘဲ အစောင်း ၄၅°ခန့် ကုန်းစောင်းပြုလုပ်၍ စုပုံသွားပါမည်။ ရေဆင်းစနစ်ဖြင့်ဝေးပြီး လူနေအိမ်များနှင့်လည်း ဝေးသောနေရာဖြစ်ပြီး ခဲသတ္တုကြောနှင့် လွတ်ကင်းသောနေရာ Latitude 27° 20' 49.584"N, Longitude 98° 36' 48.381"E တွင် ရွေးချယ်၍ စုပုံသွားပါမည်။ လိုအပ်ပါက စွန့်ပစ်မြေစာပုံအား မြေထိန်းနံရံပြုလုပ်ထားရှိပါမည်။ မိုင်းပိတ်သိမ်းချိန်တွင် ပြန်လည်အသုံးပြုသွားရန် ရည်ရွယ်ပါသည်။ မြေအောက်တူးဖော်မှု (Undergroung Mining) ဖြင့် တူးဖော်ရာမှ ထွက်လာသော မြေစာများကို အချို့အသုံးမပြုတော့သည့် လိုဏ်ဂူအဟောင်းများတွင် ပြန်လည်ဖြည့်တင်းသွားပါမည်။ မြေပြင်သို့ ရောက်ရှိလာသည့် စွန့်ပစ်မြေစာများကို လက်တွန်းလှည်းများဖြင့် စနစ်တကျသယ်ယူပြီး စွန့်ပစ်မြေစာပုံများတွင် စနစ်တကျစွန့်ပစ်ခြင်း၊ လမ်းများခင်းရာတွင် အသုံးပြုခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ အပေါ်ယံမြေဆီလွှာမှ ထွက်ရှိမည့် မြေဆီလွှာမှာ စုစုပေါင်း (၁၀) တန်ခန့် ဖြစ်ပါသည်။ မြေအောက်လိုဏ်ဂူမှ တစ်နှစ်လျှင် စွန့်ပစ်မြေစာ တန် (၃၀၀) ခန့် ထွက်ရှိနိုင်ပါသည်။

၅.၂၀။ စွန့်ပစ်ပစ္စည်းထွက်ရှိမှု

ခဲသတ္တုတူးဖော်မှုကြောင့် စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်စိမ့်ထွက်ရေ နှစ်မျိုး ထွက်ရှိနိုင်ပါသည်။

(က) စွန့်ပစ်ပစ္စည်း

ခဲသတ္တုတူးဖော်မှုကြောင့် ခဲသတ္တုရိုင်းပါ ဗြုံးကျောက်များအပြင် သတ္တုကြောနှင့် ကပ်လျက်ရှိသော ထုံးကျောက်များ၊ သလင်းကျောက်နှင့် ကျောက်စကျောက်နများ၊ မြေကြီးများ ထွက်ရှိပါမည်။ တစ်နေ့လျှင် စွန့်ပစ်ပစ္စည်းပမာဏမှာ (၂၀) တန်ခန့် ဖြစ်ပါသည်။ ထွက်ရှိသော စွန့်ပစ်မြေစာ (Waste) များအား လိုဏ်ဂူနှင့် မလှမ်းမကမ်းတွင်နေရာ (Waste Dumping Site) သတ်မှတ်၍ စနစ်တကျစုပုံပါမည်။ စွန့်ပစ်မြေစာအချို့ကို လိုဏ်ဂူအပြင်သို့ ထုတ်ယူခြင်းမပြုဘဲ တူးဖော်ပြီး ခေါင်းသားများနေရာတွင် မြေပြန်လည်ဖို့မည် ဖြစ်ပါသည်။ ကျန်ရှိသည့် စွန့်ပစ်မြေစာများအား Waste Dumping Site တွင် စနစ်တကျစုပုံစွန့်ပစ်သွားမည် ဖြစ်ပါသည်။

(စွန့်ပစ်မြေစာထိခိုက်နိုင်မှု လျော့ပါးစေရေးဆောင်ရွက်မည့် အခန်းတွင် အသေးစိပ်တင်ပြထားပါသည်။)

(ခ) စွန့်ပစ်ရေ

မြေအောက်လိုဏ်ဂူတူးဖော်ရာတွင် မြေအောက်စိမ့်ထွက်ရေ အနည်းငယ်ထွက်ရှိနိုင်ပါသည်။ စိမ့်ထွက်စွန့်ပစ်ရေပမာဏမှာ တစ်နေ့လျှင် (၂၀) ဂါလံခန့် ရှိနိုင်ပါသည်။ စိမ့်ထွက်လာသော စွန့်ပစ်ရေများကို လိုဏ်ဂူအတွင်း ဘေးနှုတ်ခမ်းတစ်လျှောက်မှ အကျယ် (၁) ပေ၊ အနက် (၁) ပေရှိသော ရေမြောင်းမှတဆင့် လိုဏ်ဂူပြင်ပသို့ စီးဆင်းစေပါမည်။ လိုဏ်ဂူအပြင်တွင် ရေဆင်းမြောင်းမှတဆင့် ရေစစ်ကန် (Tailing Pond) (၃) ခုအတွင်း ဖြတ်၍စီးဆင်းစေခြင်းဖြင့် ရေကိုစစ်ပြီး သန့်စင်စေပါမည်။ ရေစစ်ကန်အမှတ် (၃) မှ ထွက်လာသော ရေများကို မီးသွေးများကို ဖြတ်သန်းစေပြီး ထပ်မံသန့်စင်စေပါမည်။ သန့်စင်ပြီးရေများအား သစ်ပင်များ ရေလောင်းခြင်း ဆောင်ရွက်ပါမည်။ ပိုလျှံပါက လမ်းများရေဖြန်းရာတွင် ဆောင်ရွက်ပါမည်။ စစ်ပြီးရေများ ပိုလျှံနေပါက ရေချောင်းများအတွင်းသို့ စနစ်တကျစီးဝင်စေမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ရေစစ်ကန် (၃) ကန်အား တစ်ကန်လျှင် အလျား ၁၂ ပေ၊ အကျယ် (၁၂) ပေ နှင့် အနက် (၅) ပေစီ ကွန်ကရစ်ဖြင့် တည်ဆောက်သွားမည် ဖြစ်ပါသည်။ ရေစစ်ကန် (၃) ကန်အား Latitude 27° 20' 44.568"N, Longitude 98° 36' 51.716"E နေရာတွင် တည်ဆောက်သွားမည် ဖြစ်ပါသည်။

(စိမ့်ထွက်စွန့်ပစ်ရေ ထွက်ရှိမှုနှင့် စွန့်ထုတ်မည့်လုပ်ငန်းစဉ်ဇယားအား ပုံ (၁၇) တွင် တင်ပြထားပါသည်။)

၅.၂၁။ မြေပုံနှင့်ကားချပ်များ(Map and Layout plan)

ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် လုပ်ကွက်၏ တည်နေရာနှင့် အနီးဝန်းကျင်ကို ရှင်းလင်းပြတ်သားစွာတွေ့မြင်နိုင်မည့် မြေပုံ နှင့် အညွှန်းများ၊ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းစွာသိရှိနိုင်မည့် ကားချပ်နှင့် ဆောက်လုပ်မည့်အဆောက်အဦများ၏ လျာထားမြေပုံ (Layout Plan)နှင့် စွန့်ပစ်ပစ္စည်း များထွက်ရှိမှုနှင့် စွန့်ထုတ်မည့်လုပ်ငန်းစဉ်တို့ကို ရှင်းလင်းစွာဖော်ပြသည့် ကားချပ်များအား ဖော်ပြထားပါသည်–

- Google Map
- One inch Map
- ခွင့်ပြုမိန့်ကျမြေပုံ
- Layout Plan Map များ
- Skeleton Map
- စီမံကိန်းကြောင့်သက်ရောက်မှုများရှိနိုင်သည့်ဧရိယာပြမြေပုံ
- Mine Design
- Dumping Site Design
- Retaining Wall Design
- စွန့်ပစ်ရေစွန့်ထုတ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယား (Flow Sheet)

ပုံ (၁) - ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၃) ၏ ဒေသကြီးအား ကောင်းကင်ဓါတ်ပုံမှ တွေ့မြင်ရပုံ



ပုံ (၂) - ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၃) ၏ လုပ်ကွက်တည်နေရာအား ကောင်းကင်ဓါတ်ပုံမှ တွေ့မြင်ရပုံ



ပုံ (၃) - ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၃) ၏ တည်နေရာပြမြေပုံ

Part of Map Sheet No - 92I/11



Scale 0 0.5 1Miles

1 mile

INDEX

D C
A B

A - 92I/11 - 301934 - Latitude- 27º 20' 40.74"N , Longitude- 98º 36' 38.373"E
B - 92I/11 - 306934 - Latitude- 27º 20' 39.712"N , Longitude- 98º 36' 54.666"E
C - 92I/11 - 306939 - Latitude- 27º 20' 54.309"N , Longitude- 98º 36' 55.488"E
D - 92I/11 - 301939 - Latitude- 27º 20' 55.285"N , Longitude- 98º 36' 39.196"E

ပုံ (၃-က)

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ကျေးရွာအနီတွင် လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ခဲနှင့်ရောရာသတ္တုရိုင်းစမ်းသပ်တိုင်းတာရန် ခွင့်ပြုသည့် လုပ်ကွက်(၃)၏ တည်နေရာပြမြေပုံ



အညွှန်း

☐ ခဲနှင့်ရောရာသတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုသည့် လုပ်ကွက်(၃)၏ တည်နေရာ (၃၀၁၉၃၄၊၃၀၆၉၃၄၊၃၀၆၉၃၉၊၃၀၁၉၃၉)

စစ်ဆေးသူ

တင်ထွန်းဝင်း
ကုမ္ပဏီအကာရှိ
[illegible]

ကျော်သက်
ညွှန်ကြားရေးမှူး
[illegible]

ပုံ (၃-ခ)

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်ကျေးရွာအနီတွင် လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ ခဲနှင့်ရောရာသတ္တုရိုင်းစမ်းသပ်တိုင်းတာရန် ခွင့်ပြုသည့် လုပ်ကွက်(၃)၏ ဧရိယာအကျယ်အဝန်းနှင့်ပုံသဏ္ဌာန်ပြမြေပုံ



အညွှန်း

☐ **စမ်းသပ်တိုင်းတာရန် ခွင့်ပြုသော လုပ်ကွက်၏ဧရိယာ (၄၉. ၅)ဧက**

စစ်ဆေးသူ

ကျော်သက်

ပုံ (၄) - ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၃) ၏ ကောင်းကင်ဓါတ်ပုံမှ တွေ့မြင်ရသော Layout Plan Map



ပုံ (၅) - ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၃) ၏ Layout Plan Map



INDEX

- C - Camp - Latitude - 27° 20' 41.319"N, Longitude - 98° 36' 51.902"E
- WS - Worksite - Latitude - 27° 20' 47.715"N, Longitude - 98° 36' 42.308"E
- WDP - Waste Dumping Site - Latitude - 27° 20' 49.584"N, Longitude - 98° 36' 48.381"E
- P - Plant (စက်ရုံ) - Latitude - 27° 20' 46.961"N, Longitude - 98° 36' 47.77"E
- F - ဆီဝိုထောင် - Latitude - 27° 20' 47.608"N, Longitude - 98° 36' 52.765"E
- B - ယမ်းဂိုထောင် - Latitude - 27° 20' 43.691"N, Longitude - 98° 36' 42.595"E
- A - အသံ/လေတိုင်းသည့်နေရာ - Latitude - 27° 20' 43.942"N, Longitude- 98° 36' 47.482"E
- S - မြေနမူနာရယူသည့်နေရာ - Latitude - 27° 20' 47.859"N, Longitude- 98° 36' 44.212"E
- SS - စွန့်ပစ်မြေစောင့်ကြည့်မည့်နေရာ - Latitude - 27° 20' 50.123"N, Longitude- 98° 36' 50.896"E
- W - ရေနမူနာရယူသည့်နေရာ - Latitude - 27° 20' 51.812"N, Longitude- 98° 36' 48.093"E
- WW - စွန့်ပစ်ရေစောင့်ကြည့်မည့်နေရာ - Latitude - 27° 20' 49.153"N, Longitude- 98° 36' 53.268"E
- WP - စွန့်ပစ်ရေစစ်ကန်(၃)လုံးတည်နေရာ - Latitude - 27° 20' 44.568"N, Longitude- 98° 36' 51.716"E
- Creek
- Road
- D C A B - Worksite

ပုံ (၆) - Skeleton Map of Dar Ban – Nan Kyain Work Site (3), Hkaung Lan Phue Township, Kachin State



INDEX

- C - Camp - Latitude - 27° 20' 41.319"N, Longitude - 98° 36' 51.902"E
- WS - Worksite - Latitude - 27° 20' 47.715"N, Longitude - 98° 36' 42.308"E
- WDP - Waste Dumping Site - Latitude - 27° 20' 49.584"N, Longitude - 98° 36' 48.381"E
- P - Plant (စက်ရုံ) - Latitude - 27° 20' 46.961"N, Longitude - 98° 36' 47.77"E
- F - ဆီဂိုထောင် - Latitude - 27° 20' 47.608"N, Longitude - 98° 36' 52.765"E
- B - ယမ်းဂိုထောင် - Latitude - 27° 20' 43.691"N, Longitude - 98° 36' 42.595"E
- A - အသံ/လေတိုင်းသည့်နေရာ - Latitude - 27° 20' 43.942"N, Longitude- 98° 36' 47.482"E
- S - မြေနမူနာရယူသည့်နေရာ - Latitude - 27° 20' 47.859"N, Longitude- 98° 36' 44.212"E
- SS - စွန့်ပစ်မြေစောင့်ကြည့်မည့်နေရာ - Latitude - 27° 20' 50.123"N, Longitude- 98° 36' 50.896"E
- W - ရေနမူနာရယူသည့်နေရာ - Latitude - 27° 20' 51.812"N, Longitude- 98° 36' 48.093"E
- WW - စွန့်ပစ်ရေစောင့်ကြည့်မည့်နေရာ - Latitude - 27° 20' 49.153"N, Longitude- 98° 36' 53.268"E
- WP - စွန့်ပစ်ရေစစ်တန်(၃)လုံးတည်နေရာ - Latitude - 27° 20' 44.568"N, Longitude- 98° 36' 51.716"E
- Creek
- Road
- D C A B - Worksite

ပုံ (၇) - ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်မည့် လုပ်ကွက် (၃) ၏ ထိခိုက်မှုများအား ဆန်းစစ်လေ့လာမည့် နယ်နိမိတ်ပြမြေပုံ



ပုံ (၈) - စီမံကိန်းကြောင့် ထိခိုက်မှုရှိနိုင်မည့် ဧရိယာပြမြေပုံ



- သက်ရောက်မှု အသင့်အတင့်ရှိနိုင်မည့် ဧရိယာ

- သက်ရောက်မှု အနည်းငယ်သာရှိနိုင်မည့် ဧရိယာ

ပုံ (၉) – Mine Design





ပုံ (၁၀) – Adit, Drift and Crosscut



ADIT,DRIFT AND CROSSCUT

ပုံ (၁၁) – Forepoling (Spilling)



forepoling (spiling)

ပုံ (၁၂) – Use of Stulls



use of stulls

ံ (၁၃) – Methods of Timbering



Methods of Timbering

ပုံ (၁၄) – Shaft Set fro Vertical Shaft



FIGURE 20–Shaft Set for Vertical Shaft

ပုံ (၁၅) – စွန့်ပစ်ရေများ၊ နုန်းများအား ရေစီးနှင့်မျောပါခြင်းမရှိစေရန် တည်ဆောက်ထားရှိမည့် Dumping Site Design



DESIGN BY KYIN TEIK
&
AYE MAUNG

DUMPING SITE	- LENGTH	-	100 m (300')
	- WIDTH	-	50 m (150')
ရေနုတ်မြောင်း	- DEPTH	-	4'
	- WIDTH	-	3'
ရေစစ်ကန်	- LENGTH	-	12'
	- WIDTH	-	12'
	- DEPTH	-	5'

ပုံ (၁၆) – မြေကမ်းပါးများ ပြိုကျပြီး မျောပါခြင်း၊ တိုက်စားခြင်း၊ ချောင်းအတွင်း ကျရောက်ခြင်းမရှိစေရန် တည်ဆောက်ထားမည့် မြေထိန်းနံရံပုံစံ Retaining Wall Design



ပုံ (၁၇) လုပ်ငန်းခွင်မှ ထွက်ရှိသည့်စွန့်ပစ်ရေအား စွန့်ထုတ်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ပြဇယား



အခန်း (၆)

၆။ လက်ရှိပတ်ဝန်းကျင်အခြေအနေများ (Existing Enviroment)

၆.၁။ Primary Data နှင့် Secondary Data များ

လေအရည်အသွေး၊ အသံတုန်ခါမှု၊ မြေပေါ်ရေအရည်အသွေးနှင့် မြေထုအရည်အသွေးသည် စာတန်းပြုစုသူအဖွဲ့မှ တိုင်းတာယူသည့် Primary Data များဖြစ်ပါသည်။ ယင်းတို့၏ Baseline Data များအား သီးခြားဖော်ပြထားပါသည်။

ဧဝမျိုးစုံမျိုးကွဲ၊ သဘာဝပတ်ဝန်းကျင်၊ တောတောင်ရာသီဥတုနှင့် လူမှုစီးပွား Data များမှာ တဆင့်ခံအချက်အလက် (Secondary Data) များဖြစ်ပြီး ခေါင်လန်ဖူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒါလန်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ထံမှ ရရှိသော Data အချက်အလက်များ ဖြစ်ပါသည်။

၆.၂။ နည်းစနစ်

စီမံကိန်းအဆိုပြုသူသည် ခဲနှင့်ရောရာသတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုဖြစ်နိုင်သည့် အချက်အလက်များအပေါ် အခြေခံ၍ လုပ်ကွက်နှင့် တစ်စတုရန်းကီလိုမီတာအတွင်းတွင် Baseline Data များကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။

(က) ဆူညံသံနှင့် အသံတုန်ခါမှု ရှိနိုင်/မရှိနိုင်
(ခ) လုပ်ကွက်ဝန်းကျင်၏ လေထုညစ်ညမ်းနိုင်မှု
(ဂ) မြေပေါ်မြေအောက် ရေအရင်းအမြစ်များ ပျက်စီးနိုင်မှု မရှိစေရေး
(ဃ) အနီးဝန်းကျင်ရှိ ဧဝမျိုးစုံမျိုးကွဲများအား ထိခိုက်နိုင်ခြင်း ရှိ/မရှိ
(င) စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးရေညစ်များ စွန့်ပစ်သည့်နည်းစဉ်
(စ) လုပ်ငန်းခွင်လုံခြုံမှုရှိစေရေး
(ဆ) ဒေသခံပြည်သူများအား ကျန်းမာရေးထိခိုက်နိုင်မှု အနေအထား

၆.၃။ ဒေသ၏ အုပ်ချုပ်ရေးယန္တယား

ဒေသသည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင် ရှိပါသည်။

၆.၄။ ရွာပဆိုင်ရာဒေသန္တရအခြေအနေ

ဧဝမျိုးစုံမျိုးကွဲများ၊ သဘာဝပတ်ဝန်းကျင်၊ တောတောင်ရာသီဥတုနှင့် လူမှုစီးပွား Data များကို မိမိအဖွဲ့မှ မူရင်းအချက်အလက်များ ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ Secondary Data များကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။ Secondary Data များ၏ မူရင်း Source မှာ ခေါင်လန်ဖူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ထံမှ ရရှိသော Data အချက်အလက်များ ဖြစ်ပါသည်။

ခေါင်လန်ဖူးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၄၆၈၀) တွင် ရှိပြီး အမြင့်ပေ (၁၂၀၀၀) ကျော်အထိမြင့်မားသော တောင်တန်းဒေသဖြစ်ပါသည်။ ဤဒေသသည် တောင်ကုန်းတောင်တန်း၊ လျှိုမြောင်ချိုင့်ဝှမ်း၊ မြစ်ချောင်းများ ပေါများ၍ မြေပြန့်အနည်းငယ်သာရှိသော ဒေသ ဖြစ်ပါသည်။ မြေဆီလွှာ ထူထပ်ခြင်းမရှိပါ။ အောက်ခံကျောက်များသည် ဂရက်နိုက်မီးသင့်ကျောက်များ၊ ထုံးကျောက်များနှင့် သက်ရင့်အသွင်ပြောင်းကျောက်များ ဖြစ်ကြပါသည်။

မြို့နယ်၏ အနောက်ဘက်အခြမ်းတွင် မေခမြစ်သည် မြောက်မှတောင်သို့ စီးဆင်းနေပြီး အရှေ့ဘက်ရှိ အချန်ခချောင်းသည် ခေါင်လန်ဖူးမြို့၏ တောင်ဘက် (၃) မိုင်ခန့်အကွာတွင် မေခမြစ်အတွင်း စီးဝင်သွားပါသည်။ ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံမြောက်ဘက်အဖျားပိုင်းရှိ တောင်တန်းဒေသဖြစ်ပြီး တောင်ပေါ်ဒေသ အအေးပိုင်းရာသီဥတု ရှိပါသည်။ ခေါင်လန်ဖူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသဆိုင်ရာ အချက်အလက်များ မှတ်တမ်းတွင် မြေငလျင်ဆိုင်ရာ အချက်အလက်မှတ်တမ်းများ မတွေ့ရှိရပါ။ ခေါင်လန်ဖူးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ပြိုခြင်း၊ လမ်းမြေပိတ်ဆို့ခြင်း၊ တောင်ယာများတွင် ကြွက်များကျရောက်ခြင်း စသော သဘာဝဘေးအန္တရာယ်များ ရှိသည်ကို တွေ့ကြရပါသည်။

အလတ်စားတူးဖော်မည့် ခဲနှင့်ရောရာသတ္တုလုပ်ကွက် (၃) သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် တည်ရှိပါသည်။ ခဲသတ္တုလုပ်ကွက် (၃) သည် ရှိန်းခေါင်ရွာ၏ အနောက်ဘက် (၂၅) မိုင်ခန့်အကွာ၊ ဒါလန်ကျေးရွာ၏ အရှေ့မြောက်ဘက် (၆) မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လုပ်ကွက်သည် ပေ (၇၄၀၀) ကျော်မြင့်သော တောင်ကြောပေါ်တွင် တည်ရှိပါသည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှ ပူတာအိုမြို့သို့ လေယာဉ်ဖြင့် လည်းကောင်း၊ မော်တော်ကားဖြင့်လည်းကောင်း သွားရောက်နိုင်ပါသည်။ ပူတာအိုမှ မငွေဇ သို့ (၆၅) မိုင်၊ မငွေဇမှ ခေါင်လန်ဖူးသို့ (၆၅)မိုင် (၄) ဖာလုံ၊ စုစုပေါင်း (၁၃၅) မိုင် (၄) ဖာလုံ ခရီးစဉ်အား ယခုအခါ 4 Wheel ကားများဖြင့် သွားရောက်နိုင်ပြီ ဖြစ်ပါသည်။ ခေါင်လန်ဖူးမှ လုပ်ကွက်ရှိရာသို့ ခေါင်လန်ဖူး-ရှိန်းခေါင်လမ်းအတိုင်း (၃၅) မိုင်ခန့်အား မော်တော်ဆိုင်ကယ် ဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း ဝင်ရောက်နိုင်ပါသည်။

ဒုတိယတစ်နည်းမှာ မြစ်ကြီးနားမှ ကန်ပိုက်တည်ကိုဖြတ်၍ ဖီမော်အထိ မိုင် (၂၀၀) ခန့်၊ ထိုမှ ဖီမော်-လုခူး-ဟိုကုန်း လမ်းအတိုင်း မိုင် (၁၈၀) ခန့်၊ ဟိုကုန်း နယ်ခြားအမှတ် (၁) ရှိန်းခေါင်လမ်း (၄၅) မိုင်ခန့်၊ ရှိန်းခေါင် - မလိဝန် မြေသားလမ်း (၂၁) မိုင်ခန့်၊ မလိဝန် - အရိလိန် - ဒါဘန် မြေသားလမ်း (၅) မိုင်ခန့်အား ပွင့်လင်းရာသီတွင် ကားဖြင့် ဝင်ရောက်နိုင် ပါသည်။

၆.၅။ ဒေသတွင်းရာသီဥတု

ဒါဘန်-နန်းကြိန်ဒေသသည် ပေ (၇၀၀၀) ခန့်မှ ပေ (၁၂၀၀၀) ကျော်အထိမြင့်သော တောင်တန်းကြီးများရှိရာ ဒေသဖြစ်ပါသည်။ ဆောင်းရာသီနှင့် မိုးရာသီ နှစ်မျိုးသာရှိပါသည်။ ပေ (၁၀၀၀၀) ကျော်မြင့်သော ဒေသများသည် ဆောင်းရာသီတွင် ဆီးနှင်းများဖုံးအုပ်နေသော ဒေသဖြစ်ပါသည်။ ဆောင်းနှင့်နွေဦးရာသီများတွင် သုညဒီဂရီ စင်တီဂရိတ်အထိ ကျဆင်းတတ်ပါသည်။ မိုးရာသီတွင် တစ်နှစ် ပျမ်းမျှမိုးရွာရက် (၉၆) ရက်ခန့်ရှိပြီး ပျမ်းမျှမိုးရေချိန် (၈၅) လက်မခန့်အထိ ရွာသွန်းတတ်ကာ ဆောင်းနှင့်နွေဦးရာသီများတွင် ဆီးနှင်းများ ကျဆင်းတတ်ပါသည်။ နွေရာသီနှင့် မိုးဦးရာသီတွင် ဆီးနှင်းများ အရည်ပျော်ပြီး ချောင်းများမှတဆင့် စီးဆင်းကြပါသည်။ အစဉ်အေးမြနေသော ဒေသဖြစ်ပါသည်။

ခေါင်လန်ဖူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသော Secondary Data များအရ ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၁၉ ခုနှစ်၌ မိုးရွာရက် (၁၁၅) ရက်ရှိပြီး မိုးရေချိန်လက်မ (၈၉.၅) လက်မ ရွာသွန်းခဲ့သည်ဟု သိရှိရပါသည်။

၆.၆။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၏ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့် အပူချိန်

စဉ်	ခုနှစ်	မိုးရေချိန်		အပူချိန်	
		မိုးရွာရက်	စုစုပေါင်း မိုးရေချိန် လက်မ	နွေရာသီ (°C) အမြင့်ဆုံး	ဆောင်းရာသီ (°C) အနိမ့်ဆုံး
၁	၂၀၁၆	၁၁၀	၈၈.၆	၂၅°C	၂.၄°C
၂	၂၀၁၇	၁၂၀	၉၀.၅	၂၆°C	၂.၈°C
၃	၂၀၁၈	၄၀	၇၀.၃	၂၃°C	၁.၅°C
၄	၂၀၁၉ စက်တင်ဘာလ အထိ	၁၁၅	၈၉.၅	၂၅°C	၁.၅°C

၆.၇။ လက်ရှိပတ်ဝန်းကျင်အခြေအနေများအား ဆန်းစစ်လေ့လာခြင်း

ခဲသတ္တုတူးဖော်ထုတ်လုပ်မှုများ ဆောင်ရွက်လျှင် ဆိုးကျိုးသက်ရောက်မှု (Impact) များ ဖြစ်ပေါ်လာနိုင်ပါသည်။ ခဲသတ္တုထုတ်လုပ်မှုကို အပေါ်ယံတွင် မြေနေရာရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး အောက်ပိုင်းကို မြေအောက်တူးဖော်မှုစနစ် (Underground Mining Method) ဖြင့် တူးဖော်မည် ဖြစ်ပါသည်။ ထိုသို့တူးဖော်ပါက ပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုနှင့် ထိခိုက်မှုအနည်းနှင့် အများ ရှိလာနိုင်ပါသည်။ ထို့ကြောင့် ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း (Initial Environmental Examination – IEE) များကို ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့များဖြင့် (၁၇.၁၂.၂၀၂၁) ရက်နေ့မှ (၂၂.၁၂.၂၀၂၁) ရက်နေ့အထိ ဒါလန်ကျေးရွာနှင့် စီမံကိန်းဒေသများသို့ ကွင်းဆင်းဝင်ရောက်ပြီး လက်ရှိပတ်ဝန်းကျင်အခြေအနေ (Baseline Data) များအား ခေတ်မီလေတိုင်းကိရိယာ၊ အသံတိုင်းကိရိယာများဖြင့် တိုင်းတာပြီး ရေနမူနာ၊ မြေနမူနာ၊ ခဲသတ္တုနမူနာများ စနစ်တကျ ရယူပြီး ကျွမ်းကျင်မှုဆိုင်ရာ ဓါတ်ခွဲခန်းများတွင် ဓါတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ဤသို့ဖြင့် ခဲသတ္တုထုတ်လုပ်မည့် ဒါဘန်ဒေသ၏ Baseline Data များအား ရယူနိုင်ခဲ့ပါသည်။ ကမ္ဘာ့ကပ်ရောဂါ Covid-19 ရောဂါလှိုင်းများ ပြင်းထန်စွာဖြစ်ပေါ်နေခြင်းနှင့် နိုင်ငံရေးအခြေအနေများကြောင့် ခွင့်ပြုမိန့်ကျပြီး တစ်နှစ်ခန့်ကြာမှသာ ကွင်းဆင်း၍ Baseline Data များ ရယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

၆.၇.၁။ ဆူညံသံနှင့် တုန်ခါမှု

ခဲနှင့်ရောရာသတ္တုများ တူးဖော်ရာတွင် မြေကော်စက် (Backhoe) တစ်စီး၊ Air Compressor ၊ မီးစက်များ၊ ရေစုပ်စက်များ၊ ထရပ်ကားများ၊ အသုံးပြုမည်ဖြစ်ပါသဖြင့် ယင်းတို့၏ ဆူညံသံနှင့် တုန်ခါမှုများ ရှိလာနိုင်ပါသည်။ သို့သော် စီမံကိန်းတည်နေရာသည် တောင်တန်းကြီးများ၏ အလယ်တွင်ရှိပြီး (၅) မိုင်ပတ်လည်တွင် ထိခိုက်လွယ်သော လူနေမှုဝန်းကျင်မရှိ၍ လူနေဒေသများအပေါ် သက်ရောက်နိုင်မှု မရှိနိုင်ပါ။ သို့သော် ဝန်ထမ်းအိမ်ယာများနှင့် ဝန်ထမ်းလုပ်သားများအပေါ် ဆူညံသံနှင့် တုန်ခါမှု မည်မျှရှိနိုင်သည်ကို သိရှိနိုင်စေရန် ဆူညံသံနှင့်တုန်ခါမှုကို တိုင်းတာခဲ့ခြင်း ဖြစ်ပါသည်။ ဆူညံသံနှင့်တုန်ခါမှု တိုင်းတာခဲ့သော တည်နေရာမှာ (Latitude 27° 20' 43.942" N, Longitude 98° 36' 47.482" E) တွင် ဖြစ်ပါသည်။ တိုင်းတာရာတွင် Sound Level Meter (RENETECH – GM-1356) အမျိုးအစားစက်ကို အသုံးပြု၍ Geo Applied International Company မှ ကျွမ်းကျင်ပညာရှင်များဖြင့် တိုင်းတာခဲ့ပါသည်။

ဆူညံသံတိုင်းတာသည့်နေရာသည် ယမ်းကိုဒေါင်နှင့် မနီးပါ။ မြေပြင်တွင် ပေပေါင်း (၁၀၀၀) ခန့် ကွာဝေးပါသည်။ ဤနေရာအား ရွေးချယ်ရခြင်းမှာ စီမံကိန်းလုပ်ငန်း အကောင်

အထည်ဖော်သည့်အချိန်တွင် ဝန်ထမ်းအိပ်ဆောင်များ ထားရှိမည့်နေရာနှင့် စီမံကိန်းတစ်ခုလုံးအပေါ် လွှမ်းခြုံက်ရောက်မှု ရှိစေနိုင်သောနေရာ ဖြစ်ခြင်းတို့ကြောင့် ဤနေရာအား ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် ဆောင်ရွက်မည့် ခဲသတ္တုတူးဖော်သန့်စင်ရေးစီမံကိန်းတွင် မြေအောက်တူးဖော်မှုများအတွက် ယမ်းအသုံးပြု၍ ဖောက်ခွဲရမည်ဖြစ်ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ စီစဉ်ပေးမှုဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အကြီးစားစက်ပစ္စည်းလုပ်ငန်း (ကပစ) မှ ယမ်းများ ဝယ်ယူရပါမည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ စီစဉ်ပေးသော လုံခြုံရေးအဖွဲ့များထံတွင် ယမ်းများသိုလှောင်ထားရှိပါမည်။ အသုံးပြုကာနီးမှ ထုတ်ယူပါမည်။ လုံခြုံရေးအဖွဲ့ဝင်များ စီစဉ်ပေးသောနေရာတွင် ယမ်းဂိုဒေါင် တည်ဆောက်၍ ထားရှိပါမည်။ ယမ်းဂိုဒေါင်အား တည်နေရာ Latitude 27° 20' 43.691" N, Longitude 98° 36' 42.595" E တွင် အလျား ၂၀ ပေနှင့် အနံ ၁၀ ပေ၊ သွပ်မိုးပျဉ်ကာဖြင့် တည်ဆောက်ပြီး အဆောက်အဦတွင် မြေကတုတ် (Banker)၊ မိုးကြိုးလွှဲ၊ မြေစိုက်ကြိုး၊ ထပ်ဆင့်အပေါ်အမိုး (Over Roofing)၊ အဆောက်အဦပတ်လည် ရေနုတ်မြောင်း၊ လုံခြုံရေးသံဆူး ကြိုး၊ အကာအရံများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးပစ္စည်းများ အပြည့်အစုံထားရှိပါမည်။ ယမ်းတိုက်အား လူနေအဆောက်အဦးနှင့် ပေ (၁၀၀၀) ခန့်အကွာအဝေးတွင် ထားရှိပါမည်။ ယမ်းတိုက်ဝန်းကျင်တွင် အမှိုက်များ၊ လောင်စာများမရှိစေရန် သန့်ရှင်းရေးအမြဲ ဆောင်ရွက်ပါမည်။ ယမ်းနှင့်ဆက်စပ်ပစ္စည်းများအား အောက်ခံသစ်မာတုံးပေါ်တွင် ထားရှိပါမည်။ ယမ်းတိုက်ဖွင့်တိုင်း ဘေးအန္တရာယ်ကင်းဝေးစေရေး အမြဲစစ်ဆေးဆောင်ရွက်ပါမည်။ ယမ်းအသုံးပြုမှုမှာ တစ်ရက်လျှင် ၂ ပိဿာခန့် ရှိနိုင်ပါသည်။ ယမ်းအသုံးပြုရာတွင် ဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့် အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) ယမ်းအသုံးပြုမှုနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အသေးစိပ်အစီအစဉ်များ

- ယမ်းဖောက်ခွဲရန် ယမ်းလွန်ကျင်းများ စနစ်တကျတူးဖော်ပါမည်။
- ယမ်းကို ယမ်းတိုက်မှ စနစ်တကျထုတ်ယူပါမည်။
- ယမ်းတိုက်သို့ ဝင်ရောက်တိုင်း အန္တရာယ်ကင်းစေရေး အမြဲစစ်ဆေးပါမည်။
- ထို့နောက် ယမ်းကျင်းများအတွင်းသို့ ကျွမ်းကျင်သည့် ယမ်းဖောက်ခွဲရေး သမားများနှင့် စနစ်တကျယမ်းထည့်ပြီး စနက်တံကြိုးများကို စနစ်တကျတပ် ဆင်ပါမည်။
- စနက်တံများကို လျှပ်စစ်ကြိုးများဖြင့် စနစ်တကျအန္တရာယ်ကင်းစွာ ချိတ် ဆက်ပါမည်။
- ယမ်းများ၊ ယမ်းကြိုးများ၊ စနက်တံများကို စနစ်တကျ စစ်ဆေးပါမည်။
- ယမ်းမဖောက်ခွဲမီ ခရာမှုတ်၍ ယမ်းဖောက်ခွဲမည့်ဧရိယာအတွင်း လူများ၊ စက် ကိရိယာများ မရှိစေရန် ရှင်းထုတ်ပါမည်။
- လူများနှင့် အန္တရာယ်ဖြစ်စေနိုင်သောအရာများ ရှင်းလင်းပြီးသောအခါ ယမ်းခွဲ ဆရာမှ အန္တရာယ်ကင်းသောနေရာမှ လျှပ်စစ်ခလုတ်ကိုနှိပ်၍ ယမ်းဖောက်ခွဲ ပါမည်။
- ထည့်ထားသည့် ယမ်းအရေအတွက် ပြည့်မပြည့် ပေါက်ကွဲသံများကို ရေတွက် ပါမည်။
- ယမ်းဖောက်ခွဲပြီးနောက် (၁၀) မိနစ်ခန့်အကြာတွင် ယမ်းဖောက်ခွဲထားသော လိုဏ်ဂူအတွင်းသို့ Air Compressor များအသုံးပြု၍ လေမှုတ်ထည့်ပြီး မီးခိုး များ၊ ယမ်းငွေ့များ၊ ကျောက်အမှုန်များ၊ ဖုန်မှုန့်များကို ရှင်းထုတ်ပါမည်။
- အမှုန်အစများ ကင်းရှင်းပြီးမှ လိုဏ်ဂူအတွင်းသို့ အလုပ်သမားများ ဝင်ရောက် ပြီး ဖောက်ခွဲထားသော ကျောက်တုံးကျောက်ခဲများကို ရှင်းထုတ်ပါမည်။
- ယမ်းဖောက်ခွဲရာတွင် ကျွမ်းကျင်သည့် ယမ်းဖောက်ခွဲရေးဆရာမှ ဦးဆောင်ပြီး စီစဉ်လှုပ်ရှားရပါမည်။
- ယမ်းဖောက်ခွဲမည့် လျှပ်စစ်ခလုတ်ကို ခေါင်းဆောင်တစ်ဦးတည်းကသာ ကိုင် ဆောင်၍ ခလုတ်နှိပ် ဖောက်ခွဲမည်ဖြစ်ပါသည်။

၇.၆.၈။ ဂေဟစနစ်

လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဂေဟစနစ်ဖြစ်ထွန်းမှုအတွက် ထိခိုက်စေနိုင်သည့် အရင်းအမြစ်များနှင့် လျော့နည်းစေမည့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တောတောင်အခြေအနေနှင့် ထိခိုက်မှု

ခဲသတ္တုလုပ်ကွက် (၃) ၏ မြေဧရိယာ (၄၉.၅) ဧကသည် တောင်ကြောတောင်တန်းများကြားတွင်ဖြစ်ပြီး ကျောက်စရစ်ရောနှောသော မြေများဖြင့် တည်ရှိနေပါသည်။ လုပ်ကွက်အတွင်း တွေ့ရှိရသော သစ်ပင်အများစုမှာ အဖိုးတန်အပင်ကြီးများ သိပ်မတွေ့ရဘဲ အပင်ငယ်များနှင့် အခြားသစ်မျိုးများသာ တွေ့ရပါသည်။ ပေါက်ရောက်သည့် သဘာဝသစ်ပင်အမျိုးအစားများအနေဖြင့် ကျောက်ထင်းရူး၊ ထင်းရူး၊ ဝါးနှင့် ခြုံပင်များ ပေါက်ရောက်ကြောင်း တွေ့ရှိရပါသည်။ လုပ်ကွက်အတွင်းတွင် ပျမ်းမျှတစ်ဧကလျှင် ရင်စို့လုံးပတ် (၁) ပေနှင့်အထက် ပျမ်းမျှ (၁၂) ပင် ပါဝင်ပေါက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လုပ်ကွက်အတွင်း မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု၍ လိုဏ်ဂူတူးဖော်မည်ဖြစ်ပြီး လုပ်ကွက်အတွင်း အုပ်ချုပ်မှုနှင့် လုပ်ငန်းဆိုင်ရာ မြေယာအသုံးပြုမှုမှာ (၂) ဧကခန့်သာ သုံးစွဲမည်ဖြစ်ပါသည်။ မြေယာအသုံးပြုခြင်းမရှိသော မြေနေရာများမှ သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမည်ဖြစ်ပြီး အစားထိုးအပင်များ စိုက်ပျိုးမည်ဖြစ်ပါသည်။

(ခ) လျော့ချမည့်နည်းလမ်း

- သစ်တောသစ်ပင်ပြုန်းတီးမှု နည်းပါးစေရေးအတွက် အုပ်ချုပ်မှုရုံး၊ ဝန်ထမ်းဆောင်၊ စုပုံကွင်း စသည့်အုပ်ချုပ်မှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်သလောက်သာ အဆောက်အဦများအား မြေဧရိယာ (၂) ဧကခန့်သာ တည်ဆောက်သွားမည်ဖြစ်ပါသည်။
- လုပ်ကွက်အတွင်း မြေယာအသုံးချမှုအား အနည်းဆုံးဖြစ်စေရေးအတွက် မြေအောက်တူးဖော်မှုနည်းစနစ်အား အသုံးပြုဆောင်ရွက်ပါမည်။
- မြေယာအသုံးချမှုများအတွက် အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများအား သစ်တောဦးစီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါသည်။

- လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားမည် ဖြစ်ပါသည်။
- လုပ်ကွက်အတွင်း သဘာဝပေါက်ပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှု မရှိစေရေး၊ မြေထုညစ်ညမ်းမှု မရှိစေရေး၊ မြေပေါ်ရေ မြေအောက်ရေ ညစ်ညမ်းမှု မရှိစေရေးနှင့် အမှုန်အမွှားများဖြင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇.၆.၉။ ဇီဝမျိုးစုံမျိုးကွဲများဖြစ်ထွန်းမှုအခြေအနေနှင့်ထိခိုက်မှု

လုပ်ကွက်အတွင်း ရှားပါးသောတိရိစ္ဆာန်များ၊ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်နေသော ရှားပါးမျိုးစိတ်များ၊ စီးပွားရေးနှင့် ကျန်းမာရေးအဟာရဆိုင်ရာ တန်ဖိုးရှိမျိုးစိတ်များ မရှိပါကြောင်း တွေ့ရှိရပါသည်။ လုပ်ကွက်နှင့် ဆက်စပ်နေသော ဒေသအတွင်း ဒေသခံများ၏ သစ်ခုတ်ဝါးခုတ်မှု လုပ်ငန်းများကြောင့် တောတိရိစ္ဆာန်ကြီးများ နေထိုင်ကျက်စားမှု နည်းပါးလာကြောင်း သိရှိရပါသည်။ လုပ်ကွက်အတွင်း အများစုတွေ့ရှိရသည့် တိရိစ္ဆာန်မျိုးစိတ်များမှာ မျောက်၊ ဝံ၊ တောင်ဆိတ်၊ ချေ၊ တောကြောင်၊ တောဝက်တို့ တွေ့ရှိရပြီး အခြားတွေ့ရှိရသည့် မျိုးစိတ်များမှာ တောကြက်၊ ဇီးကွက်၊ လင်းယုန်၊ သိမ်းငှက်၊ ချိုး စသောငှက်မျိုးစိတ်များ၊ ပုတ်သင်ညို၊ နကျီကောင်၊ လိပ်ပြာ၊ ပျား၊ ပုစဉ်းနှင့် ငါးမျိုးစိတ်အနည်းငယ်တို့ကို တွေ့ရပါသည်။ ခဲသတ္တုရိုင်းတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ဂေဟနစ်ဖြစ်ထွန်းမှု ထိခိုက်မှု လျော့နည်းစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများမှာ -

- လုပ်ကွက်အတွင်း သဘာဝပေါက်ပင်ထိန်းသိမ်းခြင်း၊ အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။
- ဂေဟစနစ်ထိခိုက်မှု မရှိစေရေးအတွက် ဖုန်မှုန့်ပျံ့လွင့်မှုနှင့် လေထုညစ်ညမ်းမှု မရှိစေရေးအတွက် ဆောင်ရွက်မည်ဖြစ်ပါသည်။
- ဆူညံသံနှင့်တုန်ခါမှုများ အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- အသုံးပြုပြီးမြေနေရာများတွင် အစားထိုးဝင်ရောက် ပေါက်ရောက်နေသော အခြားမျိုးရင်းမျိုးစိတ်အပင်များအား ရှင်းလင်းဖယ်ရှား၍ ဒေသပေါက်ပင်များအား ပြန်လည်စိုက်ပျိုးပါမည်။

၇.၆.၁၀။ လူမှုဝန်းကျင်အပေါ် ထိခိုက်မှု

စီမံကိန်းဧရိယာနှင့် (၅) စတုရန်းမိုင်အတွင်း လူနေထိုင်မှု မရှိသည့်အတွက် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ မရှိနိုင်ပါ။ ခဲသတ္တုလုပ်ကွက်အနီးတွင် ရွာမြေ၊ စိုက်ပျိုးမြေများ မရှိခြင်းတို့ကြောင့် ဒေသခံများအနေဖြင့် နေရာပြောင်းရွှေ့ခြင်း၊ စိုက်ပျိုးမြေဆုံးရှုံးခြင်း စသည့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်မှုမရှိပါ။ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြု၍တူးဖော်ခြင်းဖြစ်ပြီး ဆူညံသံနှင့် တုန်ခါမှုများ ဖြစ်ပေါ်ခြင်းနည်းပါးသည့်အတွက် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုမရှိပါ။ သတ္တုများ သယ်ယူခြင်း၊ စုပုံခြင်းတို့မှ ဖုန်မှုန့်များထွက်ရှိပြီး လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ လုပ်ကွက်အတွင်း လေထုအရည်အသွေးမှာ တိုင်းတာစစ်ဆေးမှုများအရ အမှုန်အမွှားပါဝင်မှုမှာ PM_{10} = 8.95 µg/m^3, $PM_{2.5}$ = 7.12 µg/m^3 ပါဝင်ကြောင်း တွေ့ရပါသည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအရ PM_{10} = 50 µg/m^3, $PM_{2.5}$ = 25 µg/m^3 ဖြစ်၍ ခဲသတ္တုလုပ်ကွက်အတွင်း အမှုန်အမွှားပျံ့လွင့်မှုမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်းသာ ရှိကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းများဆောင်ရွက်မှုကြောင့် လူမှုဝန်းကျင်အပေါ် ထိခိုက်စေနိုင်သည့် အချက်များနှင့် လျော့နည်းသက်သာစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က) လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်သည့်အချက်များ

လူမှုဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သော အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ဆူညံသံဖြစ်ပေါ်စေခြင်း၊
- လေထုညစ်ညမ်းစေခြင်း၊ ဖုန်မှုန့်များ ပျံ့လွင့်စေခြင်းနှင့် ကျန်းမာရေးထိခိုက်စေခြင်း၊
- ဒေသရေစီး ချောင်းရေများအား ညစ်ညမ်းစေခြင်း၊ အနည်အနှစ်များ ကျရောက်စေခြင်း၊
- သဘာဝဘေးဒဏ်နှင့်

- လမ်းများပေါ်မှ ဖြတ်သန်းသွားလာမှုကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။

(ခ) လျော့နည်းစေရန်ဆောင်ရွက်မည့်အစီအစဉ်များ

လုပ်ငန်းဆောင်ရွက်မှုကြောင့် လုပ်ကွက်နှင့်ဆက်စပ်ဒေသရှိ လူမှုဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေနိုင်သော အချက်များအား လျော့နည်းစေရန် ဆောင်ရွက်မည့်အစီအစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

<u>ဆူညံသံနှင့်တုန်ခါမှုဖြစ်ပေါ်မှု လျော့နည်းစေရန် ဆောင်ရွက်မည့်အစီအစဉ်</u>

- ခဲသတ္တုတူးဖော်ရာတွင် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး နေ့ဆိုင်းတစ်ဆိုင်းဖြစ်သာ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ ယမ်းခွဲခြင်းလုပ်ငန်းအား လိုဏ်ဂူအတွင်း လိုအပ်သလောက်သာ အသုံးပြု၍ တူးဖော်မှုလုပ်ငန်းအား ဆောင်ရွက်ပါမည်။ ဆူညံသံဖြစ်ပေါ်မှုအား တူးဖော်သည့်ဧရိယာအတွင်း (70 dBA)၊ ဝန်ထမ်းအိပ်ဆောင်အနီး နေ့ (55 dBA) နှင့် ည (45 dBA)၊ တုန်ခါမှု (0.02) ft/sec ထက် ကျော်လွန်မှုမရှိစေရန် သတ်မှတ်ဆောင်ရွက်ပါမည်။
- လမ်းများတွင် ကုမ္ပဏီမှကားများ ဖြတ်သန်းသည့်အခါ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု မရှိစေရေးအတွက် ယာဉ်မောင်းများအား အတွေ့အကြုံရှိယာဉ်မောင်းများ ခန့်ထားဆောင်ရွက်ပါမည်။

<u>လေထုညစ်ညမ်းမှု လျော့နည်းစေရန် ဆောင်ရွက်မည့်အစီအစဉ်များ</u>

- လေထုအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအတွင်း ရှိစေရေးအတွက် မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။ ခဲသတ္တုသယ်ပို့သည့် လမ်းကြောင်းတွင် ဖုန်မှုန့်ပျံ့လွင့်မှု လျော့နည်းစေရေးအတွက် ရေဖြန်းခြင်း၊ ဖုန်မှုန့်ပျံ့လွင့်မှုအား တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

- ထို့အပြင် တောမီးမလောင်စေရန်အတွက်လည်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်သွားခြင်းဖြင့် အခိုးအငွေ့များနှင့် အမှုန်အမွှားများ ထွက်ရှိမှုအား လျော့ချစေရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

<u>ဒေသရေစီး ချောင်းရေများအား ညစ်ညမ်းမှုမရှိစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်</u>

- တူးဖော်ရေးဧရိယာနှင့် စွန့်ပစ်မြေစာပုံပတ်လည်တွင် ရေနုတ်မြောင်းများ တူးဖော်၍ မိုးတွင်းစီးဆင်းသည့် မြေပေါ်ရေများအား အနည်ထိုင်ကန်အတွင်း စီးဆင်းစေ၍ အနည်ထိုင်စေပြီး ရေအရည်အသွေးစစ်ဆေးပြီးမှ ပြင်ပသို့စေလွှတ်ရန် စီမံဆောင်ရွက်ပါမည်။
- ဆက်စပ်ဧရိယာအတွင်းရှိ ရေစီးချောင်းများအတွင်းသို့ အနည်အနှစ်များ ကျရောက်ခြင်း၊ ရေညစ်ညမ်းစေခြင်းများ မရှိစေရေးအတွက် စီမံကိန်းနယ်မြေမှ ဒေသသို့စီးထွက်သော စွန့်ပစ်ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (Effluent Levels) အတိုင်း ထိန်းသိမ်းဆောင်ရွက်မည် ဖြစ်ပါသည်။
- မိုးကာလ စွန့်ပစ်မြေစာပုံများအား မိုးရေတိုက်စားပြီး နုံးအနည်အနှစ်များ မကျရောက်စေရေးနှင့် ထိခိုက်မှုမရှိစေရေးအတွက် စွန့်ပစ်မြေစာပုံများအား နေရာနှင့် အမြင့်သတ်မှတ်၍ စုပုံခြင်း၊ မြေစာပုံဘေးနံရံများအား လျောစောက်များ ပြုလုပ်ထားခြင်း၊ မြေစာပုံအောက်ခြေပတ်လည်တွင် မြောင်းများတူးဖော်ထားခြင်းတို့ ဆောင်ရွက်ပါမည်။

<u>သဘာဝဘေးဒဏ်</u>

- လုပ်ကွက်နှင့်ဆက်စပ်နေသော ဒေသတွင်းရေစီးချောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် မိုးရာသီကာလမတိုင်မီ လုပ်ကွက်ရှိချောင်းအတွင်းမှ အမှိုက်များအား ရှင်းလင်းခြင်း၊
- ချောင်းအတွင်း အနည်အနှစ်များ ကျရောက်မှုမရှိစေရေးအတွက် အပေါ်ယံစွန့်ပစ်မြေစာပုံအပေါ်နှင့် ဘေးနံရံများတွင် ဒေသပေါက်ပင်နှင့် မြေထိန်းမြက်များ စိုက်ပျိုးခြင်း၊

- လုပ်ကွက်အတွင်း တည်ဆောက်ထားသော တဲများအား ချောင်းရေအမြင့်နှင့် ချောင်းနှင့် အကွာအဝေးများကို လိုအပ်သလို စီစစ်ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကယ်ဆယ်ရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ပါမည်။

<u>ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ</u>

- လမ်းများပေါ် ဖြတ်သန်းသွားလာမှုများကြောင့် ဆူညံသံများဖြစ်ပေါ်မှု၊ ဖုန်မှုန့်များ ပျံ့လွင့်မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကျွမ်းကျင်ယာဉ်မောင်းများအား ခန့်ထားဆောင်ရွက်ပါမည်။

၇.၆.၁၁။ ခဲသတ္တုသန့်စင်ခြင်းလုပ်ငန်းမှ သက်ရောက်မှုများကိုဆန်းစစ်ခြင်း

ခဲသတ္တုရိုင်း အကြမ်းထည်သန့်စင်ခြင်းလုပ်ငန်းအတွက် သန့်စင်စက်ရုံငယ်၏ လုပ်ငန်းဆောင်ရွက်ရမည့် သတ္တုရိုင်းသန့်စင်ခြင်းလုပ်ငန်းတွင် -

- ခဲသတ္တုရိုင်းပါ ဖြုံးကျောက်များအား သယ်ယူခြင်း၊
- ခဲသတ္တုရိုင်းပါ ဖြုံးကျောက်များအား ကြိတ်ခွဲခြင်း၊
- ခဲသတ္တုရိုင်းပါ ကြိတ်ခွဲစာများအား မျောလောင်းခြင်းနည်းစနစ် (Floatation Method) အသုံးပြုခြင်း၊
- ထွက်ရှိလာသည့် မျောစာများအား မျောစင်ရှိ ဇကာများတွင် တင်ပြီး လှုပ်ခါစက် (Shaking Table) ဖြင့် သန့်စင်ရပါသည်။
- သန့်စင်ပြီး ခဲသတ္တုရိုင်းများအား စနစ်တကျထုတ်ပိုးပြီး ဈေးကွက်သို့ ပို့ဆောင်ရောင်းချရပါသည်။

အထက်ပါ ခဲသတ္တုသန့်စင်ခြင်း ဆောင်ရွက်သည့် လုပ်ငန်းတစ်ခုခြင်းစီမှ သက်ရောက်မှုများအား အောက်ပါအတိုင်း ဆန်းစစ်ခြင်းဆောင်ရွက်မည် ဖြစ်ပါသည်။

- ခဲသတ္တုရိုင်းပါ ဖြုံးကျောက်များအား သန့်စင်စက်ရုံသို့ သယ်ယူခြင်း၊ စုပုံခြင်းနှင့် ကြိတ်ခွဲခြင်းတို့ ဆောင်ရွက်ရာမှ ဖုန်မှုန့်အနည်းငယ်ထွက်ရှိပြီး လေထုညစ်ညမ်းမှု အနည်းငယ်ဖြစ်ပေါ်စေနိုင်ပါသည်။ လေထုညစ်ညမ်းမှုကို ဆန်းစစ် စစ်ဆေးနိုင်ရန်အတွက် စက်ရုံဝန်းကျင်တွင် လေထုအရည်အသွေးအား

HAZ Scanner Model – EPAS စက်ကို အသုံးပြု၍ (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားမည် ဖြစ်ပါသည်။

- ခဲသတ္တုပါ ကျောက်ဖြုံးများကို ကြိတ်ခွဲရာမှ အင်ဂျင်စက်များ၏ ဆူညံသံနှင့် တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်အား သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် Sound Level Meter ဖြင့် ဆူညံသံများအား (၃) လလျှင် (၁) ကြိမ် စစ်ဆေး၍ ဆန်းစစ်သွားမည်ဖြစ်ပါသည်။
- ခဲသတ္တုပါ ဖြုံးမြေစာများအား မျောလောင်းခြင်း ဆောင်ရွက်သည့်အတွက် မျောလောင်းရာမှ စွန့်ပစ်ရေအနည်းငယ် ထွက်လာနိုင်ပါသည်။ ထွက်လာသော စွန့်ပစ်ရေများသည် ပတ်ဝန်းကျင်နှင့် စီမံကိန်းရှိ လူမှုဝန်းကျင်အပေါ် သက်ရောက်မှုအနည်းငယ် ရှိလာနိုင်ပါသည်။ ထွက်လာမည့် စွန့်ပစ်ရေများအား နမူနာရယူပြီး ရန်ကုန်မြို့ရှိ ISO ဓါတ်ခွဲခန်းတွင် ဓါတ်ခွဲပြီး စွန့်ပစ်ရေ၏ Parameter များဖြစ်သော Arsenic, Cadimium, Chemical Oxygen Demand, Chromium, Hexavalent, Copper, Cyanide, Iron, Mercury, Nickel, pH, Temperature, Total Suspended Solid, Zinc စသည်တို့ကို (၆) လလျှင် (၁) ကြိမ် တိုင်းတာစစ်ဆေးသွားမည် ဖြစ်ပါသည်။

အခန်း (၈)

အများပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း (Public Consulation)

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် Third Party ဖြစ်သော Kalaw Citizen Mineral Exploration and Mining ကုမ္ပဏီလီမိတက်မှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သောအဖွဲ့သည် (၁၉.၁၂.၂၀၂၁) ရက်နေ့တွင် ဒါလန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဒေသခံ ရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စစ်တမ်းများကောက်ယူခြင်း၊ သဘာဝပတ်ဝန်းကျင်လုပ်ငန်းရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊ ကျေးရွာဒေသခံများမှ ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များ၊ စံချိန်စံညွှန်းများ၊ အညွှန်းကိန်းများနှင့်အညီ ခဲသတ္တုထုတ်လုပ်မည့် ဒေသဝန်းကျင်တွင် ထိခိုက်ပျက်စီးမှု ရှိနိုင်/မရှိနိုင် စသည်တို့အား ကနဦးပတ်ဝန်းကျင်လေ့လာဆန်းစစ်ခြင်း (Initial Environmental Examination) လုပ်ငန်းအဆင့်ဆင့်ဖြင့် ဆွေးနွေးကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။ IEE လုပ်ငန်းများ ဆောင်ရွက်ပြီး ခဲသတ္တုတူးဖော်သည့်အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် (သို့) အနည်းဆုံးဖြစ်စေရန် စီမံထားမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) များအား ချပြရှင်းလင်းဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းများဆောင်ရွက်သည့်အခါ ဒေသခံအလုပ်သမားများ ခန့်ထားရေးအစီအစဉ်၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်မည့်အခြေအနေ၊ ဒေသတွင်း ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများ စသော CSR လုပ်ငန်းများကိုလည်း ရှင်းလင်း ဆွေးနွေးခဲ့ကြပါသည်။

ကျေးရွာဒေသခံများဖြစ်သော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရမ်ဆယ်ယုံရမ် မှ သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် ဆောင်ရွက်နိုင်ရေး ဆွေးနွေးပါသည်။

ရပ်ရွာလူကြီး ဦးဆန်ခေါင်းဖုန်မှလည်း ဒေသ၏ ပညာရေးကိစ္စ ဝင်ရောက်ဆွေးနွေးပြီး ခဲသတ္တုတူးဖော်သည့်အခါ အန္တရာယ်မဖြစ်စေရေးနှင့် စနစ်တကျတူးဖော်ကြရန် ပြောကြားပါသည်။

ထို့နောက် ကျေးရွာရပ်မိရပ်ဖ ဦးနန်တီးဖုန် မှလည်း လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာများ မထိခိုက်စေရန်၊ ရေဆိုးရေညစ်များ ချောင်းများအတွင်း မဝင်ရောက်စေရေးနှင့် ဦးဖုန်ဇီးဇိန်မှ ချောင်းရေများကို ညစ်ညမ်းမှုမရှိစေရေး ဆွေးနွေးကြပါသည်။ ထို့အပြင် ဒေသခံလုပ်သားများ ခန့်အပ်ပေးပါရန်လည်း တင်ပြလာကြပါသည်။

ထို့နောက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရမ်ဆယ်ယုံရမ်၏ စီစဉ်ပေးမှုအရ ဒေသခံရွာသား (၂၀) ဦးနှင့် တွေ့ဆုံပြီး မေးခွန်းများဖြေကြား၍ လက်မှတ်များ ရေးထိုးခဲ့ကြပါသည်။ မေးခွန်းတစ်ခု

ခြင်းအတွက် ထောက်ခံမှုပျမ်းမျှ ရာခိုင်နှုန်းရယူခြင်း၊ မေးခွန်းအားလုံး ထောက်ခံမှုပျမ်းမျှ ရာခိုင်နှုန်းရယူခြင်းတို့ တွက်ချက်ခဲ့ရာ ဒေသခံများမှ ထောက်ခံမှု (၈၁.၄၃%) ရရှိခဲ့ပါသည်။ ဒေသခံများမှလည်း ကျေးလက်ကျန်းမာရေးဆရာမ ရရှိရေး၊ မူလတန်းကျောင်း ပံ့ပိုးကူညီပေးရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် ကူညီမှုပြုကြပါရန်၊ လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပေးကြပါရန်နှင့် ဒေသခံ အလုပ်သမားများ ခန့်ထားပေးကြပါရန် တင်ပြဆွေးနွေးကြပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီမှ မိမိတို့ကျေးရွာအုပ်စုအတွင်း ဒေသခံ ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဘာသာရေးလုပ်ငန်းများအတွက် အလှူငွေများ ထည့်ဝင် လှူဒါန်းထားပါကြောင်း၊ ကုမ္ပဏီမှအလှူငွေများ ထည့်ဝင် လှူဒါန်းပေးသည့်အတွက် အထူး ပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ဒေသခံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းနှင့် ယခုကဲ့သို့ ဒေသခံများအား ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း လာရောက်တွေ့ဆုံ ဆွေးနွေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီမှ တာဝန်ရှိသူမှ ယခုကဲ့သို့ အချိန်ပေး တက်ရောက်လာသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် ဒေသခံများ၏ လိုလားတောင်းဆိုချက်များအား မိမိတို့ တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည်ဖြစ်ပြီး ထုတ်လုပ်ခွင့်ရရှိပါက ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြစ်နိုင်သည်များကို ကူညီထောက်ပံ့ရန် ကတိပြုပါကြောင်း ဆွေးနွေ ပြောကြားခဲ့ပါသည်။ ကုမ္ပဏီမှ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ အသားတင်အမြတ်၏ (၃%) အား လူမှုအကျိုးပြု CSR လုပ်ငန်းများအတွက် ထည့်ဝင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ကုမ္ပဏီ ဒါရိုက်တာ/ တာဝန်ရှိသူမှ ဆွေးနွေးတောင်းဆိုချက်များကို စမ်းသပ်တိုင်းတာ ခွင့်ရရှိသည့်အခါနှင့် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတို့တွင် တောင်းဆိုချက်နှင့် လိုလားချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း နှင့် ကတိပြုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

တတိယအဖွဲ့အစည်းမှ ဦးအေးမောင်၏ ထပ်ဆင့်ဆွေးနွေး ပြောကြားချက်မှာ ယခု ဆောင်ရွက်မည့်လုပ်ငန်းကို လက်ရှိ သဘာဝပေါက်ပင်နှင့် မြေပြင်အနေအထား ထိခိုက်မှုအား တတ်နိုင်သမျှ နည်းပါးစေရန်နှင့် ဒေသခံများ၏ လယ်မြေများအား ရှောင်ရှားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကုမ္ပဏီမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြား ခဲ့ပါသည်။

၈.၁။ ဒါဘန်/ဒါလန်ကျေးရွာ ဒေသခံများ၏ဆွေးနွေးညှိနှိုင်းမှုရလဒ်များ

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်မည့် ခဲနှင့်ရောရာသတ္တု တူးဖော်မှု စီမံကိန်းအပေါ် ဒေသခံ ဒါလန်ကျေးရွာအုပ်စု ကျေးရွာသားများ၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆိုင်ရာ တွေ့ဆုံမေးမြန်းမှုရလာဒ်

ဒါလန်ကျေးရွာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၁၉) ရက်

စဉ်	ပတ်ဝန်းကျင်၏လူမှုစီးပွားရေးနှင့် ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုများ	ထောက်ခံ	ကန့်ကွက်
၁။	ယခုစီမံကိန်းသည် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအတွက် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ထိခိုက်နိုင်သည်ဟု ယူဆပါသလား	မယူဆပါ (၁၆)ဦး ၈၀%	ယူဆပါသည် (၄)ဦး ၂၀%
၂။	ယခုစီမံကိန်းကြောင့် အနီးအနားရှိကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသလား	ရရှိနိုင်ပါသည် (၁၈)ဦး ၉၀%	မရရှိနိုင်ပါ (၂)ဦး ၁၀%
၃။	ယခုစီမံကိန်းကြောင့် ဤဒေသရှိ မြေပေါ်/မြေအောက်ရေအရင်းအမြစ်များအား ထိခိုက်နိုင်ပါသလား	မထိခိုက်နိုင်ပါ (၁၄)ဦး ၇၀%	ထိခိုက်နိုင်သည် (၆)ဦး ၃၀%
၄။	ယခုစီမံကိန်းကြောင့် ဤဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ပါသလား	မထိခိုက်နိုင်ပါ (၁၆)ဦး ၈၀%	ထိခိုက်နိုင်သည် (၄)ဦး ၂၀%
၅။	ယခုစီမံကိန်းကြောင့် ဆူညံသံ၊ တုန်ခါမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ထိခိုက်မှုများကို ဖြစ်ပေါ်စေနိုင်ပါသလား	မဖြစ်နိုင်ပါ (၁၈)ဦး ၉၀%	ဖြစ်နိုင်ပါသည် (၂)ဦး ၁၀%
၆။	ယခုစီမံကိန်းကြောင့် လုပ်ကွက်အနီးရှိဒေသခံများ၏ လူမှုစီးပွား ရေးပိုမိုကောင်းမွန်နိုင်ပါသလား	ကောင်းနိုင်ပါသည် (၁၆)ဦး ၈၀%	မကောင်းနိုင်ပါ (၄)ဦး ၂၀%
၇။	ယခုစီမံကိန်း၏ သယ်ပို့ဆောင်ရေးလမ်းကြောင်းကြောင့် ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအား ထိခိုက်နိုင်ပါ သလား	မထိခိုက်နိုင်ပါ (၁၈)ဦး ၉၀%	ထိခိုက်နိုင်သည် (၂)ဦး ၁၀%
	ကန့်ကွက်မှုရာခိုင်နှုန်း ထောက်ခံမှုရာခိုင်နှုန်း	၁၈.၅၇% ၈၁.၄၃%	

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်း၍ ယခုကဲ့သို့ ဒေသခံပြည်သူများနှင့် လာရောက်ဆွေးနွေးသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ကုမ္ပဏီမှ လုပ်ကွက်အနီးရှိ ဒေသခံတို့၏ စိုက်ပျိုးမြေများအားထိခိုက်မှုမရှိစေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ထိခိုက်မှုရှိပါက လျော်ကြေးငွေပေးရန် ကတိပြုသည့်အတွက် မိမိတို့ဒေသခံများအနေနှင့် ကန့်ကွက်ရန် မရှိပါကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ အတွက်လည်း ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သည့်အတွက် ဤစီမံကိန်းသည် မိမိတို့ ဒေသအတွက် အကျိုးရှိမည်ဟုယုံကြည်ပါကြောင်း၊ မိမိတို့ဒေသခံများမှ ကြိုဆိုပါကြောင်း ဒေသခံများမှ ပြောကြားခဲ့သည့်အတွက် ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။

ဓာတ်ပုံမှတ်တမ်း



ကုမ္ပဏီ၏ တာဝန်ရှိသူမှ ဆွေးနွေးတင်ပြနေစဉ်



ဒေသခံများမှ ပြန်လည်တင်ပြဆွေးနွေးနေကြစဉ်



ဒေသခံများမှ ပြန်လည်တင်ပြဆွေးနွေးနေကြစဉ်



ဒေသခံများမှ သဘောတူလက်မှတ်ရေးထိုးနေကြစဉ်



ဒေသခံများမှ သဘောတူလက်မှတ်ရေးထိုးနေကြစဉ်

ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသတွင် လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရာသတ္တု တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းစီမံကိန်းအတွက် ဒါလန်ကျေးရွာအုပ်စုဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစည်းအဝေးပွဲမှတ်တမ်း

၁၉-၁၂-၂၀၂၁

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ★ စာအမှတ်၊------ ရက်စွဲ၊------ ★ ခေါင်လန်ဖူးမြို့နယ်

	အမည်	မှတ်ပုံတင်အမှတ်	ရေးရာ	လက်မှတ်
၁။		၁/ဆက(နိုင်) ၀၀၀၅၅၉၆		
၂။	ဦး ခေါင်ဆက်	၁/ဆက(နိုင်) ၀၀၀၄၆၅၀		
၃။	ဦး မရောက်း ဗွန်	၁/ဆက(နိုင်) ၀၀၀၆၉၉၅		
၄။	ဦး မရှိတ္တာတန် ဦး	၁/ဆက(နိုင်) ၀၀၀၁၀၇		
၅။	ဦး ဒဒွမ်ရွမ်အိန်	၁/ဆက(နိုင်) ၀၀၀၅၂၀၃		
၆။	ဦး ဝအမ်းခေါင်တန်	၁/ဆက(နိုင်) ၀၀၀၁၀၅၇		
၇။	ဦး အန်ခေါင်း ဗွန်	၁/ဆက(နိုင်)		
၈။	ဦး ဒဟမ်အင်အာရ်	၁/ဆက(နိုင်) ၀၀၀၀၄၇		
၉။	ဦး ဝအမ်းခေါင် ဖြိ	၁/ဆက(နိုင်) ၀၀၀၅၀၈၅		
၁၀။	ဦး နန်ဟိ ဗွန်	၁/ဆက(နိုင်) ၀၀၀၂၀၁၁		
၁၁။	ဦး ဝအမ်းခေါင် ဖြိ	၁/ဆက(နိုင်) ၀၁၀၅၀၀၅		
၁၂။	ဦး ဟက်ဒမ် ဗွန်အောရ်	၁/ဆက(နိုင်) ၀၀၀၅၀၀၅		
၁၃။	ဦး ရဝဲဟန် ဟုံ	၁/ဆက(နိုင်) ၀၀၀၅၀၅၅		
၁၄။	ဦး မနှာ ဒီ ရုမ်	၁/ဆက(နိုင်) ၀၀၀၀၄၇		
၁၅။	ခေါ် နန်ဟိ ခေါ် ဖြိ	၁/ဆက(နိုင်) ၀၀၀၂၀၀		
၁၆။	ခေါ် ဒင်အဒွန် နှင်	၁/ဆက(နိုင်) ၀၀၀၀၅၅၆		
၁၇။	ခေါ် ရဝဲဟန် ဂင်း ဖြိ	၁/ဆက(နိုင်) ၀၀၀၀၀၀		
၁၈။	ခေါ် နန်ဟိ ဇီရုမ်	၁/ဆက(နိုင်) ၀၀၀၂၀၁၁		
၁၉။	ဦး ဗွန်ဖြိ ကိန်	၁/ဆက(နိုင်) ၀၀၀၅၅၀၄		
၂၀။	ဦး ရုမ်အယ်ပဒုရုမ်	ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး		

ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး
ဒါလန်ကျေးရွာအုပ်စု
ခေါင်လန်ဖူးမြို့နယ်

၈.၂။ အများပြည်သူများသို့ သတင်းအချက်အလက်များ ဖော်ပြမှုအစီအစဉ်များ

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်တွင် ဒါလန်ကျေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ထပ်မံလုပ်ဆောင်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ထားမှု အလုပ်အကိုင် ခန့်ထားရေး ကိစ္စရပ်များနှင့် ဒေသ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု အခြေအနေများကို တိုင်ပင်ဆွေးနွေးသွားမည် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေစဉ် အများပြည်သူနှင့် (၆) လလျှင် တစ်ကြိမ် တွေ့ဆုံဆွေးနွေးသွားမည် ဖြစ်ပါသည်။ စီမံကိန်းအခြေအနေများ၊ ပတ်ဝန်းကျင်အခြေအနေများနှင့် ခဲသတ္တုမိုင်းနှင့် ပတ်သက်သော အချက်အလက်များကို ဒါလန်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံးတွင်လည်းကောင်း၊ ကုမ္ပဏီရုံးခန်းတွင်လည်းကောင်း ကပ်ထားမည်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံများနှင့် အများပြည်သူသိရှိစေရန်အတွက် ခဲသတ္တုမိုင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကုမ္ပဏီမှ ဝက်ဆိုဒ် (သို့) Online Media (Facebook) တစ်ခု ထူထောင်ပြီး ထုတ်ဖော်လွှင့်တင်သွားမည် ဖြစ်ပါသည်။ ထူးခြားဖြစ်စဉ်များကိုလည်း ကုမ္ပဏီကြော်ငြာသင်ပုန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် Online Media များမှ လိုအပ်သလို ထုတ်ပြန်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

၈.၃။ လူမှုပတ်ဝန်းကျင်လူသားအကျိုးပြုမှုဆောင်ရွက်ချက် (CSR – Cooperate Social Responsible)

သတ္တုတူးဖော်သော ကုမ္ပဏီများသည် လုပ်ငန်းမှ ရရှိသော အကျိုးအမြတ်များကို လူသားအကျိုးပြုမှု လုပ်ငန်းများတွင် ထည့်ဝင်လှူဒါန်းလာကြသည်မှာ ကမ္ဘာနှင့်အဝှမ်း မြင်တွေ့လာရပါသည်။ ဒေသတစ်ခု၏ ထွက်ရှိသော သယံဇာတများကို တူးဖော်ထုတ်ယူပြီး စီးပွားရှာကြသူများအနေဖြင့် အဆိုပါဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုအကျိုးပြုလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ပေးခြင်းဖြင့် အတ္တပရ မျှတသောလူသားဝါဒကို တည်ဆောက်သင့်ကြပါသည်။ လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် အတ္တပရမျှတသော လူသားဝါဒကို လက်ခံယုံကြည်ပြီး လူမှုပတ်ဝန်းကျင်အတွက် အကျိုးပြုမှု၊ တာဝန်ယူမှုများကို ယခင်ကလည်း ဆောင်ရွက်ခဲ့သလို နောင်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဒါလန်ကျေးရွာရှိ မူလတန်းကျောင်း အဆင့်မြှင့်တင်နိုင်ရေး၊ ဒါလန်-ရှိန်းခေါင်နှင့် ခေါင်လန်ဖူးမြို့အား ဆက်သွယ်ထားသော လမ်းများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ကျေးလက်ဒေသ ကျန်းမာရေးလုပ်ငန်းများ၊ ကျေးရွာ၏ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများနှင့် လူမှုအကျိုးပြုလုပ်ငန်းများအား ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ခဲသတ္တုလုပ်ကွက်နှင့် အနီးဆုံးဖြစ်သည့် ဒါလန်ကျေးရွာအုပ်စုမှ ဒေသခံ (၂၀) ဦးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ တတိယပါတီမှ ပညာရှင်များသည် (၁၉.၁၂.၂၀၂၁) နေ့တွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် တိုင်ပင်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ကုမ္ပဏီ၏ ဒါရိုက်တာမှ ကုမ္ပဏီအကျိုးအမြတ်အတွက်သာ မကြည့်ဘဲ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အရေး တိုးတက်ရရှိစေရေးအတွက် စီမံကိန်း အကောင်အထည်ဖော်ခြင်း ဖြစ်ကြောင်း ရှင်းပြပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြင့် စီမံကိန်းအကောင်အထည်ဖော်မည့် အကြောင်းများ ရှင်းပြပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများ မပျောက်စေရေး၊ လက်ရှိဂေဟစနစ် ဆက်လက်တည်မြဲစေနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan – EMP) ရေးဆွဲ၍ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းပြပါသည်။ ပညာရှင်အဖွဲ့မှလည်း ကျေးရွာဒေသခံများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါသည်။

ဒေသခံများမှ လိုအပ်ချက်များကို တင်ပြခဲ့ရာတွင် လုပ်ငန်းဆောင်ရွက်ပါက အလုပ်သမားများကို ဒေသခံများ ရာခိုင်နှုန်းများများ ခန့်ထားပေးရေး၊ ဒေသတွင် ကျန်းမာရေးကဏ္ဍများ ကူညီဆောင်ရွက်ပေးရေးနှင့် ဒေသတွင်း လမ်းများအား အဆင့်မြှင့်တင်ခြင်းတို့တွင် ကူညီပေးပါရန် တင်ပြတောင်းဆိုခဲ့ပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်း စတင်ဆောင်ရွက်ပါက ဒါလန်ကျေးရွာအုပ်စုမှ လုပ်သားများကို ၅၀% ကျော် ငှားရမ်းသုံးစွဲမည်ဖြစ်ကြောင်း၊ ကျေးလက်ဆေးပေးခန်းတွင် လိုအပ်ချက်များရှိလာပါက ကူညီပေးမည်ဖြစ်ကြောင်း၊ ဒါဘန်-ရှိန်းခေါင်နှင့် ခေါင်လန်ဖူး လမ်းများအား ရာသီမရွေးသွားလာနိုင်ရန် ဆောင်ရွက်ရာတွင် တတ်စွမ်းသမျှ အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အနာဂါတ်ကာလ တိုင်ပင်ဆွေးနွေးခြင်းများ ရှိလာပါလျှင်လည်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်၍ ကျေးရွာမှ လုပ်သားများခန့်ထားပါက ကျေးရွာသားများအား သဘာဝတောတောင်များကို ချစ်ခင်တတ်စေရန်၊ သားငှက်တိရိစ္ဆာန်များကို စာနာတတ်စေရေန် ဟောပြောခြင်း၊ သစ်တောသစ်ပင် လက်တွေ့စိုက်စေခြင်း၊ သင်တန်းများပေးခြင်းတို့ ဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။ လူမှုပတ်ဝန်းကျင် လူသားအကျိုးပြုမှုအတွက် ကနဦး ကျပ်သိန်း (၅၀) မတည်ပြီး လိုအပ်ပါက ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီသည် ခဲနှင့်ရောရာသတ္တု တူးဖော်ရေးလုပ်ငန်းနှင့် ပတ်သက်၍ (IEE) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအား အများပြည်သူနှင့် ဒေသခံများ

လေ့လာနိုင်ရန်အတွက် လည်းကောင်း၊ အကြံပြုဆွေးနွေးနိုင်ရန်အတွက်လည်းကောင်း၊ ဒါလန်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းတွင်လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်တွင်လည်းကောင်း တစ်စုံစီထားရှိပါမည်။ စီမံကိန်းရှိရာ ကုမ္ပဏီရုံးခန်းတွင်လည်း တစ်စောင်ထားရှိမည်။ အစီရင်ခံစာနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းရန်၊ အကြံပြုဆွေးနွေးနိုင်ရန်၊ အများပြည်သူများ ဝေဖန်အကြံပေးနိုင်ရန်အတွက် ကုမ္ပဏီနှင့်ပတ်သက်၍ ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များမှာ ၀၉-၅၇၀၈၉၀၊ ၀၉-၅၇၂၅၈၈ နှင့် E-mail – lpwgoldmining@gmail.com တို့ ဖြစ်ပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ခဲ့သည့် လူမှုအကျိုးပြုလုပ်ငန်းများအား တင်ပြခြင်း

(၁) လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ (ရဝမ်ကချင်တိုင်းရင်းသားများ၏ ဌာနေပြည်သူ့စစ်) သည် ခေါင်လန်ဖူး၊ ရှိန်းခေါင်ဒေသ (မြန်မာ-တရုတ်နယ်စပ်) ဒေသ တစ်လျှောက်တွင် တပ်မတော်နှင့်လက်တွဲကာ ဒေသနေပြည်သူများ နယ်မြေအေးချမ်းရေးအတွက် လုံခြုံရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ပါသည်။

(၂) ပူတာအို-နောင်မွန်း-ခေါင်လန်ဖူး လမ်းပေါ်ရှိ မေခမြစ်ကူး ဂျစ်ကားကူးတံတားအား ငွေကျပ်သိန်းပေါင်း ရှစ်ထောင် (၈၀၀၀) အကုန်အကျခံကာ တည်ဆောက်ခဲ့ပါသည်။

(၃) ခေါင်လံဖူးမြို့နယ်အတွင်း ကျေးလက်ကျန်းမာရေး ဆေးပေးခန်း (၅) ခု တည်ဆောက်ပေးခြင်း၊ ဆေးဝန်ထမ်းများ ခန့်ထားပေးခြင်း၊ လိုအပ်သော ဆေးဝါးများ ပံ့ပိုးလှူဒါန်းခြင်းတို့ ဆောင်ရွက်ထားပါသည်။

(၄) ရှိနားကော်ကျေးရွာ၊ ပဇယ်ကျေးရွာ၊ ညီဝါးကျေးရွာနှင့် ရှိန်းခေါင်ကျေးရွာတို့တွင် မူလတန်းကျောင်း (၄) ကျောင်းနှင့် မထီဆွတ်ကျေးရွာတွင် မူလတန်းလွန်ကျောင်းများ ဆောက်လုပ်လှူဒါန်းပေးပြီး ဆရာ/ဆရာမများ ခန့်ထားပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(၅) ပူတာအိုမြို့၊ လေယာဉ်ကွင်းရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ကျပ်ဆယ်သိန်း (၁,၀၀၀,၀၀၀) လှူဒါန်းခဲ့ပါသည်။

(၆) လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီသည် ပူတာအိုခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယခုအချိန်အထိ ကျပ်သိန်းပေါင်း တစ်သောင်းကျော် ကူညီလှူဒါန်းထားပြီး ဖြစ်ပါသည်။

(၇) ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများအတွက် ဆက်လက်ကူညီလှူဒါန်းပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ လူမှုကူညီရေး (CSR) လုပ်ငန်းများနှင့် ရန်ပုံငွေလျာထားချက်

စဉ်	ဆောင်ရွက်မည့်အစီအစဉ်	ဆောင်ရွက်မည့်နည်းလမ်း	အကြိမ်ရေ	ရန်ပုံငွေသုံးစွဲမှု
၁	ပညာရေးကူညီမှု	မူလတန်းကျောင်း ဖွင့်လှစ်နိုင်ရေး၊ ဆရာ/ဆရာမ ခန့်ထားရေး	တစ်နှစ်တစ်ကြိမ်	၁,၀၀၀,၀၀၀ ကျပ်
၂	ကျန်းမာရေးကူညီမှု	ကျေးလက်ဆေးပေးခန်း ပံ့ပိုးကူညီမှု၊ ဆေးဝါးများ ကူညီပံ့ပိုးမှု	တစ်နှစ်တစ်ကြိမ်	၁,၀၀၀,၀၀၀ ကျပ်
၃	လမ်းပန်းဆက်သွယ်ရေး	ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်မှု၊ လမ်း/တံတား တည်ဆောက်ရေး ကူညီခြင်း	(၆) လ (၁) ကြိမ်	၁,၀၀၀,၀၀၀ ကျပ်
၄	ပြန်ကြားရေးကူညီမှု	စာကြည့်တိုက် ဖွင့်လှစ်ကူညီမှု၊ စာအုပ်စာတမ်းများ လှူဒါန်းခြင်း	(၆) လ (၁) ကြိမ်	၅၀၀,၀၀၀ ကျပ်
၅	ဒေသ ရေကောင်းရေသန့် ရရှိရေး	ရေပေးဝေရေးတွင် ကူညီခြင်း၊ ရေကန်များ တည်ဆောက်ပေးခြင်း	တစ်နှစ်လျှင်တစ်ကြိမ်	၁,၀၀၀,၀၀၀ ကျပ်
၆	ဘာသာရေးကူညီမှု	ခရစ်ယာန်ဘုရားကျောင်းတော်အား လှူဒါန်ခြင်း၊ ဘုရားကျောင်း ပြုပြင် ပြင်ဆင်ခြင်းများ	တစ်နှစ်လျှင်တစ်ကြိမ်	၅၀၀,၀၀၀ ကျပ်

လူမှုကူညီရေး (CSR) လုပ်ငန်းများအား ကျပ်သိန်း (၅၀) ခန့် လျာထားသုံးစွဲသွားပါမည်။ လိုအပ်ပါက ထပ်မံထည့်ဝင်သုံးစွဲသွားမည် ဖြစ်ပါသည်။

အခန်း (၉)
မိုင်းပိတ်သိမ်းခြင်းအစီအစဉ်

၉။ မိုင်းပိတ်သိမ်းခြင်းအစီအစဉ်

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ ၁၈၆၊ နည်းဥပဒေခွဲ (ဃ) အရ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ မပြီးဆုံးမီ တစ်နှစ်ထက်နောက်မကျစေဘဲ အပြီးသတ် ပိတ်သိမ်းခြင်းအစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြပြီး အတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဟု ကတိပြုပါသည်။

လပြည့်ဝန်းရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသ လုပ်ကွက် (၃) တွင် ခဲနှင့်ရောရာသတ္တု တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေအောက်တူးဖော်မှုစနစ် (Underground Mining Method) ကို အဓိက အသုံးပြုသွားမည် ဖြစ်ပါသည်။ မြေအောက်တူးဖော်မှုစနစ်ကြောင့် ဖြစ်ပေါ်လာမည့် သက်ရောက်မှု (Impact) များကို ထိန်းချုပ်ပြုပြင်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ထို့ကြောင့် လေထု၊ မြေထု၊ ရေထု စသည့်အခြေအနေများအား စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် သစ်တော သစ်ပင်များအား ပြန်လည်စိုက်ပျိုးခြင်းတို့ကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉.၁။ မိုင်းပိတ်သိမ်းချိန်ဆောင်ရွက်မည့် အစီအစဉ်များ

- တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းစတင်ချိန်မှစ၍ Top Soil နှင့် Tailing များအား Dumping Site များတွင် စနစ်တကျစုပုံပါမည်ဟု Flow Chart ဖြင့် သီးခြားဖော်ပြပြီး ဖြစ်ပါသည်။
- Underground Mining Method ဖြင့် တူးဖော်မည်ဖြစ်ပါ၍ ပြုပြင်ထိန်းသိမ်းမည့် နည်းလမ်းများအား ရေးဆွဲတင်ပြထားပါသည်။
- Underground Mining Method နည်းစဉ်ကြောင့် ဖြစ်ပေါ်လာသော Adit & Shaft များ၊ ချိုင့်ဝှမ်းများအတွင်း၌ မိုးကာလတွင် Perched Water များ အနည်းငယ် ထွက်ရှိနေမည် ဖြစ်ပါ၍ ၎င်းရေများအား ခါတ်ခွဲစမ်းသပ်ခြင်း၊ လိုအပ်ပါက Treatment လုပ်ခြင်းများ ဆောင်ရွက်၍ Recycle စနစ်ဖြင့် ပြန်လည်အသုံးပြုသွားပါမည်။ ထို့နောက် Tailing Dumping Site တွင် စုပုံထားသော Tailing များကို ဖြည့်သွင်းခြင်း ပြုလုပ်ပါမည်။ ၎င်း Tailing ဖြည့်တင်းမှုအပေါ်တွင် Top Soil Dumping Site မှ မြေသားများအား ဖြန့်ခင်းခြင်း ပြုလုပ်သွားပါမည်။ နောက်ဆုံးအဆင့်တွင် ခေါင်လန်ဖူးမြို့နယ်

သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုကို ခံယူ၍ ဒေသနှင့် ကိုက်ညီသင့်လျော်သော Short Term and Long Term သစ်ပင်များကို ပြန်လည်စိုက်ပျိုးပေးသွားပါမည်။ စိုက်ပျိုးရာတွင်လည်း ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များအား ကြီးကြပ်ဆောင်ရွက် စေပါမည်။

- မြေသားပြိုကျနိုင်သော နံရံများ၊ တောင်စောင်းများရှိနေပါက သစ်ပင်များစိုက်ပျိုး၍ မြေထိန်းခြင်း ပြုလုပ်မည်ဖြစ်ပြီး လိုအပ်ပါက Retaining Wall မြေထိန်းနံရံများ ပြုလုပ်ပေးသွားပါမည်။
- လုပ်ကွက်တွင် အောက်ခံကျောက်သည် ထုံးကျောက်နှင့် မီးသင့်ကျောက်ဖြစ်၍ မြေအောက်ရေ ရရှိရန် ခက်ခဲပါသည်။ လူမှုဝန်းကျင်ရှိ ဒေသခံများ အသုံးပြုသော မြေပေါ်ရေများအား ရယူခါတ်ခွဲစမ်းသပ်ထားပြီး ဖြစ်ပါသည်။ သတ္တုတွင်းပိတ်သိမ်းချိန်တွင် ဇရိယာဝန်းကျင်ရှိ Production ကာလာတွင် ဖြစ်ပေါ်ခဲ့သော Impact များကို သိရှိနိုင်ရန် ခါတ်ခွဲစစ်ဆေးသွားပါမည်။ ထို့နောက် Background Value နှင့် တိုက်ဆိုင်စစ်ဆေး၍ ပြုပြင်ပြီး စောင့်ကြည့်ကာလအထိ Treatment ပြုလုပ်ခြင်း၊ လိုအပ်ပါက Neutralization များ ပြုလုပ်ပြုပြင်ပေးသွားပါမည်။
- မြေဆီလွှာ၏ Background Value များ ဤအစီရင်ခံစာတွင် ပါရှိပြီးဖြစ်ပါသည်။ သတ္တုတွင်းပိတ်သိမ်းချိန်တွင် ရှိသော မြေဆီလွှာအရည်အသွေးနှင့် တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်ပါက ကျွမ်းကျင်သော ပညာရှင်များဖြင့် ပြန်လည်ပြုပြင်ပေးသွားမည် ဖြစ်ပါသည်။ ထို့ထက်ပို လိုအပ်ပါက မြေဆီလွှာအစားထိုးပေးခြင်းများ ပြုလုပ်ပေးသွားပါမည်။
- သတ္တုတွင်းပိတ်သိမ်းချိန်တွင် ဆောက်လုပ်ထားသော အဆောက်အဦအား ဖျက်သိမ်းသယ်ယူခြင်း၊ ယာဉ် စက်ယန္တယားများအား အခြားစီမံကိန်းသို့ ပြောင်းရွှေ့ခြင်း၊ လူ့အသုံးအဆောင်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းများအား တွင်းတူး၍မြှုပ်ခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ပါမည်။ ထို့နောက် ၎င်းဇရိယာအား သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ပေးပါမည်။ လိုအပ်သောနေရာများတွင် သစ်ပင်စိုက်ပျိုးခြင်းများ ပြန်လည်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။
- လုပ်ကွက်ဇရိယာအတွင်း ယာယီဖောက်လုပ်ထားသော လမ်းများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မြေဖို့ခြင်းများ ပြုလုပ်ပေးသွားပါမည်။
- သတ္တုတွင်းပိတ်သိမ်းချိန်တွင် ခန့်ထားသော ဝန်ထမ်းများအား ဆက်လက်လုပ်ကိုင်လိုပါက မိမိတို့၏ အခြားလုပ်ငန်းခွင်သို့ ဆက်လက်အသုံးပြုခြင်း (သို့) ဒေသတွင်းရှိ အ

ခြားထုတ်လုပ်ရေး လုပ်ငန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်စေရန် ကူညီပေးသွားပါမည်။ ၎င်းတို့၏ မိရိုးဖလာ လုပ်ငန်းများအား ပြန်လည်လုပ်ကိုင်လိုပါကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားပါမည်။

- သတ္တုတွင်းပိတ်သိမ်းပြီး ပြုပြင်ထိန်းသိမ်းထားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများအား ပိတ်သိမ်းပြီးကာလ (၅) နှစ်အထိ ရန်ပုံငွေထား၍ ဤအစီရင်ခံစာ၏ နောက်ပိုင်းတွင် ဖော်ပြထားသည့် အဖွဲ့များဖြင့် စောင့်ကြည့် ဆောင်ရွက်ပေးသွားပါမည်။
- စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့သည် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို (၆) လ တစ်ကြိမ် အစီရင်ခံစာတစ်စောင် ရေးသား၍ သစ်ပင်၊ ရေ၊ လေ၊ မြေထု အခြေအနေများကို ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြသွားပါမည်။ ချမှတ်လာသော လမ်းညွှန်မှုများကိုလည်း လိုက်နာပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၉.၂။ သစ်ပင်များ ပြန်လည်စိုက်ပျိုးမည့်အစီအစဉ်

(က) ခေါင်လံဖူးမြို့နယ်၊ သစ်တောဦးစီးဌာန၏ အကြံဉာဏ်နှင့် လမ်းညွှန်မှုရယူပြီး ခွင့်ပြုမိန့်ရပါက စတင်ပျိုးထောင် စိုက်ပျိုးပါမည်။

(ခ) ကျောက်ထင်းရူး၊ ထင်းရူးနှင့် ဆာကော်သီးပင် (နှစ်ရှည်သီးပင်-ဟင်းခတ်အမွှေးအကြိုင်) များကို အကွက်ချ၍ စနစ်တကျ စိုက်ပျိုးပါမည်။

(ဂ) အပင်များ ရှင်သန်ကြီးထွားစေရန်အတွက် သစ်ပင်အကြောင်းနားလည်သော ဒေသခံတစ်ဦးအား ခန့်ထားပါမည်။

(ဃ) စိုက်ပျိုးထားသည့် ပျိုးပင်သစ်ပင်များအား ရှင်သန်ကြီးထွားစေရန် ရေလောင်းခြင်း၊ ပေါင်းနုတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ပါမည်။

(င) နွေစားအလုပ်သမားမှ ပျိုးခင်း၊ သစ်ပင်များ မပျက်စီးစေရန် နွေစဉ် စောင့်ကြပ်စစ်ဆေးခြင်း၊ ဖာထေးစိုက်ပျိုးခြင်းနှင့် အခြားလိုအပ်ချက်များ စောင့်ကြပ်ကြည့်ရှုပါမည်။

(စ) ခန့်ထားသော နွေစားလုပ်သားအား လိုအပ်သော ကူညီပံ့ပိုးမှုများ၊ အုပ်ချုပ်ရေးကိစ္စရပ်များ၊ စားဝတ်နေရေး ကိစ္စရပ်များအား ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(ဆ) ပျိုးခင်းမှ ပျိုးပင်များ အရွယ်ရောက်လာပါက လုပ်ကွက်အတွင်း အကွက်ချ၍ စိုက်ပျိုးစောင့်ကြပ် ကြည့်ရှုစစ်ဆေးခြင်းဖြင့် သစ်ပင်များ ရှင်သန်ကြီးထွားအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ခဲသတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် ပျက်စီးသွားသည့် လုပ်ကွက်နေရာတွင် ပြန်လည်စိုက်ပျိုးမည့် ခန့်မှန်းဧကမှာ (၂) ဧကခန့်ဖြစ်ပြီး စိုက်ပျိုးမည့် သစ်ပင်အမျိုးအစားများမှာ ကျောက်ထင်းရူး၊ ထင်းရူးနှင့် ဆာကော်သီးပင်တို့ ဖြစ်ပါသည်။

စိုက်ပျိုးမည့် အပင်အရေအတွက်မှာ ကျောက်ထင်းရူး (၂၀၀) ပင်၊ ထင်းရူး (၃၀၀) ပင်၊ ဆာကော်သီးပင် (၂၀၀) ပင်ဖြစ်ပြီး စုစုပေါင်း သစ်ပင် (၇၀၀) ပင်ခန့် ဖြစ်ပါသည်။

ၚင်းစိုက်ပျိုးမည့် သစ်ပင်များ သေဆုံးပျက်စီးမှုရှိပါက စစ်ဆေးပြီး အစားထိုးပြန်လည်ဖြည့်စွက် စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

စီမံကိန်းစလျှင် သစ်တောသစ်ပင်များ ပျိုးထောင်ပြီး အပင်များ အမြင့် (၂) ပေ အရွယ်ရောက်ပါက ပထမနှစ်တွင် အပင် (၅၀)၊ ဒုတိယနှစ်မှ သတ္တမနှစ်အထိ တစ်နှစ်လျှင် သစ်ပင် (၁၀၀) နှုန်းဖြင့် စုစုပေါင်း အပင် (၇၀၀) စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

သစ်ပင်များ ရှင်သန်ကြီးထွားသည်အထိ စိုက်ပျိုးသွားမည် ဖြစ်ပါသည်။

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်စီမံချက်ဇယား

စဉ်	ဆောင်ရွက်မည့်လုပ်ငန်း	သတ္တုတွင်းပိတ်သိမ်းရန် စီမံဆောင်ရွက်မည့် လုပ်ငန်းများ			မှတ်ချက်
		ပိတ်သိမ်းမှု အကြိုကာလ	ပိတ်သိမ်းမည့် ကာလ	ပိတ်သိမ်းပြီး ကာလ	
၁	ဘူမိ-ဓါတုဆိုင်ရာ အချက်အလက်များ လေ့လာခြင်း (က) အပေါ်ယံစွန့်ပစ်မြေစာ၏ ဘူမိဓါတုဆိုင်ရာ အချက်အလက်များ (ခ) လုပ်ကွက်အနီး ချောင်းရေ အရည်အသွေး (ဂ)မြေအောက်ရေ၊ စိမ့်ထွက်ရေ အရည်အသွေး (ဃ) မိုးကာလ လုပ်ကွက်အတွင်း လုပ်ငန်းဆောင်ရွက်သည့် မြေနေရာများအား ဖြတ်သန်းစီးဆင်းသည့် ရေ အရည်အသွေး	✔	✔	✔	
၂	ခဲသတ္တုကြောသို့ ရောက်ရှိစေရန် တူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများအား စနစ်တကျ စုပုံခြင်း၊ မြေစာပုံပတ်လည်တွင် မြောင်းများတူးဖော်ခြင်း၊ ပြိုကျခြင်း မရှိစေရေး လျှောစောက်များ ပြုလုပ်ထားခြင်း	✔	✔		

၃	သတ္တုတူးဖော်စဉ် ထွက်ရှိသော စွန့်ပစ်မြေစာများအား တူးဖော်ပြီးခေါင်းသားများအတွင်း ရှေ့စားနောက်ပစ် စနစ်ဖြင့် Back filling ပြုလုပ်ခြင်း၊	✔	✔		
၄	မြေအောက်စိမ့်ထွက်ရေများအား အနည်ထိုင်ကန်များအတွင်း စေလွှတ်၍ ရေကြည်အား အစားထိုးစိုက်ခင်း ရေလောင်းရန်နှင့် လမ်းများတွင် ရေဖြန်းရန် အသုံးပြုခြင်း	✔	✔	✔	
၅	အသုံးမပြုသော မြေနေရာများမှ သဘာဝသစ်တောများအား ထိန်းသိမ်းခြင်း	✔	✔	✔	
၆	မိုင်းပိတ်သိမ်းချိန်တွင် လုပ်ငန်းပိုင်းဆိုင်ရာ အဆောက်အဦများအား ဖျက်သိမ်းခြင်း		✔		
၇	အသုံးပြုပြီး မြေနေရာများအား သင့်လျော်သော မြေယာအသုံးချမှု ပြုလုပ်နိုင်ရေး အတွက် စီမံဆောင်ရွက်ခြင်း		✔	✔	
၈	အသုံးချနေသည့် မြေနေရာများအတွက် အပင်များ အစားထိုးစိုက်ပျိုးခြင်း	✔	✔	✔	
၉	ဖုန်မှုန့်ပျံ့လွင့်မှု တိုင်းတာစစ်ဆေးခြင်း	✔	✔	✔	
၁၀	လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း	✔	✔	✔	
၁၁	မြေထုအရည်အသွေးများ တိုင်းတာစစ်ဆေးခြင်း	✔	✔	✔	
၁၂	ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း	✔	✔	✔	
၁၃	သတ္တုတွင်းပိတ်သိမ်းမည့် လုပ်ငန်းအဆင့်ဆင့်အလိုက် ခန့်မှန်းကုန်ကျစရိတ်များ စိစစ်တွက်ချက်ထားမှု ရန်ပုံငွေလျာထားမှု		✔	✔	

Mine Closure Plan လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေခွဲဝေလျာထားချက်

စဉ်	လုပ်ငန်းစဉ်များ	ဆောင်ရွက်မည့်နည်းလမ်း	စစ်ဆေးကြည့်ကြပ်မှုများ		ရန်ပုံငွေ
			Parameter	အကြိမ်ရေ	
၁	အစီအစဉ်ရေးဆွဲခြင်း	ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဆောင်ရွက်မည်။			
၂	လိုဏ်ဂူများ၊ ကျင်းများ မြေပြန်ဖို့မည့်အစီအစဉ်၊ အနည်ထိုင်ကန်များ မြေပြန်ဖို့မည့်အစီအစဉ်၊ မြေထုအရည်သွေးစစ်ဆေးခြင်း	Tailing များ ၊ အပေါ်ယံမြေဆီလွှာများနှင့် သတ္တုတူးရာမှ ထွက်လာသော ကျောက်စကျောက်နများအား လိုဏ်ဂူများ၊ ကျင်းများတွင် ပြန်လည်ဖို့ပါမည်။ Top Soil များနှင့် Tailing များကို Dumping Site များမှ ယူပြီး မြေသားများဖြန့်ခင်းပြီး သစ်တောသစ်ပင်များ စိုက်ပျိုးပါမည်။ မြေထုအရည်အသွေး စစ်ဆေးပါမည်။	SiO_2, Fe_2O_3, Al_2O_3, Pb, Cu, Zn	(၆) လ (၁) ကြိမ်	၄၀၀,၀၀၀ ကျပ်
၃	လေအရည်အသွေးစစ်ဆေးမည့်အစီအစဉ်	မိုင်းပိတ်သိမ်းပြီး လေထုအရည်အသွေး အမှန်သိရန်နှင့် ပြုပြင်ရန် လေထုကို တိုင်းတာပါမည်။ HAZ Scanner Model EPAS စက်ဖြင့် တိုင်းတာစစ်ဆေးပါမည်။	CO, NO, NO_2, SO_2, PM_{10}, $PM_{2.5}$, RH%	(၆) လ (၁) ကြိမ်	၄၀၀,၀၀၀ ကျပ်
၄	မြေပေါ်ရေ/ မြေအောက်ရေအရည်အသွေး	မြေပေါ်ရေ၊ မြေအောက်ရေများ စနစ်တကျ ရယူပြီး ISO လက်မှတ်ရ ဓါတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးပါမည်။	pH, Total Hardness, Iron, Chloride, Sulphate, Total Solid, Dissolved Solids, Manganese, Fluoride, Lead, Cyanide, Zinc, Copper	(၆) လ (၁) ကြိမ်	၄၀၀,၀၀၀ ကျပ်
၅	စွန့်ပစ်ပစ္စည်းများ စစ်ဆေးမှုအစီအစဉ် - အစိုင်အခဲ - အရည် - - အခိုးအငွေ့(ဓါတ်ငွေ့)	 -စွန့်ပစ်အစိုင်အခဲ နမူနာယူ၍ ဓါတ်ခွဲရန် -စွန့်ပစ်ရေနမူနာယူ၍ ဓါတ်ခွဲရန် -စွန့်ပစ်အခိုးအငွေ့၊ လေထုတိုင်းတာရန်	 -SiO_2, Fe_2O_3, Al_2O_3, Pb, Cu, Zn -pH, Total Dissolved, Solids, MnO_2, CaF_2, Pb, CN, Zn, Cu -CO, NO, NO_2, SO_2, PM_{10}, $PM_{2.5}$,RH%	(၆) လ (၁) ကြိမ်	 ၈၀၀,၀၀၀ ကျပ်
၆	ပြန်လည်ထူထောင်ရေးအစီအစဉ်	သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ Natural Eco System တစ်ခုတည်ထောင်ခြင်း	ကျောက်ထင်းရှူး၊ ထင်းရှူးပင်များ၊ ဆာကော်သီးပင်များ စိုက်ပျိုးခြင်း		၂,၀၀၀,၀၀၀ ကျပ်

မိုင်းပိတ်သိမ်းခြင်း (Mine Closure Plan) လုပ်ငန်းစဉ်များအတွက် ငွေကျပ် (၄,၀၀၀,၀၀၀) (သိန်းလေးဆယ်) ကျပ် သုံးစွဲပါမည်။ လိုအပ်ပါက ထပ်မံထည့်ဝင်သုံးစွဲသွားပါမည်။

အခန်း (၁၀)

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

လပြည့်ဝန်ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဒါလန်ကျေးရွာအုပ်စု၊ ဒါဘန်-နန်းကြိန်ဒေသရှိ ခဲနှင့်ရောရာသတ္တု လုပ်ကွက် (၃) တွင် ခဲသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် ဆက်စပ်သက်ရောက်မှုများ လျော့နည်းပပျောက်စေရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုအဖွဲ့၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အဖွဲ့၊ ခဲသတ္တုမိုင်းပိတ်သိမ်းရေးအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များကို အကြိုတည်ဆောက်ခြင်းနှင့် တည်ဆောက်ခြင်းကာလ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ ခဲသတ္တုမိုင်း ပိတ်သိမ်းသည့်ကာလနှင့် မိုင်းပိတ်သိမ်းပြီး စောင့်ကြပ်ကြည့်ရှုမည့်ကာလများတွင် စီမံဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀.၁။ အကြိုတည်ဆောက်ခြင်းနှင့် တည်ဆောက်ခြင်းကာလ

အကြိုတည်ဆောက်ခြင်းနှင့် တည်ဆောက်ရေးကာလတွင် ဆောင်ရွက်မည့်လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ တည်ဆောက်ရေးကာလတွင် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်စေနိုင်သည့် အချက်များမှာ သစ်တောသစ်ပင် ဆုံးရှုံးခြင်း၊ မြေဆီလွှာဆုံးရှုံးခြင်း၊ ဂေဟစနစ်ဖြစ်ထွန်းမှု ထိခိုက်စေနိုင်ခြင်း၊ ဆူညံသံများ ဖြစ်ပေါ်ခြင်း စသည့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များအဖြစ် မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရန်နှင့် သစ်တောသစ်ပင်ပြုန်းတီးမှု အနည်းဆုံးဖြစ်စေရန် လုပ်ကွက်သို့ ဝင်ရောက်မည့်လမ်းနှင့် သယ်ယူမည့်လမ်းများ ဖောက်ရာတွင် ယခင်သစ်ထုတ်လုပ်ရေးလမ်းများအား ကျောက်ခင်းခြင်း၊ လမ်းပြုပြင်ခြင်းများ ပြုလုပ်အသုံးပြုမည်ဖြစ်ပါသည်။ သတ္တုသယ်ယူမည့် လမ်းဘေးတွင် ကျေးရွာများ မရှိသော နေရာများအား အသုံးပြုပါမည်။ အဆောက်အဦ တည်ဆောက်ရာတွင်လည်း လုပ်ကွက်အတွင်း မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ကွက်အတွင်း အုပ်ချုပ်မှုရုံး၊ ဝန်ထမ်းဆောင်၊ စားဖိုဆောင်၊ စတိုး၊ စက်ပြင်စသည့်ဖြင့် မရှိမဖြစ် အဆောက်အဦများသာ ဆောက်လုပ်ပါမည်။ သတ္တုသယ်ယူသည့် ကားများအား ဆူညံသံ၊ မီးခိုးများ

ထွက်ရှိမှု အနည်းဆုံးဖြစ်စေရေးအတွက် ယာဉ်ကြုံခိုင်မှုများ ပုံမှန်ဆောင်ရွက်မည် ဖြစ်ပါသည်။ ယာဉ်အန္တရာယ်ဖြစ်ပေါ်မှု မရှိစေရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများ အသုံးပြုရန် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ ထို့အတူ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ဒေသဖွံ့ဖြိုးရေးကိစ္စများ စီမံဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းလုပ်ငန်းများတွင် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၁၀.၂။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်ကာလတွင် ဆောင်ရွက်သည့် လုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်စေနိုင်သည့် အချက်များမှာ မြေယာအသုံးချမှုများကြောင့် သစ်တောသစ်ပင် ပြုန်းတီးခြင်း၊ မြေဆီလွှာဆုံးရှုံးခြင်း၊ ခဲသတ္တုတူးဖော်မှု လုပ်ငန်းများကြောင့် ဆူညံသံများ ဖြစ်ပေါ်စေနိုင်ခြင်း၊ စွန့်ပစ်မြေစာများ ထွက်ရှိ၍ မြေဆီလွှာညစ်ညမ်းစေနိုင်ခြင်း၊ မြေစာပုံများ တိုက်စား၍ နုန်းအနည်အနှစ်များ ထွက်ရှိပြီး ရေစီးရေလာ ပိတ်ဆို့စေနိုင်ခြင်း၊ စွန့်ပစ်ရေများကြောင့် မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းစေနိုင်ခြင်း၊ ခဲသတ္တုသယ်ပို့သည့် လမ်းကြောင်းမှ ဖုန်မှုန့်များပျံ့လွင့်၍ လေထုညစ်ညမ်းစေနိုင်ခြင်း၊ ယာဉ်အန္တရာယ် ဖြစ်ပေါ်စေနိုင်ခြင်း စသည်ဖြင့် ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ဆက်စပ်သက်ရောက်မှုများ ရှိနိုင်ပါသည်။ ဒါဘန်ဒေသ ခဲသတ္တုလုပ်ကွက်ဝန်းကျင်တွင် ကျေးရွာများမရှိခြင်း၊ ခဲသတ္တုသယ်ပို့သည့် လမ်းကြောင်းတွင် ကျေးရွာများအား ထိခိုက်မှုမရှိအောင် စီမံခြင်း၊ လုပ်ကွက်အတွင်း မြေအောက်တူးဖော်မှုနည်းစနစ်ကို အသုံးပြုဆောင်ရွက်ခြင်း၊ စွန့်ပစ်မြေစာများမှာ မြေဆီလွှာ၊ မြေပေါ်ရေ၊ မြေအောက်ရေ ညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သော သတ္တုဓါတ်များမပါရှိခြင်း၊ စွန့်ပစ်မြေစာများအား ကျင်းများအနီး နေရာသတ်မှတ်၍ စနစ်တကျစုပုံခြင်း၊ မိုးရေတိုက်စား၍ နုန်းအနည်အနှစ်များ ပျံ့လွင့်မှုမရှိစေရန် မြောင်းများတူးဖော်ခြင်း၊ မြေအောက်စိမ့်ထွက်ရေများအား တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ အနည်ထိုင်ကန်များတည်ဆောက်၍ ဖုန်မှုန့်များပျံ့လွင့်မှု နည်းပါးစေရေးအတွက် ရေဖြန်းခြင်းနှင့် အစားထိုးစိုက်ပင်များရေလောင်းရာတွင် အသုံးပြုခြင်း၊ ထွက်ရှိသော ခဲသတ္တုများအား စုပုံကွင်းတွင် အမြင့်သတ်မှတ် စုပုံစေခြင်း၊ မြေအောက်လေ ပြတ်တောက်မှု မရှိစေရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကာကွယ်ရေး၊ အရေးပေါ်စောင့်ရှောက်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း စသည်ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်မည် ဖြစ်ပါသည်။

ဒါဘန်-နန်းကြိန်ဒေသ၊ ခဲသတ္တုလုပ်ကွက် (၃) တွင် ခဲပါဝင်မှု 20.52% Pb ပါဝင်သော သတ္တုရိုင်းတန်ချိန် (၂၆၀၁၀) တန်ခန့် ရှိပြီး မြေအောက်တူးဖော်မှုစနစ်ကို အသုံးပြု၍ လိုဏ်ဂူဖောက်ပြီး

တူးဖော်မည် ဖြစ်ပါသည်။ သတ္တုကြောသို့ ရောက်ရှိပါက သတ္တုကြောလားရာအတိုင်း မျက်နှာပြင် (၂) ခုဖွင့် ၍ တူးဖော်မည်ဖြစ်ပါသည်။ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများမှာ ကျောက်စကျောက်နများ၊ စွန့်ပစ်မြေစာများ ဖြစ်ပါသည်။ လိုဏ်ဂူဖောက်၍ တူးဖော်မည်ဖြစ်၍ လိုဏ်ဂူများမှ မြေအောက်စိမ့်ထွက်ရေ ထွက်ရှိနိုင်မှု နည်းပါးမည်ဖြစ်ပါသည်။ လုပ်ကွက်အတွင်း တည်ဆောက်မည့် အဆောက်အဦများနှင့် စွန့်ပစ်မြေစာပုံ၊ စွန့်ပစ်ရေအနည်ထိုင်ကန်တို့မှာ ကြီးကြပ်ရေးဆောင် (16'x12') (၁) လုံး၊ ဝန်ထမ်း အိပ်ဆောင် (24'x12') (၂) ဆောင်၊ စားဖိုဆောင် (20'x20') (၁) ဆောင်၊ အရာရှိဆောင် (18'x12') (၁) ဆောင်၊ စွန့်ပစ်မြေစာပုံ (300'x150'x10') (၁) နေရာ၊ စွန့်ပစ်ရေအနည်ထိုင်ကန် (12'x12'x5') (၃) ကန် တို့ ဖြစ်ပါသည်။ လုပ်ကွက်အတွင်း ဖောက်လုပ်ထားသည့် လမ်းအကျယ်မှာ (၁၂) ပေ ဖြစ်ပြီး (၆၀၀) ပေ အရှည်ခန့် ဖောက်လုပ်ထားခြင်း ဖြစ်ပါသည်။ ခဲသတ္တုတူးဖော်စဉ်ကာလတွင် ထွက်ရှိသည့် စွန့်ပစ်မြေစာပမာဏမှာ တစ်ရက်လျှင် (၂၀) တန်ခန့် ထွက်ရှိမည်ဖြစ်ပြီး သတ္တုတူးဖော်ပြီး ခေါင်းသားများအတွင်း ရှေ့စားနောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့မည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းချိန်တွင် ခဲသတ္တုကြောသို့ ရောက်ရှိရန်တူးဖော်စဉ် ထွက်ရှိသည့် စွန့်ပစ်မြေစာများအား ပင်မဆင်းတွင်းအတွင်း ပြန်လည်ဖို့မည် ဖြစ်ပါသည်။ စွန့်ပစ်မြေစာထွက်ရှိမှုမှာ တစ်ရက်လျှင် (၂၀) တန်ခန့် ဖြစ်ပါသည်။

၁၀.၃။ လုပ်ငန်းရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်း

ခဲသတ္တုတူးဖော်မှုလုပ်ငန်းများ ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းလုပ်ငန်းများအား ခဲသတ္တုသိုက် ကုန်ဆုံးသည့်အခါတွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်သည့်စရိတ်များ ကြီးမြင့်လာပြီး သတ္တုတူးဖော်မှုလုပ်ငန်းအား စီးပွားဖြစ် မဆောင်ရွက်နိုင်သည့် အခြေအနေတွင်လည်းကောင်း၊ ခဲသတ္တု တူးဖော်မှုလုပ်ငန်းများ ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ မဆောင်ရွက်မီ (၆) လအလိုတွင် မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာအား ဝန်ကြီးဌာနသို့ တင်ပြ၍ အတည်ပြုချက်ရယူ ဆောင်ရွက်မည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုင်းပိတ်သိမ်းခြင်းမပြုမီ အကြိုကာလ၊ မိုင်းပိတ်သိမ်းသည့်ကာလနှင့် ပိတ်သိမ်းပြီးကာလ စသည်ဖြင့် အချိန်ကာလများ ပိုင်းခြားသတ်မှတ်၍ စီမံဆောင်ရွက်မည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းမပြုမီ အကြိုကာလတွင် ဆောင်ရွက်မည့်လုပ်ငန်းများမှာ သတ္တုတူးဖော်ရာမှ ထွက်ရှိသော စွန့်ပစ်မြေစာများ တိုက်စားပြိုကျ၍ မြေဆီလွှာညစ်ညမ်းစေခြင်း၊ လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသတွင် နုန်းအနည်အနှစ်များ တိုက်စား၍ ရေစီးရေလာပိတ်ဆို့စေခြင်းတို့ မဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ခြင်း၊ လိုဏ်ဂူများမှ မြေအောက်ရေများ ထွက်ရှိပါက မြေအောက်ရေများကြောင့် မြေပေါ်ရေ၊ မြေအောက်ရေများ ညစ်ညမ်းမှုမရှိစေရန် စီမံဆောင်ရွက်ခြင်း၊ ခဲသတ္တု

တူးဖော်စဉ်ကာလ ထွက်ရှိသည့် စွန့်ပစ်မြေစာများအား တူးဖော်ပြီးခေါင်းသားများအတွင်း ရှေ့စား နောက်ပစ်စနစ်ဖြင့် ပြန်လည်ဖို့ခြင်း၊ မြေအောက်ရေ စိမ့်ထွက်ခြင်းမရှိစေရန် ဆောင်ရွက်ခြင်း၊ သစ်တောသစ်ပင်ပြုန်းတီးခြင်း၊ ဂေဟစနစ်ဖြစ်ထွန်းမှု လျော့နည်းခြင်းတို့ မဖြစ်ပေါ်စေရန် မြေယာအသုံးပြုမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ မြေအောက်လေပြတ်တောက်မှု မရှိစေရေး၊ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး၊ အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် စီမံဆောင်ရွက်မည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းသည့်ကာလတွင် ပြင်ပတွင် စုပုံထားသော စွန့်ပစ်မြေစာများအား ပင်မဆင်းတွင်းများအတွင်း ပြန်လည်ဖို့ခြင်း၊ လုပ်ကွက်အတွင်း တူးဖော်ထားသော ခဲသတ္တုလက်ကျန် မရှိစေရေးအတွက် သယ်ပို့ခြင်း၊ စွန့်ပစ်ရေအနည်ထိုင်ကန်မှ စွန့်ပစ်ရေ အရည်အသွေးအား ခါတ်ခွဲစမ်းသပ်ခြင်း၊ စွန့်ပစ်ရေများအား အစားထိုးစိုက်ခင်းများ ရေလောင်းရန် အသုံးပြုခြင်း၊ စွန့်ပစ်ရေအနည်ထိုင်ကန်များအား စွန့်ပစ်မြေစာများဖို့၍ မြေညှိမြေဆွေးဖုံးအုပ်ပြီး အစားထိုးအပင်များ စိုက်ပျိုးခြင်း၊ အသုံးချထားသော မြေနေရာများတွင် အစားထိုးဝင်ရောက် ပေါက်ရောက်နေသော အခြားမျိုးစိတ်မျိုးကွဲ အပင်များအား ရှင်းလင်းခြင်း၊ သင့်လျော်သော မြေယာအသုံးချမှုလုပ်ငန်းတစ်ရပ် ထူထောင်နိုင်သည်အထိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်း အစရှိသည့်လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းပြီးကာလတွင် လုပ်ကွက်အတွင်းနှင့် ဆက်စပ်ဒေသရှိ မြေပေါ်ရေ၊ မြေအောက်ရေ အရည်အသွေးများအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း၊ အစားထိုးစိုက်ပျိုးထားသော အပင်များအား ရှင်သန်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ဒေသခံအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ ထူထောင်ရေးလုပ်ငန်းများ၊ ဆောင်ရွက်မည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်မည်ဖြစ်ပြီး အသုံးပြုထားသော မြေနေရာအား ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျပ်သိန်း (၅၀) ရန်ပုံငွေ လျာထားသတ်မှတ် သုံးစွဲမည်ဖြစ်ပါသည်။ အမှန်တကယ်ဆောင်ရွက်သည့်အခါ လုံလောက်မှု မရှိပါက ကုမ္ပဏီမှ လိုအပ်သလို ထပ်မံဖြည့်တင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အထွေထွေမန်နေဂျာ၊ လုပ်ကွက်တာဝန်ခံ မန်နေဂျာ၊ တူးဖော်ရေး အင်ဂျင်နီယာများ ပါဝင်သော မိုင်းပိတ်သိမ်းရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဒါဘန်ဒေသ ခဲသတ္တုလုပ်ကွက်တွင် မိုင်းပိတ်သိမ်းမည့် အစီအမံများနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များအဖြစ် အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၀.၃.၁။ အပေါ်ယံမြေဆီလွှာများ စုပုံထားရှိမည့်အစီအစဉ်

လုပ်ကွက်အတွင်း တည်ဆောက်မည့် အဆောက်အဦ၊ လမ်း၊ စွန့်ပစ်မြေစာပုံ၊ စွန့်ပစ်ရေ အနည်ထိုင်ကန်များအတွက် မြေနေရာရှင်းလင်းရာမှ ထွက်ရှိသော မြေဆီလွှာများအား သီးခြားစုပုံထားမည်ဖြစ်ပြီး အစားထိုးစိုက်ပျိုးခြင်း လုပ်ငန်းများတွင် ပြန်လည်အသုံးပြုမည် ဖြစ်ပါသည်။

၁၀.၃.၂။ စွန့်ပစ်မြေစာပုံများ စုပုံထားရှိမည့်အစီအစဉ်

